ရန်ကုန်မြို့ သာသနာ့ရိပ်သာ

# မဟာစည်

ပဋိပတ္တိ သာသနာ

# ငွေရတုသဘင်စာစောင်



ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့

သာသနာ့ရိပ်သာ

မဟာစည်ပရိယတ္တိသာသနာ

# ငွေရတုသဘင်စာစောင်

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်

၁၆၊ ဟာမစ်တိတ် သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

No A

| | |
|---|---|
| ပဉ္စမအကြိမ် | ရိုက်နှိပ်ခြင်း |
| သာသနာနှစ် | ၂၅၁၈·ခု |
| ကောဇာနှစ် | ၁၃၃၆·ခု |
| ခရစ်နှစ် | ၁၉၇၄·ခု |
| အုပ်ရေ | ၅၀၀၀ |

Printed in the Socialist Republic of the Union of Burma
by the Kyawwinswe Printing Press, Rangoon.

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့်
အမှတ်· ၇၆၄၅၊ ၇၆၄၅ (က)၊ ၇၆၄၅ (ခ)။

၂၉၄.၃၀၉
မ၁.
တပိဋက
ဒင-၂
ကျ-၂၁.

ထုတ်ဝေသူ—ဦးလေးမောင်
မှတ်ပုံတင် ကင်းလွတ်ခွင့် အမှတ်· ၀၂၆၉၇
၁၆၊ သာသနာ့ရိပ်သာ ဟာမစ်တိတ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ—ဒေါ်မြရီ
ကျော်ဝင်းဆွေပုံနှိပ်တိုက် (၀၁၄၁၃)
၁၃၊ ၉၀· လမ်း၊ ရန်ကုန်မြို့။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ · | မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း | ၁ |
| ၂ · | ဆရာတော်ဘုရားကြီး၏ နည်းဥပနိဿယခံ ပုဂ္ဂလဝိသေသ ဆရာတော်များ | ၄ |
| ၃ · | မဟာစည် ပဋိပတ္တိသာသနာဆိုင်ရာ နာယကအဖွဲ့ | ၅ |
| ၄ · | မဟာစည် ပဋိပတ္တိသာသနာဆိုင်ရာ ဓမ္မကထိကအဖွဲ့ | ၆ |
| ၅ · | ဆရာတော်ဘုရားကြီး သာသနာပြုခဲ့ပုံ | ၈ |
| ၆ · | ထင်ရှားသော နိုင်ငံခြား ယောဂီကြီးများ | ၁၁ |
| ၇ · | ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | ၁၄ |
| ၈ · | မဟာစည် ထေရထောမနာ ပူဇာ ဂါထာများ | ၂၀ |
| ၉ · | ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် အစီရင်ခံစာ | ၂၄ |
| ၁၀ · | တိပိဋကစရေ ရွေးချယ်ပွဲ | ၂၆ |
| ၁၁ · | ကမ္မဋ္ဌာန်းဌာန | ၂၈ |
| ၁၂ · | ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲ | ၃၂ |
| ၁၃ · | အောက်ဆွမ်းစားကျောင်း | ၃၅ |
| ၁၄ · | သာသနာ့ရိပ်သာ အဆောက်အဦများ | ၄၇ |
| ၁၅ · | ငွေရတုသဘင် ကျင်းပရခြင်း အကြောင်း | ၅၃ |
| ၁၆ · | ဆာဦးသွင် အိမ်ထောင်စု ရန်ပုံငွေ | ၆၂ |
| ၁၇ · | ပဋိပတ္တိသာသနာပြု မဟာစည် ရန်ပုံငွေ | ၆၄ |
| ၁၈ · | ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ( ၂၇ ) နှစ်အတွင်း ဆောင်ရွက်ခဲ့ကြသော အမှုဆောင် ပုဂ္ဂိုလ်များ | ၇၂ |
| ၁၉ · | ငွေစာရင်းစစ် အစီရင်ခံစာ | ၇၆ |
| ၂၀ · | ကမ္မဋ္ဌာန်းဌာနများ နှင့် ယောဂီများစာရင်း | ၈၉ |
| ၂၁ · | ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ | ၁၀၀ |
| ၂၂ · | ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ နည်းဥပဒေများ | ၁၀၆ |

ရန်ကုန်မြို့ သာသနာ့ရိပ်သာ

ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ မဟာနာယက ဩဝါဒါစရိယ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိအကျဉ်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ ခမည်းတော် ဦးကံထော် မယ်တော်ဒေါ်အုပ်တို့မှ ၁၂၆၆ -ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ( ၃ )ရက် သောကြာနေ့ နံနက် ( ၃ ) နာရီ အချိန်၌ ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

အသက် ( ၆ ) နှစ်သား အရွယ်တော်မှ စ၍ ( ၁၂ ) နှစ်သား အရွယ်တော် တိုင်အောင် ဆိပ်ခွန်ရွာ ပျဉ်းမနားကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စ ထံတော်၌ သူငယ်တို့ တတ်သင့်ရာ ပညာ များကို သင်ယူ၍၊ ( ၁၂ )နှစ် အရွယ်၌ ယင်းဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ ပြုကာ ရဟန်း ရှင် လူ ခပ်သိမ်းသူတို့အား တင့်တယ်ကောင်းမြတ်ခြင်းသို့ ရောက်စေနိုင်မည့် အနွတ္ထ ဂုဏ်ဟိတ်ကို ဆောင်ကာ 'ရှင်သောဘန' ဟူသော ဘွဲ့မည်တော် နာမကို ရရှိခဲ့သည်။

သက်တော် ၂၀ - သို့ ရောက်သောအခါ မဟာဗိုလ်ဂိုဏ်းချုပ် သုမေဓာ ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်၊ အစိုးရ ပါဠိပညာရေးဌာနမှ ကျင်းပသော အငယ်တန်း အလတ်တန်း အကြီးတန်း စာမေးပွဲများကို နှစ်စဉ် နှစ်ချင်းစွဲ အောင် မြင်တော်မူသည်၊ ၁၃၀၃ - ခုနှစ်က ကျင်းပသော ဓမ္မာစရိယ စာချတန်း၌ ဂ ကျမ်း စွဲခဲ့သည်၊ ရဟန်းဝါ ၄ ဝါအရ၌ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်ကျောင်း၌ သီတင်းသုံးပြီးလျှင် ထင်ရှားသော စာချ ဆရာတော်ကြီးများထံ ထိုထို ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့သည်၊ ရဟန်း ၅ - ဝါ အရ၌ မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ကြွရောက်ပြီးလျှင် ပိဋကတ် စာပေ များကို တဆင့် ပို့ချပေးတော်မူသည်။

ရဟန်း‌ဝါ ၇ - ဝါ၌ ပဋိပတ္တိသာသနာပြုရန် ထက်သန်သော စိတ်ထားဖြင့် သထုံမြို့ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီးထံ ဝိပဿနာ သတိပဋ္ဌာန် တရားတော်ကို လက်တွေ့ ကျင့်ကြံ အားထုတ်တော်မူခဲ့ပါသည်၊ သီတင်းဝါလ ကပ်ရောက်ပြီးလျှင် တရားတော်ကို စွဲစွဲမြဲမြဲ အားထုတ်ရန် ရည်သန်ထားသော်လည်း တောင်ဝိုင်းကလေး တိုက်ကျောင်း ဆရာတော်ကြီး ဘဝ နတ်ထံ ပျံလွန်တော်မူသောကြောင့် မော်လမြိုင်သို့ ပြန်ကြွ၍ ပရိယတ္တိသာသနာတော်ကို တဖန် ပြုရပြန်ပါသည်။

ရဟန်း‌ဝါ ၁၄ - ဝါ အရ၌ မူလ ဇာတိရပ်မြေ ဖြစ်သော ဆိပ်ခွန်ရွာသို့ ပြန်ကြွ၍ ပဋိပတ္တိသာသနာတော်ကို ပြုစုသောအားဖြင့် လက်တွေ့ ကျင့်စဉ် သတိပဋ္ဌာန် လုပ်ငန်း တရား တော်မြတ်ကို စတင် ပြသတော်မူသည်၊ ဆရာတော်ဘုရား၏ လုပ်ငန်းစဉ်တို့သည် တိုးတက် အောင် မြင်မှု ရှိလာရာ ရန်ကုန် သာသနာ့ရိပ်သာကြီး မတည်ထောင်မီမှာ ပင်လျှင် မြန်မာပြည် အရပ်ရပ်

တို့၌ မဟာစည် ပဋိပတ္တိ ကမ္မဋ္ဌာန်း ဌာနခွဲပေါင်း ၃၀ ကျော်ခန့်မျှ ရှိနေပေပြီ၊ ပဋိပတ္တိ သာသနာတော်ကြီး ပြန့်ပွားရေးကို ရှေ့ရှုလျက် ဝိပဿနာဘက်ဆိုင်ရာ ကျမ်းစာများ အဖြစ် 'ဝိပဿနာရှုနည်းကျမ်း ပ · ဒု' 'မဟာသတိပဋ္ဌာနသုတ် အနက် အဓိပ္ပာယ် ကျမ်း' တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

ဇယန်း ၀၁ ၂၄ · ၀၁ အရ၌ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ကြီးက ပင့်လျှောက်သဖြင့် ရန်ကုန်နေပြည်တော် သာသနာ့ရိပ်သာကြီးသို့ ကြွရောက်တော်မူကာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်ကြီးကို ၂၅· နှစ်မြောက်သည့် ယနေ့တိုင်အောင် ဟောကြား ပြသတော်မူလျက် ရှိပါသည်။

၁၃၁၃ · ခုနှစ်၌ မြန်မာနိုင်ငံတော် အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လှူဒါန်းပူဇော်ခဲ့သည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသင်္ဂီတိဓမ္မပုစ္ဆက အဖြစ်ဖြင့်၎င်း, ဩသာနသောဓက အဖြစ်ဖြင့်၎င်း ပါဝင် ဆောင်ရွက်တော်မူသည်၊ ရေမြေရပ်ခြား နိုင်ငံခြားတိုင်းတပါးတို့သို့လည်း ကြွရောက်တော်မူ၍ ပဋိပတ္တိသာသနာတော်ကြီးကို စွမ်းစွမ်းတမံ ပြုစုတော်မူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ မဟာနာယက ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

အမှာစာ။ ။ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျယ်ကို 'မဟာစည် ပဋိပတ္တိသာသနာ့ဝင်ကျမ်းကြီး' ၌ ဖတ်ရှုနိုင်ပါသည်။

---

### ၁၃၃၆ · ခုနှစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌
### ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ အဖြစ်
## ဆောင်ရွက်တော်မူသော ဆရာတော်များ

၁ · ဝက်လက်မြို့ မစိုးရိမ် ဆရာတော် ဦးတိဿ ( အထူး ပင့်၍ ကြွရောက် သီတင်းသုံးပါသည်။ )

၂ · ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုဇာတ။

၃ · ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇဝန။

၄ · ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇနကာဘိဝံသ။



ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ

## ဆရာတော်ဘုရားကြီး နည်းဥပနိဿယခံ

# ပုဂ္ဂလဝိသေသ ဆရာတော်များ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်ပွားများ နည်းတို့ကို ဘုရားဟော ဒေသနာတော် အရပ်ရပ်နှင့် ညီညွတ်သည် ဟု သဘောကျ ဆုံးဖြတ်တော်မူကြပြီး လျှင် ကိုယ်တိုင် ကိုယ်ကျ ရှုမှတ်ပွားများ အားထုတ်တော်မူကြပြီးသော 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော်ကြီးများ နှင့် ပိဋကဓရ ဆရာတော်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ

၁ · ရွှေစေတီဆရာတော်ဘုရားကြီး (အဂ္ဂမဟာပဏ္ဍိတ) အရှင်သုန္ဒရမဟာထေရ်၊ ရွှေစေတီ သာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့။

၂ · အောင်မြေဘုံစံဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) အရှင်ဉာဏုတ္တရ မဟာထေရ်၊ ဇမ္ဗူဒီပ ကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

၃ · ကိုးဆောင်တိုက် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) အရှင်သောဘိတ မဟာထေရ်၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

### ဘာဏက ကောဝိဒ ဆရာတော်များ

| | | |
|---|---|---|
| ၁ · ဦးပညာသာရ | ( ဝိနယဓရ ) | ကမ္ဘာအေး၊ ရန်ကုန်မြို့။ |
| ၂ · ဦးသုဇန | ( ဝိနယဓရ ကောဝိဒ ) | မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ |
| ၃ · ဦးသိရိကုဏ္ဍလ | ( ဒီဃဘာဏက ကောဝိဒ ) | ဇောတိကာရုံတိုက်၊ ဒါးပိန်။ |
| ၄ · ဦးဝိမလ | ( ဒီဃဘာဏက ) | ပတ္တမြားတိုက်၊ မန္တလေး။ |
| ၅ · ဦးသုဇာတ | " | မဟာဝိသုတာရာမတိုက်၊ ညောင်ဦး။ |
| ၆ · ဦးဇောတိက | " | မြတောင်တိုက်၊ မန္တလေး။ |
| ၇ · ဦးပဏ္ဍိတ | " | ဘုရားကြီးတိုက်၊ ရန်ကုန်။ |
| ၈ · ဦးကောဏ္ဍည | " | မစိုးရိမ်တိုက်သစ်၊ မန္တလေး။ |
| ၉ · ဦးအ[illegible]ဝံသ | " | စိတ္တသုခ ပရိယတ္တိ စာသင်တိုက်၊ မိုးကုတ်။ |
| ၁၀ · ဦးကေလာသ | ( ဒီဃဘာဏက ကောဝိဒ ) | သာသနာ့ရိပ်သာ၊ ရန်ကုန်။ |
| ၁၁ · ဦးဇဝန | ( ဒီဃဘာဏက ) | မဟာဝိသုဒ္ဓါရာမတိုက်၊ ပခုက္ကူ။ |

## ရန်ကုန် သာသနာ့ရိပ်သာ၌ဆောင်ရွက်ခဲ့ကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ

| | | | |
|---|---|---|---|
| ၁ - | ဆရာတော် ဦးမုနိန္ဒ | ( ယခု ) | မိုးကုတ်မြို့။ |
| ၂ - | ဆရာကြီး | ။ | ဆိပ်ခွန်ရွာ၊ ရွှေဘိုမြို့။ |
| ၃ - | ဆရာတော် ဦးဝိစာရ | ။ | ဝါးခယ်မမြို့။ |
| ၄ - | ဆရာတော် ဦးအာသဘ | ။ | ယိုးဒယားနိုင်ငံ။ |
| ၅ - | ဆရာတော် ဦးနန္ဒဝံသ | ။ | ကော့မှူးအနီး၊ တောရကျောင်း။ |
| ၆ - | ဆရာတော် ဦးကောသလ္လ | ။ | မြောက်ဥက္ကလာပ မြို့သစ်။ |
| ၇ - | ဆရာတော် ဦးဝဏ္ဏိတ | ။ | ဖျာပုံမြို့။ |
| ၈ - | ဆရာတော် ဦးဝိဇယ | ။ | တောင်ကြီးမြို့။ |
| ၉ - | ဆရာတော် ဦးပဏ္ဍိတ | ( ဇလုပ္ပံကျ ) | မန္တလေးမြို့။ |
| ၁၀ - | ဆရာတော် ဦးသံဝရ | ( အလုပ္ပံကျ ) | မော်လမြိုင်မြို့။ |

## မဟာစည် ပဋိပတ္တိသာသနာဆိုင်ရာ နာယကအဖွဲ့

ရွှေဘိုခရိုင် ဝက်လက်မြို့ မစိုးရိမ် ဆရာတော် ဦးတိဿက မဟာစည် ဆရာတော်ဘုရားကြီး၏ အကူအညီ အဖြစ်ဖြင့် ဆောင်ရွက်သင့်သမျှကို ညွှန်ကြား ဆောင်ရွက်ရန် နာယက အဖွဲ့ တဖွဲ့ ရှိသင့်ကြောင်း အကြံဉာဏ်ပေးသည်၊ ထိုအကြံပေးချက် အရ ၁၃၃၄ - ခု သြဝါဒခံယူပူဇော်ပွဲ၌ အောက်ပါ ဆရာတော်များကို နာယက အဖြစ် ရွေးချယ် တင်မြှောက်ကြသည်။

| | | |
|---|---|---|
| ၁ - | ရွှေစေတီဆရာတော် အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်း | ( သြဝါဒစရိယ ) |
| ၂ - | မြို့ပေါက် သတိပဋ္ဌာန် ဆရာတော်၊ မော်လမြိုင် | ။ |
| ၃ - | ဦးတိဿ၊ မစိုးရိမ်ဆရာတော်၊ ဝက်လက် | ( နာယက ) |
| ၄ - | ဦးအာစိက္ခဏ၊ သဒ္ဓမ္မသီတဂူ ဆရာတော်၊ ပုသိမ် | ။ |
| ၅ - | ဦးဝိစာရ၊ ဝါးခယ်မရိပ်သာ ဆရာတော်၊ ဝါးခယ်မ | ။ |
| ၆ - | ဦးဝဏ္ဏိတ၊ ဖျာပုံ ဆရာတော်၊ ဖျာပုံ | ။ |
| ၇ - | ဦးဝိသုဒ္ဓ၊ နမ့်ခမ်းရိပ်သာ ဆရာတော် | ။ |
| ၈ - | ဦးသုမန၊ သပြေကုန်းရိပ်သာ ဆရာတော်၊ ခရမ်း | ။ |
| ၉ - | ဦးသုန္ဒရ၊ မြင်းခြံရိပ်သာ ဆရာတော် | ။ |
| ၁၀ - | ဦးနန္ဒမာလာ၊ ကော့ယားရိပ်သာ ဆရာတော် | ။ |
| ၁၁ - | ဦးမလ၊ ရင်းပြိမ်ရိပ်သာ ဆရာတော်၊ သထုံခရိုင် | ။ |

| | | | | |
|---|---|---|---|---|
| ၁၂ · ဦးနန္ဒိသာရ၊ စန်းမြဲရောင်ခြည် ဆရာတော်၊ မုံရွာ | | | | (နာယက) |
| ၁၃ · ဦးပညာဝါ၊ ပဲခူးရိပ်သာ ဆရာတော် | | | | 〃 |
| ၁၄ · ဦးဥက္ကံသ၊ ဇီးကုန်းရိပ်သာ ဆရာတော်၊ သာယာဝတီခရိုင် | | | | 〃 |
| ၁၅ · ဦးယုဂန္ဓရ၊ မြေပုံရိပ်သာ ဆရာတော်၊ ရခိုင်တိုင်း | | | | 〃 |
| ၁၆ · ဦးဓမ္မပါလ၊ သာသနာ့မာရ်အောင် ဆရာတော်၊ တောင်ကြီး | | | | 〃 |
| ၁၇ · ဦးဇာနေယျ၊ ဟိုပင်ရိပ်သာ ဆရာတော်၊ မြစ်ကြီးနားခရိုင် | | | | 〃 |
| ၁၈ · ဦးတိလောက၊ ကုန်းခါးရိပ်သာ ဆရာတော် | | | | 〃 |
| ၁၉ · ဦးဝါယာမိန္ဒ၊ မင်းကန့်ကြီးကျောင်း ဆရာတော်၊ မြန်အောင် | | | | 〃 |
| ၂၀ · ဦးလာဘသာမိ၊ နတ်မောက်ရိပ်သာ ဆရာတော် | | | | 〃 |
| ၂၁ · ဦးဣန္ဒိယ၊ ယင်ငေး ဆရာတော်၊ ထားဝယ်ခရိုင် | | | | 〃 |
| ၂၂ · ဦးသုဇာတ၊ | ကမ္မဋ္ဌာနာစရိယ၊ | သာသနာ့ရိပ်သာ၊ | ရန်ကုန် | 〃 |
| ၂၃ · ဦးပဏ္ဍိတ | 〃 | 〃 | 〃 | 〃 |
| ၂၄ · ဦးဇဝန | 〃 | 〃 | 〃 | 〃 |
| ၂၅ · ဦးသံဝရ | 〃 | 〃 | 〃 | 〃 |
| ၂၆ · ဦးဇနကာဘိဝံသ | 〃 | 〃 | 〃 | 〃 |

## မဟာစည် ပဋိပတ္တိသာသနာဆိုင်ရာ ဓမ္မကထိက အဖွဲ့

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာပြု လုပ်ငန်းရပ်ကြီး တိုးတက် အောင်မြင်ရေး အတွက် အောက်ဖော်ပြပါ မဟာစည် ဓမ္မကထိက အဖွဲ့ကြီးတွင် ပါဝင် တော်မူကြသော ဓမ္မကထိကများကလည်း ယင်းကို မြို့ရွာတို့သို့ လှည့်လည်၍ သတိပဋ္ဌာန် ဝိပဿနာ တရားတော်မြတ်ကြီးကို ဟောကြားလျက် ရှိသည်။

| | | |
|---|---|---|
| ၁ · ဦးဝဏ္ဏိတ | သာသနာ့ရိပ်သာ | ဖျာပုံ |
| ၂ · ဦးလာဘသာမိ | နတ်မောက်ရိပ်သာ | မကွေးခရိုင် |
| ၃ · ဦးဇောတိက | ဝါကင်းကုန်းရိပ်သာ | မန္တလေး အရှေ့ပြင် |
| ၄ · ဦးကုလိသ | ရွှေစည်ရိပ်သာ | မန္တလေး နန်းရှေ့ |
| ၅ · ဦးဥက္ကံသ | မြေနီကျင်းရိပ်သာ | မန္တလေး တောင်ပြင် |
| ၆ · ဦးသံဝရ | တောင်ဝိုင်းကလေးရိပ်သာ | မော်လမြိုင်မြို့ |
| ၇ · ဦးကုဏ္ဍလ | မဟာစည်ရိပ်သာ | ဟင်္သာတမြို့ |
| ၈ · ဦးဝနာဝရ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |

| | | |
|---|---|---|
| ၉ · ဦးဗုဒ္ဓိက | အောင်မြေဘုံကျော်ရိပ်သာ | ပုသိမ် |
| ၁၀ · ဦးဝိဇယ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |
| ၁၁ · ဦးသုန္ဒရ | ပိဋကတ်ကျောင်း | ဆိပ်ခွန် |
| ၁၂ · ဦးသုနန္ဒ | ရွှေခွန် | ကျောက်မြောင်း |
| ၁၃ · ဦးဇဋိလ | ပြန်ကပြေးရိပ်သာ | ပျဉ်းမနား |
| ၁၄ · ဦးထေရဝံသ | မင်းကန်ကြီး သာသနာ့ရိပ်သာ | မြန်အောင် |
| ၁၅ · ဦးနရပတိ | မဟာစည် သာသနာ့ရိပ်သာ | မြင်းခြံမြို့ |
| ၁၆ · ဦးဝါသဝ | စကြာကျောင်း၊ အလယ်တောရ | ရန်ကုန်မြို့ |
| ၁၇ · ဦးသူရိယ | သလ္လာဝတီ | ကမ္ဘာအေး |
| ၁၈ · ဦးဝါယမ | ပြဟ္မဝိဟာရကျောင်း | ပုဇွန်တောင် |
| ၁၉ · ဦးဇာဂရ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |
| ၂၀ · ဦးသေီက | ကျောက်ပန်းတောင်းရိပ်သာ | ကျောက်ပန်းတောင်းမြို့ |
| ၂၁ · ဦးကုသလ | ကျောက်တန်း သာသနာ့ရိပ်သာ | နွားထိုးကြီးမြို့နယ် |
| ၂၂ · ဦးမိတ္တိမာ | သာသနာ့ရိပ်သာ | ဆိပ်ခွန် |
| ၂၃ · ဦးသုမန | ကော့ကရိတ် သာသနာ့ရိပ်သာ | ကော့ကရိတ် |
| ၂၄ · ဦးဥက္ကဋ္ဌ | မဟာစည် သာသနာ့ရိပ်သာ | မင်းဘူးမြို့ |
| ၂၅ · ဦးမင်္ဂလ | ကျောက်ချောင်ရွာရိပ်သာ | ပုသိမ်ကြီး မြို့နယ် |
| ၂၆ · ဦးရာဇိန္ဒ | ကန်သာကျောင်း | တောင်ဥက္ကလာပ |
| ၂၇ · ဦးကေသရ | ရတနာပုံ သာသနာ့ရိပ်သာ | မန္တလေးမြို့ |
| ၂၈ · ဦးဇောတိက | တောင်ဝိုင်းကလေးရိပ်သာ | မော်လမြိုင်မြို့ |
| ၂၉ · ဦးဝိစာရ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |
| ၃၀ · ဦးအကိုဿ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |

# ဆရာတော်ဘုရားကြီး သာသနာပြုခဲ့ပုံ

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် သက်တော် (၄၅) နှစ် အရွယ်တော် သစ်သေးသော ၁၃၁၁ - ခုနှစ် နတ်တော်လပြည့် (၄-၁၂-၄၉) နေ့၌ ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ကြီး၏ 'ပဋိပတ္တိ သာသနာတော်ကို အစွမ်းကုန် ချီးမြှောက်ရန်' ဟူသော ရည်ရွယ်ချက် ပန်းတိုင်ကြီးကို ခိုင်ခိုင် မာမာ စိုက်ထူလိုက်သည့် အထိမ်းအမှတ် အနေအားဖြင့် ဝိပဿနာ အလုပ်ပေး တရားတော် မြတ်ကြီးကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့အား စတင် ဟောပြ ဆုံးမတော် မူလာခဲ့ရာ သက်တော် (၇၀) ကျော် ယခုနှ ၁၃၃၆ - ခု နတ်တော်လပြည့် တိုင် အောင် (၂၅) နှစ်တာ ဆရာတော် ဘုရားကြီး၏ သာသနာတော် ခရီးလမ်း တလျှောက် အတွင်း၌ သာသနာ ပြုတော်မူပုံတို့ကို အောက်ပါ ဇယားကွက်တွင် - (က) ခုနှစ်စဉ်၊ (ခ) တည်ဆောက်ခဲ့သမျှသော ကျောင်းဆောင်ပေါင်း၊ (ဂ) ၂၅ - နှစ်တွင်း ယောဂီ ဦးရေ ပေါင်း၊ (ဃ) ပြုစုတော်မူသော ကျမ်းစာများ ဟု ၄ - ပိုင်း ခွဲခြား၍ ဖော်ပြ အပ်ပါမည်။

| (က) | (ခ) | (ဂ) | (ဃ) |
|---|---|---|---|
| ၁၃၁၁ | ၁၀ | ၆၅၉၄၂ | |
| ၁၃၁၂ | ၁၂ | ၅၁၂၆၆ | |
| ၁၃၁၃ | ၁၅ | ၈၇၅၂၄ | မဟာသတိပဋ္ဌာန်သုတ် နိဿယ |
| ။ | | | ရှင်းတရားတော် အကျဉ်း |
| ။ | | | ရှင်းတရားတော် အကျယ် |
| ။ | | | ကာယာ နုပဿနာ တရားတော် |
| ။ | | | ဝေဒနာ နုပဿနာ တရားတော် |
| ၁၃၁၄ | ၁၈ | ၁၁၈၁၈၄ | ရွှေဘိုသို့ နှုတ်ဆက် တရားတော် |
| ၁၃၁၅ | ၁၈ | ၃၅၉၉၁ | |
| ၁၃၁၆ | ၁၉ | ၄၉၁၇၂ | ဝိပဿနာ အလုပ်ပေး တရားတော် |
| ။ | | | ဝိသုဒ္ဓိ နှင့် ဉာဏ်စဉ် တရားတော် |
| ၁၃၁၇ | ၁၈ | ၇၇၂၁၈ | |
| ၁၃၁၈ | ၁၁ | ၁၉၂၈၆ | ဝိသုဒ္ဓိဉာဏကထာ ပါဠိ မြန်မာ |
| ။ | | | ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း အကြောင်း |

| (က) | (ခ) | (ဂ) | (ဃ) |
|---|---|---|---|
| ၁၃၁၉ | ၉ | ၁၄၄၉၅ | ဓမ္မစကြာ တရားတော်ကြီး |
| ။ | | | အနတ္တလက္ခဏသုတ် တရားတော်ကြီး |
| ၁၃၂၀ | ၄ | ၃၉၃၉ | ဘာဝပြဿနာ |
| ၁၃၂၁ | ၈ | ၁၃၁၁၉ | အင်ဒိုနေးရှား သာသနာပြု မှတ်တမ်း |
| ၁၃၂၂ | ၉ | ၉၇၃၉၂ | |
| ၁၃၂၃ | ၄ | ၁၂၈၇၅ | ဝိပဿနာ အခြေခံ တရားတော် |
| ၁၃၂၄ | ၇ | ၁၃၇၃၉ | မဟာဋီကာ သမထန္တရပိုင်း ဂဏ္ဌိနိဿယ |
| ။ | | | ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံချားနှင့် တကွ ဝိပဿနာပိုင်း) |
| ၁၃၂၅ | ၂ | ၁၈၂၇၃ | အရိယာဝါသ တရားတော်ကြီး |
| ၁၃၂၆ | ၈ | ၅၁၆၆၁ | |
| ၁၃၂၇ | ၇ | ၆၄၄၄ | ဝမ္မိကသုတ် တရားတော်ကြီး |
| ၁၃၂၈ | ၇ | ၄၄၀၄ | ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (ပဌမတွဲ) |
| ၁၃၂၉ | ၁၇ | ၈၆၅၄ | ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (ဒုတိယတွဲ) |
| ။ | | | ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (တတိယတွဲ) |
| ။ | | | ပုရာဘေဒသုတ် တရားတော်ကြီး |
| ၁၃၃၀ | ၇ | ၃၁၉၁ | ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပဌမတွဲ) |
| ။ | | | ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ဒုတိယတွဲ) |
| ။ | | | ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ (စတုတ္ထတွဲ) |
| ။ | | | ဗြဟ္မစိုရ်တရားတော်ကြီး |
| ၁၃၃၁ | ၆ | ၂၃၆၉ | ဘာရသုတ္တန် တရားတော်ကြီး |
| ၁၃၃၂ | ၁၀ | ၂၃၉၆ | ကျောင်းအနုမောဒနာ တရားတော်ကြီး |
| ။ | | | လောကဓံ တရားတော် |
| ၁၃၃၃ | ၉ | ၃၂၆၀ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (စတုတ္ထတွဲ) |
| ၁၃၃၄ | ၇ | ၃၇၈၄ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (ပဌမတွဲ) |
| ။ | | | သလ္လေခသုတ် တရားတော် (ပဌမတွဲ) |
| ၁၃၃၅ | ၄ | ၂၀၂၀ | သလ္လေခသုတ် တရားတော်ကြီး (ဒုတိယတွဲ) |
| ။ | | | ဝိသုဒ္ဓိမဂ် မြန်မာပြန် (ဒုတိယတွဲ) |
| ။ | | | ဟေမဝတသုတ္တန် တရားတော်ကြီး |

| ( က ) | ( ခ ) | ( ဂ ) | ( ဃ ) |
|---|---|---|---|
| ၁၃၃၆ | ယခုနှစ်တိုး | ယခုနှစ်တိုး | ဝိသုဒ္ဓိမဂ် မြန်မာပြန် ( တတိယတွဲ ) |
| ။ | ကမ္မဋ္ဌာန်း | ယောဂီစာရင်း | ကာမသုတ္တန် တရားတော် |
| ။ | ဌာနများ | မပါသေး | နိဗ္ဗာန်ဆိုင်ရာ တရားတော် |
| ။ | မပါသေး | | မဟာစည် ဩဝါဒ ပေါင်းချုပ် |

| ကမ္မဋ္ဌာန်းဌာနပေါင်း | ယောဂီပေါင်း | ပြုစုတော်မူသော ကျမ်းစာအုပ်ပေါင်း |
|---|---|---|
| ၂၄၆ | ၇၆၆၃၉၀ | ၄၀ |

၁၃၁၁ - ခုနှစ် မတိုင်မီက တည်ထောင်တော်မူခဲ့သော ကမ္မဋ္ဌာန်းဌာနခွဲပေါင်း (၃၀) ကျော်နှင့် ဝိပဿနာရှုနည်းကျမ်း ( ပ - ဒု ) ကမ္မဋ္ဌာန်းဆရာများ လက်စွဲ စသော ကျမ်းစာများလည်း ရှိပါသေးသည်၊ ကျမ်းစာ အားလုံး တို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ပဋိပတ္တိ သာသနာတော်ကြီး ပြန့်ပွားရန် အလို့ငှာ ပဋိပတ္တိ သာသနာပြု မဟာစည် ရန်ပုံငွေဖြင့် ပုံနှိပ် ဖြန့်ချိလျက် ရှိပါသည်။

၁၃၁၄ - ခုနှစ် နတ်တော်လမှ စ၍
ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျောင်းဆောင်တော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ခြေတော်ရင်း၌ လာရောက် တရားအားထုတ်ကြသော

# ထင်ရှားသော နိုင်ငံခြား ယောဂီကြီးများ

| ဦးရေ | ဘွဲ့တော်အမည် | နေရပ် |
|---|---|---|
| ၁ | ကောလိယပုတ္တ ရာဟုလာ သုမံဆသုမံဆဝရ | အထွေထွေ အတွင်းရေးမှူး၊ ကောလိယ ဗုဒ္ဓသာသနာ အသင်း၊ ဓမ္မကုတိ ဗုဒ္ဓဝိဟာရ၊ အင်ယိုလင့်၊ အဈေမာ၊ အိန္ဒိယ။ |
| ၂ | အရှင်ကေဝလနန္ဒာ (စီခိမိုး) | နေ့သ်ဖီးကောတိတ်၊ မီတာဖီးဟင်း၊ အင်္ဂလန်။ |
| ၃ | ဘိက္ခုအနုရုဒ္ဓါ | ဝဇီရာရာမ၊ ကိုလံဘို။ |
| ၄ | ဘိက္ခုဗုဒ္ဓရက္ခိတ | ငရိနိဗ္ဗာန၊ ဝိဟာရ၊ ကုသိနာရ၊ အိန္ဒိယ၊ |
| ၅ | စီရီအက်စရန်ဒုန | လွှတ်တော်ရှေ့နေ၊ ယမုနာ ၉၉၊ မာယာရိပ်သာ၊ သီဟိုဠ်။ |
| ၆ | မူရီယယ်၊ သီရိနိသန်က | ၎င်း |
| ၇ | ဓမ္မိစာရော | ဓမ္မိသာရာမခရိုင်၊ စိုဟင်ကုမ်၊ ကမ္ဘောဒီးယား။ |
| ၈ | ဓမ္မဝါရော | အွှမ်၊ နလိုမာမ၊ ဖန္ဆန်ပင်၊ ကမ္ဘောဒီးယား။ |
| ၉ | ပီရတနုစဇော | ဘင်ချာမတ်ပီဘာ ကျောင်းတိုက်၊ ဗန်ကောက်မြို့။ |
| ၁၀ | ဆရာတော် ဆန္ဒဝိမလ | ဒုတိယကျောင်းအုပ်၊ သီရိသုဒါသိပိရိဝေန၊ မ တ ရ ၊ သီဟိုဠ်။ |
| ၁၁ | ဆရာတော် ဓမ္မပါဘ | ဟေဝေနိဝါလ၊ ဝိဝေရမယ ဘူပိတ်ယ၊ သီဟိုဠ်။ |
| ၁၂ | ဘိက္ခုမယ်န္ဒာ | အင်္ဂလန် ( ဇမ္ဗူဒီပ၊ ကမ္ဘာ ၁၉ ) |
| ၁၃ | ဘိက္ခုဝံသာရက္ခိတ | ဆိုင်းဂုံ၊ ဗီယက်နမ်။ |
| ၁၄ | မစ္စတာ နော်မံစိခ် | ဗိသုကာ၊ ၇ - ဝင်နုလာလမ်း၊ မွှဂ်ုင့်ပိုက်၊ ဆာဆစ်ဒနီ၊ ဩစတြေလီးယား။ |
| ၁၅ | မစ္စစ် နော်မံစိခ် | ဗိသုကာ၊ ၇ - ဝင်နုလာလမ်း၊ မွှဂ်ုင့်ပိုက်၊ ဆာဆစ်ဒနီ၊ ဩစတြေလီးယား။ |

| ဦးရေ | ဘွဲ့တော်အမည် | နေရပ် |
|---|---|---|
| ၁၆ | မစ္စတာ ဂျောင် ကရစ် ကောဖ်။ | ၂၆ · ဆုဒ်စ်၊ ဘတ်လမ်း၊ စတတ်ဂတ် ဂျာမဏီ။ |
| ၁၇ | ရှုမတ်ချား | အင်္ဂလန် (ကမ္ဘောဇနန်းတော်) |
| ၁၈ | ကီဘို | ကမ္ဘောဒီးယား။ |
| ၁၉ | တရင်းလောင်း ပါစီပါ | ။ |
| ၂၀ | စရိတ်နွတ် | ။ |
| ၂၁ | ကြူးစိန် | ။ |
| ၂၂ | ကေပ်ချာကရာဝါတီ | ၇၄ · သောပိုဘန်ဂလို၊ အိန္ဒိယ။ |
| ၂၃ | ရှာ်ချန်ယန် | ကမ္ဘောဒီးယား။ |
| ၂၄ | မစ္စတာရှောဘတ်ဂျူဗို | ပြင်သစ်။ |
| ၂၅ | မစ္စစ်အီးစီဟင်စင် | ကာလီဖိုးနီးယား၊ အမေရိကန်။ |
| ၂၆ | တိဒိရပ်စဲ | ကာလီဖိုးနီးယား၊ အမေရိကန်။ |
| ၂၇ | မစ္စတာလီဗ္ဗိုရီးယား ရိုဗ္ဗီးယား | အာချင်တီးနား။ |
| ၂၈ | ဂျိုဟန်အိုင်လစ်ဘာကူ | နော်ဝေး။ |
| ၂၉ | မစ်ဂျေနပ်ဆင် | အင်္ဂလန်။ |
| ၃၀ | အရှင်ဝိမလ | အနောက် ဂျာမဏီ။ |
| ၃၁ | မစ္စစ်အီ(ဗ)ကလင်မင်း | ၂၇၃၁၊ ဘာကလေရိပ်သာ၊ စင်ဘနားဒီဖိုး၊ ကာလီဖိုးနီးယား။ |
| ၃၂ | မစ်နပ်စ်စက်ချ်စတာ | ၄၀၊ ချန်စာရီလန်း၊ လန်ဒန်။ |
| ၃၃ | ဖရှ်စစ်၊ အဲလ်ဗလိုင်း | ၅၄၊ ဘောင်းလစ်တဲလ်တန်၊ ကာလီဖိုးနီးယား။ |
| ၃၄ | ဥပါသိကာ ရိစာဆောဝါးတစ် | ဂျာမဏီ။ |
| ၃၅ | ဂျွန်သောဒ်ဝစ် | ဩစတြေလီးယား။ |
| ၃၆ | မစ္စတာ နှင့် မစ္စစ်ကင်း | အမေရိကန်။ |
| ၃၇ | ဝါဒ်ဟုမ်း | ဟိုဝေါလ်၊ အမေရိကန်။ |
| ၃၈ | ဒေးဗင်ဂျီ၊ မက်ကီး | ဆန်ဖရန်စစ္စကို ကောလိပ်၊ ကာလီဖိုးနီးယား။ |
| ၃၉ | အယ်ဒီဘင်ကတ် | ၅၁၊ ချာတ်လမ်း၊ ကူးမား၊ နယူးဆောသ်ဝေး၊ ဩစတြေလီးယား။ |
| ၄၀ | ဂျွန်ဟိုရစ် | ချင်တောင်၊ နယူးဂျာစီ။ |

| ဦးရေ | ဘွဲ့တော်အမည် | နေရပ် |
|---|---|---|
| ၄၁ | ပေါလ်ဂျမ်လင်ဒါဆင် | ၃၂၊ စတော့လီလမ်၊ ဟိုဝဲလ်၊ အမေရိကန်။ |
| ၄၂ | မိုနီကာလင်ဂီး | ၃၆၊ ဆယ်လောင်စွမ်၊ ဘန်ကောက်။ |
| ၄၃ | ကောဘတ်ကာလစ်ရှိ | ဘန်ကောက်။ |
| ၄၄ | လင်ဒါကာလစ်ရှိ | ။ |
| ၄၅ | ဟောမစ်အာချကား | ။ |
| ၄၆ | ချယ်လီဂလက်စတုံ | ဘိုလ်ဒါး၊ ကိုလိုရိုဒိုး၊ အမေရိကန်။ |
| ၄၇ | လင်ဒါဗရေး | ချီကာကို၊ အမေရိကန်။ |
| ၄၈ | ဒေါက်တာ ဆီနီမိုးနား | အနောက် ဂျာမဏီ။ |
| ၄၉ | ဂျတ်ဒီယောင် | အုတ်အရောက် ချ် ၂၆၉။ |
| ၅၀ | မေရီရဲလ်ဘီလ်စ်မား | ညစ်ယူးတရက်၊ ဟော်လန်။ |
| ၅၁ | ဂျမ်ဟင်နီဗရိုင်းတီအာရ် | အရိဇ်းနား၊ အမေရိကန်။ |
| ၅၂ | လန်ဒ၊ တီပီကိုး | ။ |
| ၅၃ | စစ်စတာသုမ္မ | ချာဘူရီ၊ ယိုးဒယား။ |
| ၅၄ | ဆယ်လီဒန်းကင်း | သြစတြေလီးယား။ |
| ၅၅ | ဖီးလစ်အေဂွတ်အော်လ် | မွန်တားနား၊ အမေရိကန်။ |
| ၅၆ | စတီဗင်ဒါမက်ကရေစ် | နယူးဆောက်ဝေး၊ သြစတြေလီးယား။ |
| ၅၇ | ဟယ်လုင်ဂျိန်း ကရေဒ် | ။ |
| ၅၈ | ဂျေမယ်ဟိုင်ဇွမ်း | လန်ဒန်၊ အင်္ဂလန်။ |
| ၅၉ | လော်ရီအင်အေဒဲလ်ဆင် | အီလီနွိုက် စ်၊ အမေရိကန်။ |
| ၆၀ | မစ်ဒ်လ်ဘိုးရား | ချက်ဂရင်ဖော၊ ဟိုစိုင်းအို။ |
| ၆၁ | မစ္စတာဂရေယမ်ဗိုက် | ၄၈ - ရေးဝေးရိပ်သာ၊ သြစတြေလီးယား။ |
| ၆၂ | ရီးချာတ်ဖော့စ်တာ | ထဲလ်စာဥက္ကလာ ၃၄၁၃၆။ |
| ၆၃ | မစ္စတာ ခရစ်ဒေါမန် | တောင်သြစတြေးလီးယား ၈။ |
| ၆၄ | မစ္စတာ မက်စ်ဗလန်တိုင်း | ။ |
| ၆၅ | ကောဘတ်ကာလစ်ရှိ | ၉၄၈၀ အောလစ်လမ်း၊ လူဝီ။ ၈၀၆၁၁၂၊ အမေရိကန်။ |
| ၆၆ | မစ္စတာ မီရာနီ | အိုပ်ချုပ်ရေးဌာန၊ အိန္ဒိယ။ |
| ၆၇ | မစ္စတာဘုအန် | ဆရာဂျာဝါကျွန်း၊ အင်ဒိုနီးရှား။ |

၁၃၃၅–ခုနှစ်၊ နတ်တော်လဆန်း(၈)ရက် (၂.၁၂.၇၃)တနင်္ဂနွေနေ့၌ ကျင်းပပြုလုပ်သော
ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏
၂၆-ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီး၌

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

## မိန့်ကြားတော်မူသည့်

# သြဝါဒကထာ

ဒီကနေ့ဟာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ရဲ့ ၂၆-ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးပွဲ ကျင်းပတဲ့နေ့ ဖြစ်တယ်၊ ဒီအစည်းအဝေးပွဲမှာ ဘုန်းကြီးက တာဝန်ဝတ္တရား အတိုင်း သြဝါဒစကား အနည်းငယ်တော့ ပြောရမှာဘဲ၊ အယင်နှစ်တွေ ကလဲ သြဝါဒစကား ပြောကြားခဲ့တာ အကြိမ်ပေါင်း များပါပြီ၊ အဲဒါတွေကို ပုံနှိပ်ထားပြီးတောင် ရှိနေပါပြီ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက အဲဒီ ပြောပြီးသားဖြစ်တဲ့ သြဝါဒ စကားတွေကို ပြန်လည်ကြည့်ရှုပြီး သင့်လျော် ညီညွတ်အောင် ကျင့်သုံးဆောင်ရွက် ကြစေလိုပါတယ်။ ယခုတကြိမ်တော့ လိုရင်း အတိုချုပ် ပြောရမှာဘဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဟာ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ထောင်ထားတဲ့ အဖွဲ့ကြီး ဖြစ်တယ်၊ ချီးမြှောက် ထောက်ပံ့ ရတာတွေထဲမှာ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ရတာဟာ အကောင်းဆုံး အမြတ်ဆုံးဘဲ၊ ဗုဒ္ဓသာသနာတော် ဆိုတာ မြတ်စွာဘုရား၏ ဆုံးမညွှန်ကြားချက် စကားတော် တရားတော်ပါဘဲ၊ အဲဒီ ဗုဒ္ဓတရားတော် သာသနာတော်တွေကို ကြာရှည်စွာ တည်တံ့အောင် ထွန်းကားအောင် ကြီးပွားအောင် တတ်နိုင်တဲ့ ဘက်ကနေပြီး ချီးမြှောက်ရတယ်၊ ထောက်ပံ့ရတယ်၊ ပူဇော်ရတယ်၊ အဲဒါဟာ အမြတ်ဆုံး ချီးမြှောက် ထောက်ပံ့ခြင်း ပူဇော်ခြင်းဘဲ၊ အဲဒီလို အမြတ်ဆုံးအနေဖြင့် ချီးမြှောက် ထောက်ပံ့ရ ပူဇော်ရအောင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က တာဝန်ယူပြီး ဆောင်ရွက်နေတယ်။

ဒီလိုဆောင်ရွက် နေရာမှာ ရည်ရွယ်ချက်အတိုင်း ထိထိရောက်ရောက် ချီးမြှောက်ထောက်ပံ့ နိုင်အောင် ပူဇော်နိုင်အောင် သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့ အင်အား ရှိသလောက် ပါဝင်လှူဒါန်း ကြတယ်၊ ကူညီထောက်ပံ့ ကြတယ်၊ အဲဒီ အများက ပါဝင် လှူဒါန်းကြတဲ့ ကြေးငွေ ဝတ္ထုများဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် တာဝန်ဆောင် ပုဂ္ဂိုလ် များက သင့်တော်သလို ကြည့်ပြီးသုံးစွဲ ထောက်ပံ့ ကြရတယ်၊ အဲဒီလို အများနဲ့ ဆိုင်တဲ့အလုပ်ကို လုပ်ကြရ ဆောင်ရွက် ကြရတယ် ဆိုတာဟာ အင်မတန် တာဝန်ကြီးပါတယ်၊ ပုဂ္ဂလိက ကိုယ်ပိုင်ပစ္စည်းဖြင့် လှူဒါန်း ထောက်ပံ့တယ် သုံးစွဲတယ် ဆိုတာကတော့ ကိုယ့်သဘောအတိုင်း သုံးစွဲနိုင် ဆောင်ရွက်နိုင်ပါတယ်၊ အကုန်အကျ များတယ်· မကုန်သင့်ဘဲနဲ့ ကုန်တယ် စသည်ဖြင့် ဘယ်သူ့ကမှ အပြစ်

တင်စရာ မရှိပါဘူး၊ တာဝန်ပေါ့ပါတယ်၊ အဲများက လှူထားတဲ့ ပစ္စည်းတွေကို ကိုင်တွယ် သုံးစွဲပြီးတော့ ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရတာ ဆောင်ရွက် ရတာတတော့ အင်မတန် တာဝန်ကြီးပါတယ်။

အဖွဲ့ဝင် ပုဂ္ဂိုလ်တွေထဲမှာ အချိန်ကုန် လူပန်းခံပြီး ဆောင်ရွက်နေကြတဲ့ တာဝန်ဆောင် ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ယင် သူတို့မှာ ဘာမှ အခလဲ ရတာမဟုတ်ဘူး၊ ကျော်စောကိတ္တိ ဖြစ်ပြီး ဘယ်လိုအကျိုး ရလိမ့်မယ်လို့ လောကဘက်ကလဲ မြှော်ယင့်စရာ မရှိဘူး၊ သဒ္ဓါတရား သက်သက်နဲ့ ဆောင်ရွက် နေကြရတယ်၊ ‘ပဋိပတ္တိ သာသနာတော် အတွက် လှူဒါန်းသူတို့မှာလဲ ကုသိုလ်ပွားကြပါစေ၊ ပဋိပတ္တိသာသနာတော်လဲ ကြီးပွား သင့်သမျှ တိုးတက် ကြီးပွားပါစေ’ လို့ ရည်ရွယ် မျှော်လင့်ပြီး အင်မတန် သန့်ရှင်းတဲ့ စေတနာတွေနဲ့ ဆောင်ရွက်နေကြရတယ်။

ရဟန်းတော်များက သာသနာပြုတယ် ဆိုတာကတော့ ကိုယ့် အကျိုးလဲ ပါတန်သမျှ ပါနေတယ်၊ ပရိယတ္တိဘက်က စာပေကျမ်းဂန် ပို့ချနေတဲ့ ဆရာတော်တွေ ဆိုရင် ပရိယတ္တိ သာသနာတော် အရှည်တည်တံ့ပါစေ၊ စာပေကျန်းဂန်တွေကို တတ်သိ နားလည်ပြီး ပဋိပတ် အကျင့် လမ်းမှန်ကိုလဲ ကျင့်နိုင်ကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စိတ်စေတနာ သန့်ရှင်း စွာနဲ့ စာပေကျမ်းဂန် တွေကို ပို့ချ ပေးနေကြတယ်၊ အဲဒီလို ပို့ချပေးနေ ကြတဲ့ အတွက် တပည့် အဆက်ဆက်တွေ စာပေကျမ်းဂန် တတ်သိပြီး ပရိယတ္တိသာသနာတော် အရှည် တည်တံ့ခြင်း အကျိုး ပြီးစီးနေတယ်၊ နောက်ပြီးတော့ အဲဒီလို စာပေပို့ချနေတဲ့ အတွက် ဒကာ ဒကာမတွေက ကြည်ညိုပြီး အဲဒီလို စာချဆရာတော် တွေအား လှူဒါန်း ပူဇော် ကြတယ်၊ ဒါကြောင့် သာသနာတော် ကြီးပွားရေး အတွက် ဆောင်ရွက်ရာ၌ ရဟန်းတော်များမှာ မိမိတို့၏ အကျိုးလဲ ဖြစ်တန်သမျှ ဖြစ်ပွားသွားတယ်။

ပဋိပတ္တိဘက်က ဘာဝနာ လုပ်ငန်းစဉ်တွေကို ဟောကြား ညွှန်ပြနေတဲ့ ဆရာတော်တွေမှာ ဆိုယင်လဲ—

အဟော မေ ဝတ ဓမ္မံ သုဏေယျုံ၊ သုတွာ စ ပန ဓမ္မံ အာဇာနေယျုံ၊ အာဇာနိတွာ စ ပန တထတ္တာယ ပဋိပဇ္ဇေယျုန္တိ။

မေ—ငါ၏၊ ဓမ္မံ- ဟောသည့် တရားကို၊ သုဏေယျုံ - နာကြပါကုန် မူကား၊ အဟော ဝတ- ခြော် ကောင်းလေစွ၊ သုတွာ စ- နာကြ ပြီး၍လည်း၊ ဓမ္မံ- တရားကို၊ အာဇာနေယျုံ- သိနားလည် ကြပါကုန်မူကား၊ အဟော ဝတ - ခြော်ကောင်းလေစွ၊ အာဇာနိတွာ စ- သိနားလည်ကြကုန်ပြီး၍လည်း၊ တထတ္တာယ- ထိုတရားတော်၌ ပြဆိုထားသည့် အတိုင်းဖြစ်၍ ပြည့်စုံအောင်၊ ပဋိပဇ္ဇေယျုံ- ကျင့်ကြံ အားထုတ် ကြပါကုန်မူကား၊ အဟော ဝတ- ခြော်ကောင်းလေစွ၊ ဣတိ- ဤသို့ ရည်ရွယ်၍ ဟောရမယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း -

မိမိဟောတဲ့ တရားကို နာကြားပြီး သိနားလည်ကြပါစေ၊ သိနားလည်ပြီးတော့ မြတ်စွာ ဘုရား၏ အလိုတော်အတိုင်း ဓမ္မာနုဓမ္မပဋိပတ်ဆိုတဲ့ သမထ ဝိပဿနာအကျင့်ကို ကျင့်နိုင်

ကြပါစေ၊ အဲဒီလို ထက်ထက်သန်သန် ကျင့်ပြီးတော့ ပဋိဝေဓ ခေါ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်တရားထူး တရားမြတ်တွေကို ရကြပါစေလို့ ရည်ရွယ်ပြီး သန့်ရှင်းစင်ကြယ်တဲ့ စေတနာနဲ့ ဟောကြား ညွှန်ပြနေရင် အဲဒီလို ဟောကြား ညွှန်ပြနေတဲ့ အတွက် ရဟန်းရှင်လူများစွာတွေဟာ ဗုဒ္ဓ သာသနာ ဆိုတဲ့ အကျင့်လမ်းမှန်တွေကို ကျင့်ကြရတယ်၊ အဲဒီလို ကျင့်ပြီးတော့ သမာဓိပညာတရား ထူးတွေကို ပါရမီရှိသလောက် ကိုယ်တိုင်တွေ့ သိမြင်ပြီး တရားအရသာတွေကို ခံစားကြရတယ်၊ အဲဒီလို ကိုယ်တိုင်တွေ့ သိမြင်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်က တဆင့် ဟောပြော တိုက်တွန်းပေးခြင်း အားဖြင့် ပဋိပတ္တိ သာသနာတော်ဟာ တိုးတက်ကြီးပွား သွားတယ်၊ အဲဒါဟာ တခြားမှာ ရှာကြည့် နေစရာမလိုဘူး၊ ဒီသာသနာ့ရိပ်သာကိုဘဲ ကြည့်ပါ၊ ဒီသာသနာ့ရိပ်သာက တရား အားထုတ်ပြီးတော့ တိုးပွားသွားတဲ့ မဟာစည် ဌာနခွဲတွေဟာ ဗမာပြည်မှာဘဲ စာရင်းရတဲ့ ဌာနတွေ နှစ်ရာ (၂၀၀) ကျော် ရှိတယ်၊ စာရင်းမပို့လို့ မထင်ရှားတဲ့ ဌာနတွေလဲ ဟိုအရပ် ဒီအရပ် တွေမှာ တရားဟောသွားရင်း တွေ့ရတာတွေ တော်တော်များများ ရှိပါသေးတယ်၊ ယိုးဒယား သီဟိုဠ် အစရှိတဲ့ နိုင်ငံခြားတွေမှာလဲ မဟာစည် ဩဝါဒခံ ဌာနတွေ များစွာရှိနေပါသေးတယ်၊ အဲဒါဟာ ပဋိပတ္တိဘက်က သာသနာတော် တိုးတက်ကြီးပွား သွားတာပါဘဲ၊ အဲဒီလို တိုးတက် ကြီးပွားသွား တာဟာ ဘုန်းကြီးနဲ့ ဟကွ ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေက ဟောကြားညွှန်ပြ ပေးနေလို့ ပါဘဲ၊ နောက်ပြီးတော့ ယခု စည်းဝေးနေကြတဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဆိုင်ရာ ဒကာ ဒကာမ အများက ချီးမြှောက်ထောက်ပံ့ အားပေးနေတဲ့ အကြောင်းကြောင့်လဲ ဖြစ် တယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဆိုင်ရာ ဒကာ ဒကာမ တွေမှာ ဒီလို ပဋိပတ္တိ သာသနာတော် တိုးတက်ကြီးပွားတာကို အကြောင်းပြုပြီး ဝမ်းမြောက်စရာ ဂုဏ်ယူစရာလဲ ဖြစ်ပါ တယ်၊ နောက်ပြီးတော့ ကမ္မဋ္ဌာန်း ဆရာတော်များမှာ ဒကာ ဒကာမ များစွာတို့၏ ရိုသေ လေး စားခြင်း လှူဒါန်း ပူဇော်ခြင်းကိုလဲ များစွာပင် ရရှိနေကြပါဘယ်၊ ဒါကြောင့် ပဋိပတ္တိ သာ သနာ ပြုရာမှာ ရဟန်းတော်များဟာ မိမိတို့၏ လောကီ အကျိုးတွေကိုလဲ ရရှိနေကြ ပါဘယ်၊ သာသနာတော် အကျိုးရော ကိုယ့်အကျိုးရော ပြီးတယ်ဆိုတော့ သာပြီး အားဘက်စရာ ကောင်း တာပေါ့။

လူဒကာ ဒကာမများမှာတော့ ဒီလို သာသနာပြု အဖွဲ့အသင်းတွေထဲ ဝင်ပြီး ဆောင်ရွက် ရတာဟာ သာသနာတော်အကျိုးနဲ့ ကုသိုလ်ရရုံလောက်ဘဲ၊ လောကဘက် ကတော့ ယခုနေ အခါမှာ အကျိုးကျေးဇူး သိပ်မရှိပါဘူး၊ ဥက္ကဋ္ဌကြီး အတွင်းရေးမှူး စသည်ဖြင့် နာမည် ရရုံ လောက်ပဲ ရှိပါဘယ်၊ ဆောင်ရွက်ရတဲ့ တာဝန်ကတော့ မသေးလှ ပါဘူး၊ စားဝတ် နေရေး အတွက် ဆောင်ရွက်စရာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကလဲ ရှိနေတယ်၊ ရပ်ရွာရေး အစ ရှိတဲ့ မလွှဲမကင်းသာ ဆောင်ရွက်စရာ တွေလဲ ရှိနေဘယ်၊ အဲဒီလို ကိစ္စတွေ များစွာ ရှိနေတဲ့ အထဲမှ တချို့က နေ့စဉ်ပင် ဒီရိပ်သာ လာပြီး ဆောင်ရွက်နေကြဘယ်၊ တချို့က နေ့စဉ်လိုလိုပင် လာပြီး ဆောင်ရွက်နေကြတယ်၊ အဲဒီလို ဆောင်ရွက်ရဘာဟာ အင်မဘန် ဝန်လေးပါတယ်။

ဆောင်ရွက်ရာမှာလဲ အများနဲ့ စပ်ဆိုင်တဲ့ ပစ္စည်းကို ကိုင်တွယ်သုံးစွဲရဘာဟာ ဝန်လေး ပါတယ်၊ မိမိ အမြင်အားဖြင့် အကောင်းဆုံး အနေနဲ့ ဆောင်ရွက်ပေမဲ့ အများ သဘောကျ ဖြစ်ဖို့ ခဲယဉ်းပါတယ်၊ အများ သဘောကျ မဖြစ်ယင် အပြစ်ဆိုတာ ပြောတတ်ကြတာဘဲ၊ ပြော

သင့်လို့ ပြောတာလဲ ရှိမယ်၊ မပြောသင့်ဘဲနဲ့ ပြောတာလဲ ရှိမယ်၊ အဲဒီလို အပြောခံရတာလဲ တနည်းအားဖြင့် ဂုဏ်ယူစရာပါဘဲ၊ ဘာကြောင့်လဲဆိုယင် တကယ် အလုပ်လုပ်တဲ့သူသာ အပြောခံရတယ်၊ ဘာမှမလုပ်ပဲ အလကားနေတဲ့ သူမှာ အဲဒီလို အပြောကို မခံရဘူး၊ ဒါကြောင့်ပါဘဲ၊ ဒါပေမဲ့ အနဝဇ္ဇာနိ ကမ္မာနိ- အပြစ်ကင်းတဲ့ လုပ်ကိုင်မှု ရှိစေရမယ် ဆိုတဲ့ မင်္ဂလာ တရားတော်နဲ့ အညီ အပြစ်ကင်းအောင် အထူး သတိပြုပြီး ဆောင်ရွက်ကြဘို့တော့ လိုပါတယ်။

အပြစ်ကင်းအောင် ဆောင်ရွက်တာကိုတော့ အားလုံး သိကြပြီးပင် ဖြစ်ပါလိမ့်မယ်၊ အဖွဲ့၏ စည်းမျဉ်းဥပဒေနှင့် အညီ ဆောင်ရွက်ကြဘို့ပါဘဲ၊ မည်ရွေ့ မည်မျှ အထိ တဦး တယောက်၏ သဘောနှင့် ဆောင်ရွက်နိုင်တယ် စသည်ဖြင့် တဦး တယောက်ထည်း အတွက် ခွင့်ပြုထားတာလဲ ရှိပါလိမ့်မယ်၊ အဲဒီလို ခွင့်ပြုထားတဲ့ ကိစ္စကိုတော့ တဦးတယောက် သဘောနဲ့ ဆောင်ရွက်ယင်လဲ အပြစ်ကင်းမှာ ပါဘဲ၊ အဲဒီလို တဦး တယောက်ကို ခွင့်ပြုမထားတဲ့ ကိစ္စများကိုတော့ အစည်းအဝေး ကျင်းပပြီး အများ ဆန္ဒကို ယူပြီးမှ အများ သဘော အရ ဆောင်ရွက်သင့်ပါတယ်၊ အဲဒါကတော့ မှားသွားတောင် ဘယ်သူကမှ အပြစ် မပြောနိုင်ဘူး၊ အဲဒါဟာ အများက သိထားပြီး ဖြစ်တဲ့အတိုင်း အနဝဇ္ဇာနိ ကမ္မာနိ - ဆိုတဲ့ မင်္ဂလသုတ်နှင့် အညီ အပြစ်ကင်းအောင် ဆောင်ရွက်ပုံ ပါဘဲ။

စေတနာကောင်းနဲ့ အပြစ်ကင်းအောင် ဆောင်ရွက်နေရရာမှာလဲ အပြစ်ပြောတဲ့ သူကတော့ ရှိတတ်သေးတာဘဲ၊ အဲဒီလို အပြောခံရရင် နာယကဂုဏ် ၆ - ပါးထဲက ခမာ - သည်းခံခြင်း ဆိုတဲ့ ဂုဏ်နှင့်အညီ သည်းခံပြီးတော့ ရှင်းတန်တာ ရှင်းလင်း ပြရမယ်၊ ဆောင်လဲ ဆောင်ရွက်ရသေးရဲ့ - အပြစ်တင်လဲ ခံရသေးရဲ့လို့ ဆိုပြီး စိတ်ပျက်နေလို့တော့ မဖြစ်ဘူး၊ စိတ်ပျက်ပြီး ဆောင်ရွက်နေကျပုဂ္ဂိုလ်က မဆောင်ရွက်ယင် အပြစ်ပြောတဲ့ ပုဂ္ဂိုလ်ကလဲ ဆောင်ရွက်ရန် စွမ်းနိုင်ချင်မှ စွမ်းနိုင်မယ်၊ ကိုယ်က မစွမ်းနိုင်ဘဲနဲ့ သူများဆောင်ရွက်နေတာကို အပြစ်ပြောရုံ ပြောနေတာကလဲ မသင့်တော်ဘူး၊ အကယ်၍ ပြောစရာ ရှိရင်လဲ သတိပေးတဲ့အနေနဲ့ နူးနူးညံ့ညံ့ ချိုချိုသာသာ ပြောဆိုတတ်ဖို့ လိုပါတယ်၊ သာသနာရေးဆိုတာ စီးပွားရေးလဲ မဟုတ်ဘူး၊ နိုင်ငံရေးလဲ မဟုတ်ဘူး၊ ဒါကြောင့် ပြောတဲ့အခါ ချိုချိုသာသာ ပြောဘို့ လိုပါတယ်၊ မိမိ ပြောတဲ့ အတိုင်း မဖြစ်ရမည်လား ဆိုပြီး ဒေါသထွက်နေရန်လဲ မသင့်ပါဘူး၊ ပြောသင့်တာကို သတိပေးပြောခြင်းဖြင့် မိမိဘာဝန် ကျေပြွန်ပြီလို့ သဘောထားပြီး စိတ်ကြည်ကြည်လင်လင် ရှိဘို့လဲ လိုပါတယ်၊ သတိပေးခံရတဲ့ ပုဂ္ဂိုလ်ကလဲ စဉ်းစားဆင်ခြင်ပြီး ပြုပြင်သင့်တာကို ပြုပြင်ပြီး ဆောင်ရွက် သွားဘို့ လိုပါတယ်၊ အဲဒီလို သတိပေးတဲ့ ပုဂ္ဂိုလ်ရော ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ရော နှစ်ဦးလုံးက တာဝန်ဝတ္တရား ကျေပြွန်စွာ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားကြဘို့ လိုပါတယ်၊ အဲဒီလို ဆောင်ရွက်သွားယင် သာသနာတော် အတွက် အကျိုးများသွားပါလိမ့်မယ်။

နောက်ပြီးတော့ ဇာဂရိယ - နိုးကြားခြင်းတဲ့၊ ကိုယ့်တာဝန် ကျေပြွန်အောင် ဆောင်ရွက်ဖို့ရာ နိုးနိုးကြားကြား ရှိဘို့ပါဘဲ၊ နောက်ပြီးတော့ ဥဋ္ဌာန - ထကြွလုံ့လ ရှိခြင်းတဲ့၊ အဖွဲ့ဝင် ပုဂ္ဂိုလ်တိုင်း အသီးသီး တာဝန်ယူပြီးတော့ မိမိတာဝန်ကို တက်တက်ကြွကြွနဲ့ ပြီးစီးပြည့်စုံအောင် ဆောင်ရွက်သွားဘို့ ပါဘဲ၊ သံဝိဘာဂ - ပေးကမ်းခြင်း ဆိုတာကတော့ သိပ်မလိုလှပါဘူး၊ အလုပ်ကိစ္စကို ဆောင်ရွက်ကြတဲ့သူတွေအား ပေးသင့်တာ ပြည့်ပြည့်စုံစုံ ပေးဘို့လောက်ပဲ လိုပါတယ်၊

ဒယာ - သနားကြင်နာ မေတ္တာပွားခြင်းတဲ့၊ ဒါတော့ လိုပါတယ်၊ အဖွဲ့ကိစ္စကို ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်အချင်းချင်း ချမ်းသာကြပါစေဆိုတဲ့ မေတ္တာ မနောကံ ရှိနေဘို့ လိုပါတယ်၊ ဘယ်သူ့ အပြစ်ကို ဘယ်သူ့ထံ သွားပြောမယ်ဆိုတဲ့ ဒေါသစိတ်ကူးမျိုး ကင်းရှင်းစေရမယ်၊ ပြောစရာရှိတဲ့ အခါလဲ နတင်က ညွှန်ကြားခဲ့တဲ့ အတိုင်း မေတ္တာဝစီကံဖြင့် ချိုချိုသာသာနဲ့ ပြောရမယ်၊ ကူညီပြီး ဆောင်ရွက် ရေး ရှိယင်လဲ မေတ္တာ ကာယကံဖြင့် စွမ်းနိုင်သမျှ ကူညီ ဆောင်ရွက် ရမယ်၊ သာသနာ့ရိပ်သာရှိ ရဟန်းရှင်လူ ယောဂီတွေ အတွက် ဆောင်ရွက် နေကြရတာ ကတော့ မေတ္တာ ကာယကံ, မေတ္တာ ဝစီကံ, မေတ္တာ မနောကံ တွေချည်း ပါဘဲ၊ နောက်ပြီးတော့ ဣက္ခဏာ - အမြော်အမြင် ဉာဏ်ပညာ ရှိရမယ်တဲ့၊ ဒါကလဲ အရေးကြီးတာဘဲ၊ ဘယ်လို ဆောင်ရွက် သင့်တယ်၊ ဘယ်လိုဆောင်ရွက်ယင် ဘယ်လို အကျိုးများမယ် စသည်ဖြင့် ဉာဏ်ဖြင့် မြော်မြင်ပြီး ဆောင်ရွက်သွားကြဘို့ပါဘဲ၊ ယခု ပြောခဲ့တာတွေဟာ နာယကဂုဏ် ၆ - ပါးဘဲ၊ အဲဒါတွေကို အယင်နှစ်များကလဲ ပြောခဲ့ပါပြီ။

ယခု အပရိဟာနိယ တရား ( ၇ )ပါးထဲက သက်ဆိုင်တဲ့ အပရိဟာနိယ - မဆုတ်ယုတ်ရေး တရားများကို ပြောရဦးမယ်၊ လိစ္ဆဝီ မင်းတွေ အကြောင်းပြုပြီး ဟောထားတဲ့ အပရိဟာနိယ တရားထဲကပါဘဲ၊ အဘိဏှံသန္နိပါတာ သန္နိပါတ ဗဟုလာ- မကြာမကြာ စည်းဝေး တိုင်ပင် ရမယ်၊ စည်းဝေးတိုင်ပင်ခြင်း များစေရမယ်တဲ့၊ အဲဒီလို မကြာမကြာ စည်းဝေးတိုင်ပင်ယင် ဆောင်ရွက်စရာ ကိစ္စတွေလဲ ပေါ်လာမယ်၊ အချင်းချင်း အကြံဉာဏ် ပေးကြတာတွေလဲ ရှိမယ်၊ အများသဘောတူ ဆုံးဖြတ် တာဝန် ပေးနိုင်တယ်၊ တာဝန်ကျတဲ့ပုဂ္ဂိုလ်ကလဲ ပေးတဲ့ တာဝန်ကို ယူပြီး ဆောင်ရွက် နိုင်တယ်၊ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် ဝုဍ္ဎိယေဝ ပါဋိကင်္ခါ နော ပရိဟာနိ - ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားတိုးတက်ခြင်းသာ ရှိမယ်လို့ ဧကန် မျှော်လင့်ရပါတယ်တဲ့။

အဲဒီလို စည်းဝေးတဲ့ အခါ သမဂ္ဂါ သန္နိပတန္တိ - အညီအညွတ် စည်းဝေးကြရမယ်၊ သမဂ္ဂါ ဝုဋ္ဌဟန္တိ - အညီအညွတ် အစည်းအဝေးမှ ထကြရမယ်တဲ့၊ တချို့က စောစော ရောက်ပြီး ဆွေးနွေးနေယင် နောက်မှ ရောက်လာတဲ့ သူတွေက သံသယ ရှိနေမယ်၊ သူများထသွားကြပြီးတဲ့ နောက် ဆွေးနွေးနေကြယင်လဲ ထသွားတဲ့ သူတွေက သံသယ ရှိနေမယ်၊ ဒါကြောင့် အညီအညွတ် စည်းဝေးဘို့- အစည်းအဝေးမှ အညီအညွတ် ထဘို့ ညွှန်ကြားထားခြင်း ဖြစ်ပါတယ်၊ ယခု သာသနာရေးကိစ္စ အရာမှာတော့ ဒါက သိပ်အရေးမကြီးလှပါဘူး၊ အစည်းအဝေးရှိတဲ့ အခါ အချိန်မှီ မပျက်မကွက်ပဲ လာရောက်ဖို့ လောက်သာ လိုပါတယ်၊ နောက်ပြီးတော့ သမဂ္ဂါ ဝဇ္ဇိကရဏီယာနိ ကရောန္တိ - ဝဇ္ဇီမင်းတို့ ပြုသင့်တဲ့ ကိစ္စတွေတဲ့၊ ယခု ဒီမှာတော့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်တွေ ပြုသင့်တဲ့ ကိစ္စတွေလို့ ဆိုရမှာပေါ့၊ အဲဒီကိစ္စတွေကို အညီ အညွတ် ဆောင်ရွက်ကြရမယ်တဲ့၊ အမှုဆောင် အဖွဲ့ဝင်တွေက ( ၁၅ ) ယောက် ရှိတယ်၊ သုံးလေး ယောက်လောက်သာ ဆောင်ရွက် နေတယ်ဆိုယင် ဆောင်မစေ့နိုင်ဘူး၊ ဒါကြောင့် ( ၁၅ ) ယောက်လုံး အသီး အသီး ကိုယ်နိုင်ရာ နိုင်ရာ တာဝန်ယူပြီး ဆောင်ရွက်ကြဘို့ ပါဘဲ၊ အဖွဲ့ဝင် ဆိုတဲ့ အမည် ယူထားယင် အဖွဲ့၏တာဝန်ကို ဆောင်ရွက်ဘို့ တာဝန် ရှိနေပါတယ်၊ အဲဒီတာဝန်ကို ဆောင်ရွက်ဖို့ ပါဘဲ၊ အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော - ရောက်လာတဲ့ တာဝန်ကို မချွတ်မကန် ဆောင်ရွက်ရလိမ့်မယ်လို့ ဆိုထားပါတယ်၊ ဒါကြောင့် မိမိနဲ့ ထိုက်တန်တဲ့ မိမိ ဆောင်

ရွက်နိုင်တဲ့ တာဝန်ကို အသီးအသီး ယူပြီး ကျေပြွန်အောင် ဆောင်ရွက်သွားကြဘို့ပါဘဲ၊ လူစေ့ တက်စေ့ ဆိုသလို အဖွဲ့ဝင်တိုင်း ကိုယ်စီကိုယ်ငှ ဆောင်ရွက်သွားကြဘို့ ထပ်မံ သတိ ပေးပါတယ်၊ အဲဒီလို အညီအညွတ် ဆောင်ရွက်သွားကြလို့ ရှိယင် ဆုတ်ယုတ်ဖွယ် မရှိဘူး၊ တိုးတက် ကြီးပွားဘွယ်သာ ရှိပါတယ် တဲ့၊ ဆောင်ရွက်သင့်တဲ့ တာဝန်ကို မဆောင်ရွက်ပဲ လစ်သပ်နေယင် လဲ အချင်းချင်း မေတ္တာဝစီကံဖြင့် ချိုသာစွာ သတိပေး စကား ပြောကြားရမယ်၊ ဆရာလုပ် သည့် အနေနဲ့ မာန်မဲသည့်အနေနဲ့ ပြောရန်တော့ မသင့်ဘူး၊ အပြောခံရတဲ့ ပုဂ္ဂိုလ်ကလဲ စဉ်းစား ဆင်ခြင်ပြီး လစ်လပ်နေတဲ့ ကိစ္စတွေကို ပြည့်စုံအောင် အထူးသတိပြုပြီး ဆောင်ရွက် သွားရမယ်၊ အဲဒီအတိုင်း ဆောင်ရွက်သွားကြယင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးဟာ တိုးတက်သည် ထက် တိုးတက်သွားမှာ ဧကန်ပါဘဲ၊ ယခုလဲ တိုးတက်နေပါဘယ်၊ တနှစ်ထက်ဘနှစ် ထူးထူး ခြားခြား တိုးတက်နေပါတယ်၊ ယခု ပြောခဲ့တဲ့ ဩဝါဒ အတိုင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက် သွားနိုင်ကြယင်တော့ အတိုင်းသက်အလွန် တိုးတက်သွားပါလိမ့်မယ်၊ ဘုန်းကြီးတို့ ဟောပြော ညွှန်ပြနေတဲ့ ပဋိပတ္တိသာသနာတော်ဟာလဲ ယခု တိုးတက် နေတာထက် ထူးထူးခြားခြားကြီး တိုးတက်လာပါလိမ့်မယ်။

အဲဒီလို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရော ပဋိပတ္တိသာသနာတော်ရော တိုးတက် သည်ထက် အထူး တိုးတက်ကြီးပွားသွားအောင် အဖွဲ့ဝင်တိုင်း အသီးအသီး တာဝန်ယူ၍ ကိုယ်စီကိုယ်ငှ ရွက် ဆောင် နိုင်ကြပါစေ၊ အပြစ်ကင်းအောင်လဲ ရွက်ဆောင်နိုင်ကြပါစေ၊ အချင်းချင်း ချိုချို သာသာ သတိပေးစကား ပြောကြားလျက် အကြံဉာဏ်ပေး၍ ပြုပြင်သင့်တာကိုလဲ ပြုပြင်ကြ၍ အညီအညွတ် ဆောင်ရွက်နိုင်ကြပါစေ၊ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရော မြတ်စွာဘုရား၏ သာသနာတော်ရော တိုးတက်သည်ထက် တိုးတက်ကြီးပွားပါစေသတည်း။

သာဓု　　သာဓု　　သာဓု

၁၃၃၆–ခုနှစ်၊ နတ်တော်လဆန်း ၉ရက် ( ၂၂·၁၂·၇၄ ) နေ့၌ ကျင်းပအပ်သော
၂၅–နှစ်မြောက် နှစ်ပတ်လည် ငွေရတုသဘင် ဩဝါဒခံယူ ပူဇော်ပွဲ၌
ဖတ်ကြား ပူဇော်အပ်သော

# မဟာစည်ထေရ ပူဇာဂါထာများ

၁။ မ — ဟဂ္ဂ သဗ္ဗယောဂိနံ၊
ဟာ — သေတိ ဓမ္မဒေသနာ။
စည် — ဝရာဒိဟိ ပူဇေသုံ၊
ထေရော — နော ဗဟုကာရကော။

၁။ မဟာစည်ထေရော · ကမ္ဘာအပြည်ပြည် မဟာစည်ဟု သာကီဂိုဏ်းဝင် သမိုင်းတွင်လတ် ကျေးဇူးရှင် မဟာစည် ထေရ်မြတ်ကြီးသည်၊ မဟဂ္ဂသဗ္ဗယောဂိနံ · ထင်ရှားမြင့်မြတ် အရပ်ရပ်မှ ချဉ်းကပ်ဖုံဖုံ အားလုံးကုန်သော ယောဂီ သူတော်စင် အပေါင်းတို့အား၊ ဓမ္မဒေသနာ · မဟာသတိပဋ္ဌာန် ကျင့်စဉ်မှန်၌ သိဉာဏ်တိုးပွား အကျိုးများမှု စိတ်တော်ရှု၍ နယပဒေပိုင်းခြား မြတ်တရားကို ဟောကြားပြသ ဆုံးမတော်မူခြင်းဖြင့်၊ ဟာသေတိ · သံသရာမှ မြန်စွာထလျက် မဂ္ဂဖလံ မြတ်နိဗ္ဗာန်ကို ကေန်တိတိ ကိုယ်တိုင်သိကာ ရရှိပါတကားဟူ၍ စိတ်ထားကြည်လင် အစဉ်ချမ်းရွှင်လန်းအားတက် နှစ်သက်စေတော်မူ တတ်ပါပေ၏၊ တဿ ထေရဿ · မဟာစည်ဟု ညာညီ သတ်မှတ် ထိုကျေးဇူးရှင် ဆရာတော်မြတ် ကြီးအား၊ တေယောဂိနော · ဆရာရှင်ထံရင်း ကပ်ချဉ်း ခိုမှီ ထိုယောဂီ သူတော်စင် အပေါင်းတို့သည်၊ ထေရော · ကျေးဇူးရှင် မဟာစည်ဆရာတော်မြတ် ကြီးသည်၊ နော အမှာကံ · နီးဝေးဝန်းကျင် ရပ်ဆယ်ခွင်မှ ဖူးမြင်ကြမည် စိတ်ကိုယ်စီဖြင့် စုံညီ ခညောင်း ယောဂီအပေါင်း ဖြစ်ကြကုန်သော အကျွန်ုပ်တို့အား၊ ဗဟုကာရကော · တရားရေးရာ အပြာပြာ၌ လိမ္မာယဉ်ကျေး နည်းစုံပေး၍ ပင့်ပေးအထူး ကျေးဇူးများစွာ ပြုခဲ့ပါတကား ဟူ၍၊ စီဝရာဒိဟိ · သင်္ကန်းနှင့်ဆွမ်း ကျောင်းခန်းရပ်ရပ် ဆေးမြတ်စသည် အလီလီတို့ဖြင့်၊ ပူဇေသုံ· တင်လာ ကျေးဇူး အထူးတုံ့ပြန် စိတ်ရည်သန်လျက် ကြိမ်ဖန်ဖူးမျှော် ပူဇော်ဝိုင်းအုံ ကန်တော့ လိုက် ကြလေကုန်သတည်း။ ။

၂။ သာသန — ဋ္ဌိတိ ဌာနေသု၊
မာ — ဝ ဇောတေတိ တေဇသာ။
မ — ဟန္တံ ဂုဏ သဥ္စယံ၊
ကော — ပူဇံ နကရေယျတံ။

၂။ သာသန မာမကော · သာသနာသုံးရပ် သက်နှင်းအပ်၍ ထွင့်မြတ် မွန်းတင် ခင်မင် လေးစားခြင်း ရှိတော်မူသော ကျေးဇူးရှင် ဆရာတော်မြတ်ကြီးသည်၊ သာသနဋ္ဌိတိဋ္ဌာနေသု · ဗုဒ္ဓသာသနာ တည်ရှိရာ ဌာနအဝဝတို့၌၊ မာဝ–ယုန်စန်းသော်တာ လစကြာ ရတနာကြီးကဲ့သို့၊ တေဇသာ-ကိုယ်ပိရင်ပိ ကွက်စိစွမ်းဆောင် သတိပဋ္ဌာန်တည်း ဟူသော တရားရောင်ဖြင့်၊ ဇောတေတိ · ရပ်ရွာမြို့နယ် တိုင်းသူယ်သူယ်နှင့် ကြီးကျယ်နိုင်ငံ ပြိုင်စံဘက်ကင်း အရောင်ခွင်း၍ ထွန်းလင်းပုံသော

တောက်ပစေတော် မူခဲ့ပါပေ၏၊ မဟန္တ ဂုဏသဥ္စယံ - ကြီးကျယ် ထင်ရှား ဂုဏ်ထူး များ၏ တံ့နားစုဝေးရာအစစ် ကေန်ဖြစ်သော၊ တံထေရံ - မဟာစည်ဟု ညာညီသတ်မှတ် ထိုကျေးဇူးရှင် ဆရာတော်မြတ်ကြီးကို၊ ကော - ကျေးဇူးဂုဏ်အင် စုံလင်သိတတ် ဘယ်မည်သော တပည့်မြတ်သည်၊ ပူဇံ - ပစ္စည်းတရား နှစ်မျိုးအားဖြင့် လေးစားအပ်နှင်း ပူဇော်ခြင်းကို၊ န ကရေယျ - ထင်ရှား ညီညာ လေးစားစွာဖြင့် ခါခါထပ်ထပ် လေးမြတ်ယှဉ်တွဲ မဆတ်ပဲ ရှိပါတော့အံ့နည်း၊ ကရေယျ ဧဝ - မဖင့်မနွဲ့ အမြဲကြည်သာ ခါခါ ထပ်ထပ် ပေးဆတ်မသွေ ပြုလုပ်ထိုက်ပါပေသတည်း။ ။

၃။ ပရိ — နိဋ္ဌိတဥဂ္ဂဟော၊
ယတ္တိ — ဗျတ္တိ ဝိသာရဒေါ။
ဆေ — ကော ပဋ္ဌ နိကာ ယေသု၊
ကော — တေန သဒိသော ဘဝေ။

၃။ ပရိယတ္တိဆေကော - စာပေကျမ်းဂန် အတန်တန်၌ လေးလံမရှိ လျှင်ဘိထက်သန် လိမ္မာညာဏ်တင့်ကြွား ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်၊ ပရိနိဋ္ဌိတဥဂ္ဂဟော - လောကီ လောကုတ္တရာ ရေးအရာ၌ ဖွေရှာသိးသိး ပြီးစီးပြည့်စုံသော သင်ယူ လေ့လာခြင်း ရှိသည်ဖြစ်၍၊ ယတ္တိဗျတ္တိ ဝိသာရဒေါ - အားထုတ်ကြိုးစား တိုးပွားအောင်မြင် လုပ်စွမ်းအင်၌ ထာဝစဉ်မြဲတင့် ရဲရင့်ခြင်း ရှိတော်မူ ပါပေ၏၊ ပဋ္ဌနိကာ ယေသု - ပိဋကတ်သုံးသွယ် - နိကာယ်ငါးရပ် ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာမြတ်တို့၌၊ ဆေကော - မေးလာ မြန်းလာ ကြောင်းဖြာဖြာ၌ မကြာ မဖင့် ခါမလင့်ပဲ ဆင်သင့် ဖြေကြား စွမ်းပကားကြောင့် ထင်ရှားအစဉ် ကျွမ်းကျင် လိမ္မာခြင်းရှိ တော် မူပါပေ၏၊ တေန - ထိုသို့ဟုတ်မှန် ထုတ်ပြန် ရပ်ရပ် ဂုဏ်ထူးမြတ်ကြောင့်၊ ကော - လော က တခွင် ဂုဏ်ထူးယှဉ်သည့် ရှင်နှင့်ရဟန်း တင့်ဆန်းစုံစိ အဘယ်ပညာရှိသည်၊ တေနထေရေန - ကျေးဇူးတော်သခင် ထိုမဟာစည် ဆရာတော် အရှင်မြတ်ကြီးနှင့်၊ သဒိသောဘဝေ - နှိုင်းယှဉ်ပြိုင်စံ တူတန်နိုင်ပါ တော့အံ့နည်း၊ န သဒိသော ဧဝ - ပရိယတ် ပဋိပတ် အရပ်ရပ်၌ နှိုင်းစပ်ယှဉ်စံ မတူ တန်နိုင်တော့ သည်သာလျှင်တည်း။ ။

၄။ ပဋိ — ပဇ္ဇိတု ကာမာ ယေ၊
ပတ္တိ — ယ မဂ္ဂမေသကာ။
ဒေသ — နာ တေသံ တောသေတိ၊
ကော — ဓ လောဘာ ဝိရာဇယံ။

၄။ ပဋိပတ္တိဒေသကော - သတိပဋ္ဌာန် ကျင့်လမ်းမှန်ကို ပြသွန်ဟောကြား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်၊ ပဋိပဇ္ဇိတုကာမာ - မဂ်ရောက်ဖိုလ်မြင် ကျင့်လမ်းစဉ်ကို အ တွင် လိုက်စား ကျင့်ပွားလိုကြ ကုန်သည်ဖြစ်၍၊ ယေ ယောဂိနော - တရားရေးရာ လွန်စွာလိုလား အကြင်ယောဂီ သူတော်စင် အများတို့သည်၊ ပတ္တိယ - ဆရာတော် ခြေရင်း ကပ်ချဉ်း ဝိုင်းအုံ ရောက်လာကြကုန်သည် ဖြစ်၍၊ မဂ္ဂံ - နိဗ္ဗာန်စခမ်း ချေမ်းသက်ဝင် ကျင့် လမ်းစဉ်ကို၊ ဧသကာ - စိတ်အားထက်သန် နည်းနာခံ၍ ကျင့်ကြံအထူး ဆည်းပူးရှာမှီး ကြလေကုန်၏၊ တေသံ - ခြေဒတော် ရင်းသို့ ကပ်ချဉ်းဖူးမြင် ကျင့်စဉ်လိုလား ထိုယောဂီ သူတော်စင် အများတို့အား၊ ဒေသနာ - စာ ပေ ကျမ်းဂန် လမ်းမှန်ကျန ဟောညွှန်ပြ၍၊ ကောဓလောဘာ ဝိရာဇယံ - အမျက်ဒေါသ လောဘ

ရမွက် မောဟဖျက်ချေ ကင်းပျောက် စေတော်မူလျက်၊ တောသေတိ - တရားမြိုက်ဆေး တိုက်ခါ ကျွေး၍ ကိုယ်အေးစိတ်ရွှင် ကြည်လင် အေးမြ ဘေးပရန်သွေ နှစ်သက် စေတော်မူ ပါပေ သတည်း။ ။

၅။ ပတိ — ရူပစရဏောသု၊
ဝေ — နေယျာနံ နိယောဇကော။
ဓ — ရမာနေဝ ကဿပေ၊
သိဒ္ဓိကရော — ပဟံသကော။

၅။ ပတိဝေဓ သိဒ္ဓိကရော - ဗုဒ္ဓပြဉ္ဉန် ကျင့်လမ်းမှန်ဖြင့် ကေန်သိရ မဂ္ဂဖလံ နိဗ္ဗာန် ညွှန်ဖူး တရားထူးကို ဆွတ်ခူးလက်ငင်း ပြီးစီးပြည့်စုံခြင်းကို ပြုပေးတော်မူ တတ်သော ဆရာတော် ဘုရားကြီးသည်၊ ပတိရူပ စရဏေသု - မဂ်ဖိုလ် နိဗ္ဗာန် သိရှိရန်အတွက် သင့်တန်ဖြောင့်တန်း အကျင့် စခမ်းတို့၌၊ ဝေနေယျာနံ - တရားကျင့်စဉ် စိတ်ပါဝင်၍ သိမြင်လိုသား ယောဂီအများ တို့အား၊ နိယောဇကော - ညွှ်ဘုင့် လမ်းစဉ် မသွေကြဉ်ပဲ လုံ့လဇွဲဖြင့် အမြဲဘာစ ကျင့်ပွား သေက မဂ္ဂ ဖလံ နိဗ္ဗာန်စခမ်း မလွတ်တမ်းသာ ရောက်နိုင်ပါဟု သေချာသတ်မှတ် ညွှန်ကြားတိုက်တွန်းတတ် ပါပေ၏၊ ဓရမာနေ - ဗုဒ္ဓဘုရား ထင်ရှားပွင့်ပေါ် လက်ထက်တော် ကာလ၌၊ ကဿပေဝ - မဟာကဿပ နာမမည်တွင် ရှေးဦးစွာ သံဂါယနာတင်သည့် ရဟန္တာ ထေရ် အရှင်မြတ်ကြီးကဲ့ သို့၊ သိဒ္ဓိကရော - လောကုတ် လောကီ နှစ်လီအကျိုး ပွားတိုးထင်လင်း ပြီးစီး ပြည့်စုံခြင်းကို ပြုပေးတော်မူ တတ်သည်ဖြစ်၍၊ ပဟံသကော - သံသရာညွှတ်ကွင်း ဝဋ်နှောင်တွင်းမှ လွတ်ကင်း ပေပြီ ချမ်းသာပြီ စသည်ဖြင့် တွေးဆမျှော်မှန်း ရွှင်လန်းအားတက် နှစ်သက်စေတော်မူ ခဲ့ပါပေ သတည်း။ ။

၆။ သတိ — ဝိရိယ ပညာဟိ၊
ပဋ္ဌာန — မနုယုဉ္ဇကော။
ပါ — ပေဟိ ဝိရတော တေန၊
မောက္ခော — ထေရဿ ဂါရဝေါ။

၆။ သတိပဋ္ဌာန ပါမောက္ခော - သတိပဋ္ဌာန် ကျင့်လမ်းမှန်၌ ပြိုင်စံသူကင်းပ ဦးစီး ပါမောက္ခတဆူ ဖြစ်တော်မူပြသ ဆရာတော်ဘုရားကြီးသည်၊ သတိဝိရိယ ပညာဟိ - သတိမှတ် ကျန ဝိရိယထက်သန် ပညာဉာဏ် အသိထူးတို့ဖြင့်၊ ပဋ္ဌာနံ - ဗုဒ္ဓရှင်ပင် ဉာဏ်သမ္ဘင်ဖြင့် တွင်တွင် ညွှန်ကြား သတိပဋ္ဌာန် အကျင့်တရားကို၊ အနုယုဉ္ဇကော - မဆုတ်မနစ် အားသစ်ယှဉ်နှဲ့ လုံ့လဇွဲ ဖြင့် အမြဲမယုတ် အားထုတ်ကြိုးစားတော် မူခဲ့ပါပေ၏၊ တေန - ထိုကဲ့သို့ မလွတ်စတမ်း မြတ် ကမ္မဋ္ဌာန်းကို ရွှင်လန်းမလင့် ပြည့်ကျင့် အားထုတ်တော် မူခဲ့ခြင်းကြောင့်၊ ပါပေဟိ - ယုတ်ညံ့ အောက်ကျ များလှသိုသို အကုသိုလ် တရားဆိုးဘို့မှ၊ ဝိရတော - တပ်မက်အစဉ် ချစ်ခင်စွဲသမ်း စိတ်မသန်းဘဲ အေးချမ်းရွှင်ကြည် လွတ်မြောက်တော် မူခဲ့သည် ဖြစ်၍၊ မောက္ခော - သံသရာ ညွှတ်ကွင်း ဝဋ်နှောင်တွင်းမှ လွတ်ကင်းရာမှန် မြတ်နိဗ္ဗာန်သည်၊ ထေရဿ - ကျေးဇူးတော် သခင် မဟာစည်ထေရ် အရှင်မြတ်ကြီး၏၊ ဂါရဝေါ - ထာဝစဉ်ချဉ်းကပ် လေးမြတ်ကြည်ညို မှီခိုအားပြုရာ ဌာနကြီး အစစ်အမှန်ပင် ဖြစ်တော်မူပါပေသတည်း။ ။

၇။ သ — မာဟိတ သုသိက္ခာယ၊
မာ — ဝ ဘူတေသု တောသိတံ။
ဂ — ရုမာနုန သံယုတ္တံ၊
တာ — ယနေ နိစ္စဗျာဝတံ။

၈။ တံ — ထေရံ ဂုဏာသဥ္စယံ၊
ပူ — ရိတာ မတပါယိတံ။
ဇေ — ယျသိဒ္ဓိ သုခေသိတာ။
မ — ဟာသမိတိ စေတသာ။

သမာဟိတသုသိက္ခာယ - ကောင်းစွာကျင့်ပွား သုံးပါးသိက္ခာ ဂုဏ်ဝါတင့်ဆန်း တန်ခိုးစွမ်းဖြင့်၊ ဘူတေသု - လောကအတွင်း ထင်လင်းဖြစ်ပွား သတ္တဝါအများတို့၌၊ မာဝ - ယုန်စန်းသော်တာ လစကြာကြီးကဲ့သို့၊ တောသိတံ - အေးကြည်ခတ်သွင်း ပူပန်ရှင်း၍ ရောင်လင်းထွက်ပြူ နှစ်သက်စေတော်မူတတ်သော၊ ဂရုမာနုန သံယုတ္တံ - လေးစားမြတ်နိုး တုပ်ဝပ်လျှိုး၍ အားကိုးခင်မင် အစဉ်မခ ယှဉ်တွဲဆက်ဆံခြင်း ရှိတော်မူထသော၊ တာယနေ - ဘေးကင်းရန်ကွာ အရာရာတွင် ချမ်းသာစေမှု တွင်တွင်ပြုကာ စောင့်ရှောက်ရာ၌၊ နိစ္စဗျာဝတံ - အစဉ်ထာဝရ မြင်မှန်ရအောင် ကြောင့်ကျစိုက်ထုတ် ပြုလုပ်ခြင်း ရှိတော်မူသော၊ ပူရိတာ မတပါယိတံ - မအိုမနာ မသေရ ဘေးဒုက္ခမှ ကင်းပလွတ်ရေး အမြိုက်ဆေးကို တိုက်ကျွေးဝေငှ ဟောပြပုံသေ ကျင့်ပွားစေတော်မူတတ်သော၊ ဂုဏာသဥ္စယံ - လူ့ရောနတ်ပါ ဗြဟ္မာမကြွင်း အမင်းမင်းတို့၏ ချီးမွမ်းခြင်းဂုဏ် အလုံးစုံတို့ စုပုံပေါင်းစည်းရာလည်း ဖြစ်ပေထသော၊ တံ ထေရံ - မဟာစည်ဟု ညာညီသဘ်မှတ် ထိုကျေးဇူးရှင် ဆရာတော်မြတ်ကြီးကို၊ ဇေယျသိဒ္ဓိ သုခေသိတာ - မှုစုံအောင်မြင် လိုလျှင် ပြီးစီး အသီးသီးချမ်းသာ အဖြာဖြာတို့ကို ဖွေရှာထင်လင်း လိုလားခြင်း ရှိကြကုန်သော၊ သမာဂတာ - နီးဝေးဝန်းကျင် ရပ်ဆယ်ခွင်တို့မှ ဖူးမြင်ကြမည် စိတ်ကိုယ်စီဖြင့် ယုံကြည်ဖြိုးတင့် ဆင်သင့်ညီညာ စုဝေး ရောက်လာကြကုန်သော၊ မယံ - ဆရာတော်ဘုရား ဟောကြားပြုပြင် သတိပဋ္ဌာန်တည်းဟူသော ကျင့်လမ်းစဉ်ကို အစဉ်လေးစား မရပ်နားပဲ ကျင့်ပွားရှင်ပျော် ဘုရားတပည့်တော် တို့သည်၊ မဟာသမိတိစေတသာ - မြတ်ယုတ်ကြီးငယ် ပေါကြွယ်ဆင်းရဲ မခွဲချစ်မုန်း စည်းလုံးမှု ရှေ့ထား ကြီးမားမြင့်မြတ် မိသားစုစိတ်ဓာတ်ဖြင့်၊ ပူဇေမ - ရှိသမျှ အင်အား စုံညီထား၍—

၁။ ထေရ်ရှင်ဘုရား ကျန်းမာ ချမ်းသာပါစေ၊
၂။ ထေရ်ရှင်ဘေးဘယ မြေလွတ်မြောက်ပါစေ၊
၃။ ထေရ်ရှင်အသက် ရာထက်ရှည်ပါစေ-

စသည်ဖြင့် လေးစားဝိုင်းအုံ ပူဇော် ကန်တော့ လိုက်ကြပါကုန်သည် အရှင် ဘုရား။ ။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်မှ
ရေးသား ပူဇော်ပါသည်။
၁၃၃၆ - ခုနှစ်၊ ဝါခေါင်လ။

ရန်ကုန်မြို့၊ ကုတ်ကိုင်း၊ ဟာဘင်တိတ်လမ်း၊ အမှတ်(၁၆)

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏

( ၂၇ )နှစ်မြောက် အထိမ်းအမှတ် နှင့်

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌

ဝိပဿနာတရား ပြသတော်မူသည့် (၂၅)နှစ်မြောက်

## ငွေရတုသဘင်အထိမ်းအမှတ်အစီရင်ခံစာ

[၁၃၃၆-ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်၊ ၁၉၇၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၂-ရက်]

---

### ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ချုပ်ကို ၁၃၀၉ - ခုနှစ် နတ်တော် လဆန်း ( ၁ ) ရက် ( ၁၃ - ၁၁ - ၄၇ )နေ့၌ သတိုးသီရိသုဓမ္မ ဆာဦးသွင် စသော သာသနာတော်ကို အမြင့်မားဆုံး ချီးမြှောက်လိုသူ သူတော်စဉ် အပေါင်းတို့က ရန်ကုန် နေပြည်တော်၌ တည်ထောင်ခဲ့ပါသည်။

အဖွဲ့ကြီး၏ ရည်ရွယ်ချက် လုပ်ငန်းစဉ် အချုပ်မှာ ပရိယတ္တိ သာသနာတော် နှင့် ပဋိပတ္တိ သာသနာတော် စည်ပင် ထွန်းလင်းရေး အတွက် အမြင့်မားဆုံး ချီးမြှောက်ရန် ဖြစ်ပါသည်။

### သာသနာ့ရိပ်သာ

၁ - ပရိယတ္တိသာသနာတော်ကို အမြင့်မားဆုံး အထူးတလည် ချီးမြှောက်ရန် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ကျင်းပလိုပေသည်။

၂ - ပဋိပတ္တိ သာသနာတော်ကြီးကို အမြင့်မားဆုံး ချီးမြှောက်ရန် ကမ္မဋ္ဌာန်း ဌာနကြီး တခုကို ဖွင့်လှစ်လိုပေသည်။

ယင်းလုပ်ငန်းကြီး နှစ်ရပ်ကား အလွန်ကြီးကျယ် မြင့်မားလှပါသည်၊ သို့ဖြစ်၍ လုပ်ငန်းကြီး နှစ်ရပ်ကို စ,နိုင်ရန်အလို့ငှာ ကျယ်ပြန့်သော အဖွဲ့ဘည်ရာ ခြံမြေကို တနှစ်နီးပါး ရှာဖွေခဲ့ရပါသည်။

အဖွဲ့တည်ရာခြံမြေကို ရှာဖွေနေသည့် အတောအတွင်း၌ ပင် ဆာဦးသွင် အမှူးပြုသော အမှုဆောင်လူကြီးတို့သည် တိပိဋကဓရ ရွေးချယ်ပွဲကြီး အမြန် စတင် ကျင်းပနိုင်ရန် နေ့မိန် ကျောင်းကြီး ဆရာတော် ဦးဉာဏ- ခြောက်ထပ်ကြီး ဘုရားကြီးဆရာတော် ဦးကောဏ္ဍည- စသော



သာသနာ့ရိပ်သာ ဒါယကာကြီး သတိုးသီရိသုဓမ္မ ဆာ ဦးသွင်

No 4

သာသနာ တော်၌ ဩဇာ ညောင်းသည့် ဆရာတော်ကြီး တို့နှင့်ရင်း ပဌမကျော် ဦးကြီးဖေ ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း ၊ စသော လူပညာရှိတို့နှင့်ရင်း လုပ်ငန်းစလျက် ရှိပါသည်။

တဖက်ကလည်း ကမ္မဋ္ဌာန်းဌာနကြီး အမြန်ဆုံး ဖွင့်လှစ်နိုင်ရန် ပရိယတ္တိ ပဋိပတ္တိ နှစ်ရပ်စွယ်စုံသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါးကို စုံစမ်းရှာဖွေလျက် ရှိသည့်ပြင် မြေယာကွက်ရရှိသည်နှင့် တပြိုင်နက် ကမ္မဋ္ဌာန်း အဆောက်အဦ တို့ကို တည်ဆောက်ရန် စီစဉ်လျက် ရှိလေသည်။

## အမည်တော်

၁၃၁၀ ခုနှစ် နတ္တော်လပြည့်ကျော်( ၉ )ရက် ( ၂၆ ၊ ၉ ၊ ၄၇ ) နေ့၌ အဖွဲ့ တည်ရာ ခြံမြေကွက်ကို ဥက္ကဋ္ဌကြီး ဆာဦးသွင် လေဒီသွင် သားသမီးတစုတို့က လှူဒါန်းသောအခါ အဆောက်အဦများ အမြန်တည်ဆောက်နိုင်ရန် မြေကွက် သန့်ရှင်းရေးလုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက်ပြီးလျှင် ( ၁၄ ၊ ၁၁ ၊ ၄၇ ) နေ့၌ ယင်း ခြံမြေကို 'သာသနာ့ရိပ်သာ' ဟု ခြောက်ထပ်ကြီးတိုက် ဦးကောဇ္ဇည စသော ဆရာတော်တို့၏ဩဝါဒကို ခံယူကာ မှည့်ခေါ်ခဲ့ပါသည်၊ ထိုနေ့၌ပင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ( ၁၂ )ကြိမ်မြောက် အစည်းအဝေးကို သာသနာ့ရိပ်သာ ခြံမြေ၌ပင် တနေကုန် စည်းဝေးကာ တိပိဋကဓရ ရွေးချယ်ပွဲ ကျင်းပရေး စည်းမျဉ်း မူကြမ်းကို ဆရာကြီး ဦးကြီးဖေ စသော လူပညာရှိတို့က တင်ပြခဲ့ကြပါသည်။

## တိပိဋကဓရ ရွေးချယ်ပွဲ

တိပိဋကဓရ ရွေးချယ်ပွဲ ကြီးကို ၁၃၁၀ ခုနှစ် မြန်မာသက္ကရာဇ်မကုန်မီ ပဌမအကြိမ် ကျင်းပနိုင်ရန် အလို့ငှာ လိုအပ်သော အဆောက်အဦ တို့ကို တည်ဆောက်ရန် ဥက္ကဋ္ဌကြီး ဆာဦးသွင်၊ ဟသ်ာတ ဦးမြ၊ အကျိုးဆောင်ကြီး ဦးစံသိမ်း၊ မိုးသတ် ဦးလှကျော်တို့ ပါဝင်သော အဆောက်အဦ တည်ဆောက်ရေး အဖွဲ့ ခွဲက စံကျောင်းတော်၊ ဆွမ်းစားကျောင်း၊ ပြာသာဒ်ပေါက်သော သံဖြူမဏ္ဍာပ်ကြီးတို့ကို လပိုင်း အတွင်း အပြီး တည်ဆောက်ခဲ့လေသည်။

## တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပခြင်း

တိပိဋကဓရ ရွေးချယ်ပွဲကြီး ကိုလည်း ၁၃၁၀ ခုနှစ် တပို့တွဲ လဆန်း ( ၆ )ရက် နေ့၌ ပဌမအကြိမ် စတင် ကျင်းပရာ ဆဋ္ဌသံဂါယနာတင်ပွဲ မတိုင်မီခေတ်၌ အမြင့်မားဆုံး အကြီးဆုံး မကြုံစဖူး ထူးကဲသော ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သည့်ပွဲကြီး ဖြစ်ခဲ့ပါသည်၊ ထိုစဉ်က အခမ်းအနားကျင်းပပုံကို တိုက်ရိုက် အသံလွှင့်ခဲ့ သဖြင့် မြန်မာ တပြည်လုံးက သာဓု နက်သံကောင်းချီးညာအောင် သာဓု ခေါ်ကြရလေသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် တို့သည်း ပရိယတ္တိ သာသနာတော် ကြီးကို အစွမ်းကုန် စတင်ချီးမြှောက်လိုက်ကြရသောကြောင့် ဖရဏာပီတိ ဂွမ်းဆီထိသလို ကြည်အိ ချမ်းမြေ့ကြသော်လည်း အာဂုံပြန်ပွဲ ရေးဖြေပွဲ ပြီးသောအခါ တပါးမျှ မအောင်မြင်ခဲ့ပါ။

ဥက္ကဋ္ဌကြီး ဆာဦးသွင်ကမူ 'ဒီပွဲက အစပဲဗျာ၊ အခုလို ကြွရောက် ရွေးချယ် ပွဲ ဝင် ကြတာကိုပဲ အလွန် အားရ ကျေနပ်စရာ ကောင်းနေပါပြီ၊ ရှေ့နှစ်ဆိုယင် သည့်ထက် ဝင်ကြမည့် အရှင်မြတ်တွေ ပေါ်လာမည်၊ ကျုပ်တို့က ဝိရိယ ကောင်းကောင်း ဇွဲရှိရှိနဲ့ ဆက်လက် ကျင်းပ ပေးကြဖို့ပဲ လိုပါတယ်၊ အခုလဲ ပဌမနှစ်မှာ ပွဲဖြစ်အောင် ကြွရောက်ပြန်ဆိုတော်မူကြတဲ့ အရှင်မြတ်တွေကို ပူဇော်ပွဲ ပြုလုပ်သင့်ပါတယ်၊ ဒါမှလဲပဲ ရှေ့နှစ်မှာ ဝင်ရောက်ဖြေဆိုတော်မူကြမည့် သာသနာ့ အာဇာနည်လောင်းတို့ ပိုမို များပြားလာမယ်' ဟု အားတက် သရော ပြောကြားသော အခါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တို့သည် စိတ်အင်အား မြင့်မားလာကြပြီးလျှင် ပူဇော်ပွဲကိုပါ ကျင်းပကြပါသည်၊ 'ဆဋ္ဌသံဂါယနာတင်ရန်' ဟူသော အသံကိုလည်း စဘင် ဟစ်ကြွေးခဲ့ကြလေသည်။

ဤသို့ ပဌမ အကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ၌ တပါးတလေမျှ မအောင်မြင်ကြ သော်လည်း ဝင်ရောက် ပြန်ဆိုဖြေ ရသည်ကိုပင် ပူဇော်လိုက်ကြသေးသည့် အတွက် အာဃာယ်၍များ ပိဋကတ်တပုံဆောင် သာသနာ့အာဇာနည် တပါးတလေ ဖြစ်ထွန်း ပေါ်ပေါက်လာပါမူ မည်မျှ ချီးကျူး ဂုဏ်ပြုကြလေမည်နည်းဟု သတင်းဖြစ်ကာ ဒုတိယအကြိမ် ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ဝင်ရောက် ပြန်ဆိုတော်မူကြမည့် သာသနာ့ အာဇာနည်လောင်း ပုဂ္ဂိုလ် တို့မှာ ပို၍ပင် များပြားလာပါသည်၊ ပိဋကတ် တပုံဆောင် ဝိသိဋ္ဌ ဝိနယဓရ ပုဂ္ဂိုလ်ထူး (အရှင် ပညာသာရ၊ ယခု ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်း ဆရာတော်) တပါး ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပါသည်၊ သို့ဖြစ်၍ ချီးကျူး ဂုဏ်ပြု ပူဇော်ပွဲကြီးကိုလည်း ခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ဥက္ကဋ္ဌကြီး ဆာဦးသွင်က 'အာဇာနည် ပုဂ္ဂိုလ်ထူး ဆိုတာ လွယ်လွယ်နဲ့ ဘယ်မှာ ရနိုင်မှာတုန်း ဗျာ၊ အဆောင်အယောင် ကောင်းကောင်း ဇွဲကောင်းကောင်းနဲ့ ရှာယူနိုင်မှ ရနိုင်တာမျိုး ဗျ၊ လုံ့လ ဝိရိယ ဇွဲကောင်းကောင်းနဲ့ နောက်မဆုတ်တမ်း ဆောင်ရွက်ကြပါ၊ တနေ့ကျယင် တိပိဋကဓရ ပုဂ္ဂိုလ်ထူး သာသနာ့အာဇာနည် အရှင်မြတ် ကေန်မုချ ပေါ်ရမယ်ဗျ' ဟု ပြောကြား၍ အားပေးခဲ့ပုံကို မမေ့ကြပါ။

၁၃၁၆ - ခုနှစ် ( ၆ ) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပသော အခါ သာသနာတော်၌ မကြုံစဖူး ထူးကဲသော 'ဝိသိဋ္ဌ တိပိဋကဓရ မဟာ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာ ဘိဝံသ' ထွန်းတောက် ပေါ်ပေါက်လာခဲ့၍ ဗုဒ္ဓ သာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက ပရိယတ္တိ သာသနာတော်ကို အစွမ်းကုန် အမြင့်မားဆုံး ချီးမြှောက်ခဲ့ခြင်းကြောင့် 'ဆဋ္ဌသံဂါယနာ အတွက် ထူးကဲမွန်မြတ်သော ပုဂ္ဂလဝိသေသ ဆဋ္ဌသံဂါယနာ ဓမ္မဝိသဇ္ဇက ပုဂ္ဂိုလ်ထူးကို အချိန်မီ ဖော်ထုတ်ပေးနိုင်ခဲ့ပါပေသည်' ဟု ထေရဝါဒ ငါးနိုင်ငံရှိ ရဟန်း ရှင်လူ အပေါင်းတို့က ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အား ချီးကျူးစကား ပြောကြား ဂုဏ်ပြုခဲ့ကြပါသည်။

၁၃၂၀ - ခုနှစ် ( ၁၂ ) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပသော အခါ၌လည်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်မှ အရှင်နေမိန္ဒကို 'ဝိသိဋ္ဌ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက' အဖြစ်ဖြင့် အမြင့်မားဆုံး ဖော်ထုတ်ပူဇော်နိုင်ပြန်ရာ သာသနာ့ နေ + လ နှစ်

စင်းတို့ အရောင်ချင်းယှက်လျက် ထွန်းသင်းတင့်တယ်ပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို ပွားစည်းစေခဲ့ပါသည်၊ ပိဋကတ်သုံးပုံလုံး မဟုတ်သေးဘဲ ပိဋကတ် တပုံ ဆောင်၊ နှစ်ပုံဆောင်၊ နိကာယ်ဆောင် စသည့် သာသနာ့အလင်းရောင် ကြယ်ပွင့်များ ကိုလည်း နှစ်စဉ် နှစ်ဘိုင်းပင် ဖော်ထုတ် ပူဇော်နိုင်ခဲ့ပါသည်။

၁၃၂၃ ခုနှစ် (၁၄) ကြိမ်မြောက်မှ စ၍ မြန်မာနိုင်ငံတော် အစိုးရက တိပိဋကခရ ရွေးချယ်ရေး အဖွဲ့ အက်ဥပဒေ အရ လွှဲပြောင်းယူကာ နှစ်စဉ် မပျက် ဆက်တိုက် ကျင်းပပြီးလျှင် သာသနာ့အလင်းရောင် အာဇာနည်များ ဖော်ထုတ်ပူဇော်သခဲ့ရာ ယခု (၂၆) ကြိမ်မြောက် ရှိသော အခါမှာ အာဂုံဆော ရေးဖြေပါ နှစ်ရပ်လုံးကို အောင်မြင်တော်မူကြပြီးသော —

| | | |
|---|---|---|
| ပိဋက သုံးပုံဆောင် | .... | ၄ ပါး။ |
| ပိဋက နှစ်ပုံဆောင် | .... | ၃ ပါး။ |
| ပိဋက တပုံဆောင် | .... | ၃၄ ပါး။ |
| နိကာယ်ဆောင် | .... | ၄ ပါး။ |
| ပိဋကတ် နှင့် နိကာယ်ဆောင် | .... | ၂ ပါး။ |

တို့ကို ထုတ်ဖော် ပူဇော်နိုင်ခဲ့သည့် အပြင် အာဂုံ သက်သက် မျှကို အောင်မြင်တော် မူကြကုန်ပြီးသော ပိဋက တပုံ အာဂုံဆောင်သည်ပင် ၁၂၀ ပါး အထိ ရှိခဲ့ပါသည်။

## ကမ္မဋ္ဌာန်းဌာန

တိပိဋကခရ ရွေးချယ်ပွဲကြီးကို ပဌမ အကြိမ် ကျင်းပနိုင်ခဲ့သော်လည်း ပဋိပတ္တိကမ္မဋ္ဌာန်းဌာနကိုမူ တနှစ်အတွင်း မဖွင့်လှစ်နိုင်ခဲ့သေးပါ၊ အကြောင်းမှာ ကမ္မဋ္ဌာန်းကျောင်း အဆောက်အဦများ တနှစ်အတွင်း ဆောက်လုပ် ပြီးတန်သလောက် ပြီးသော်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ကိုးကွယ်လိုသော ကမ္မဋ္ဌာန စရိယ ဆရာတော်ကို ရှာဖွေ မတွေ့သေးသောကြောင့် ဖြစ်ပါသည်။

### ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ကိုးကွယ်ရန် လိုလားသော
### ကမ္မဋ္ဌာနာစရိယ ဆရာတော်မှာ

၁ ။ ပရိယတ် ပဋိပတ် နှစ်ရပ် စွယ်စုံ ဖြစ်ခြင်း။

၂ ။ ဘာသန္တရ အထိုက်အလျောက် ကျွမ်းကျင်ခြင်း။

၃ ။ သာသနာတော် အကျိုး ကို ဆောင်ရွက် အားခောင်းတုန်း အရွယ်တော် ရှိခြင်း။

၄ ။ စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံခြင်း—တို့ ဖြစ်ပါသည်။

ထိုစဉ်အခါက မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာတော်၌ သထုံမြို့ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၊ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီး စသော ကမ္မဋ္ဌာန

စရိယ ပုဂ္ဂိုလ်ကြီးတို့သည် ထင်ရှားရှိကြပါသည်၊ ထိုပုဂ္ဂိုလ်ကြီးတို့ကိုလည်း ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ဝင်လူကြီးတို့က သာသနာ့ရိပ်သာသို့ ပင့်၍ ကိုးကွယ်ရန် စဉ်းစားကြပါသည်၊ ၎င်းဆရာတော်ကြီးတို့မှာ အရွယ်တော် ကြီးရင့်ကြပြီ ဖြစ်၍ မပင့်ဖြစ်သော်လည်း၊ သဒ္ဓါ ကြည်ညိုကြကာ အဝေးကပင် ကိုးကွယ်ခဲ့ကြပါသည်။

ထိုမှတပါး ထင်ရှားသော လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာကြီးတို့လည်း ရှိကြပါသေးသည်၊ ထိုပုဂ္ဂိုလ်ကြီးတို့ကိုလည်း ပင့်ကာ ကိုးကွယ်ရလျှင် တော်မည်လားဟု စဉ်းစားကြပါသေးသည်၊ ဥက္ကဋ္ဌကြီး ဆာဦးသွင်က 'ကျုပ်တို့ မြန်မာနိုင်ငံမှာ ရဟန်းသံဃာ တသိန်းကျော် ရှိပါတယ်၊ ရဟန်းသံဃာတော်များကပေးတဲ့ ကမ္မဋ္ဌာန်းကိုပဲအားထုတ်ကြစမ်းပါအုံး၊ လူလူချင်း ရှိခိုးရတာထက် ရတနာမြတ်သုံးပါးကို ရှိခိုးရတာက မြတ်ပါတယ်၊ တနေ့တော့ ကျုပ်တို့ ကိုးကွယ်ချင်တဲ့ အင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ ကမ္မဋ္ဌာန်းဆရာတော်ကို တွေ့ရမှာပါ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဆိုတာ လွယ်လွယ်နဲ့ တွေ့နိုင်တာ မဟုတ်ပါဘူး၊ ပစ္စည်းဥစ္စာကို ရှာတာတောင်မှ ဘယ်မှာ လွယ်လွယ်နဲ့ ရနိုင်လို့လဲ ဇွဲကောင်းကြဘို့သာ လိုပါတယ်ဗျာ၊ လဘက်ကောင်း စားလို ပလေ့ာင် ဆောင်တက်နှေးစေ-တဲ့၊ ကမ္မဋ္ဌာန်းကျောင်း အဆောက်အဦ တွေကို အမြန် ပြီးအောင် ဆောက်ကြပါ၊ သာသနာတော်စောင့် နတ်ဒေဝတွေက ကျုပ်တို့နဲ့ ထိုက်တန်တဲ့ ကမ္မဋ္ဌာန်းဆရာတော် ပုဂ္ဂိုလ်ထူးကို ရအောင် လမ်းညွှန်ပေးပါလိမ့်မယ်' ဟု ပြောကြားကြောင်း သိရပါသည်။

ထိုစဉ်က အစည်းအဝေး လုပ်တိုင်းပင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ရရှိရေး အတွက် တိုင်ပင်ဆွေးနွေးကြပါသည်၊ အဖွဲ့ အမှုဆောင် လူကြီးတို့လည်း မိမိတို့ သတင်းရလာသော ဆရာတော် တို့ကို တင်ပြကြပါသည်၊ တခုမဟုတ် တခု ဆိုသလို လိုသောအင်္ဂါရပ် ရှိနေ၍ မရွေးချယ်ဖြစ်အောင် ရှိနေခဲ့ကြပါသည်။

## ဥက္ကဋ္ဌကြီး တွေ့လာသော ကမ္မဋ္ဌာနာစရိယ ဆရာတော်

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် တည်ထောင်ခဲ့သည်မှာ တနှစ်ပြည့်၍ ၂ နှစ် အတွင်းသို့ပင် ဝင်ရောက်ခဲ့ပါပြီ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကို ရှာမတွေ့သေး၍ ကမ္မဋ္ဌာန်း ရိပ်သာ မဖွင့်ရသေးပါ၊ တနေ့သော် ဥက္ကဋ္ဌကြီး ဆာဦးသွင်သည် ကိုယ်တိုင်ပင် ကမ္မဋ္ဌာနာ စရိယ ပုဂ္ဂိုလ်ထူး ရှာဖွေရင်း မန္တလေး စစ်ကိုင်းမြို့များသို့ ခရီးရှည်ထွက်သွားလေသည်၊ ထိုမှ အပြန် ကမ္မဋ္ဌာနာ စရိယ ပုဂ္ဂိုလ်ထူးတပါးကို တွေ့ခဲ့ရကြောင်း၊ ကိုယ်တိုင် ဖူးခဲ့ရပုံ၊ ကိုယ်တိုင် တရားနာခဲ့ရပုံ တို့ကို အားပါးတရပင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ အမှုဆောင် အစည်းအဝေး၌ ပြောပြလေသည်၊ ထိုအခါ အဖွဲ့ လူကြီးတို့က 'ဥက္ကဋ္ဌကြီး- ဒီလိုဆိုယင် ကျွန်တော်တို့ လိုချင်တဲ့ အင်္ဂါရပ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ပဲ၊ ပင့်ခဲ့ရောပေါ့ခင်ဗျာ' ဟု ပြောကြပါသည်၊ ဥက္ကဋ္ဌကြီးက 'ကျုပ်သဘောနဲ့ချည်း ဘယ်ဖြစ်အုံးမှာလဲဗျာ၊ ခင်ဗျားတို့လဲ ကိုယ်တိုင်သွားရောက်ပြီး ဖူးတွေ့ကြဦးမှပေါ့၊ တယောက်သဘောနဲ့ ဘယ်ဖြစ်မှာလဲ၊ ခင်ဗျားတို့လဲ သွားရောက်ပြီး အကဲခတ်ကြပါဦး' ဟု ပြောကြားပါသည်။

## ကမ္မဋ္ဌာနာစရိယ ဆရာတော် ကြွလာပြီ

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် အမှုဆောင် လူကြီးတို့က 'ဥက္ကဋ္ဌကြီး ဆာဦးသွင် တွေ့ခဲ့ရသည် ဆိုသော ဆရာတော်မှာ သာမန် ဆရာတော် မဖြစ်နိုင်၊ အဖက်ဖက်က ပြည့်စုံပြီးသော ဆရာတော် ဖြစ်ရမည်' ဟု ယုံကြည်ကြပြီး ဖြစ်ပါသည်။

အကြောင်းကား ဥက္ကဋ္ဌကြီးသည် ပရိယတ် ပဋိပတ် ဆိုင်ရာ အတတ်ပညာ ပြည့်စုံပြီး ဖြစ်ရုံသာ မက အနေအထိုင် ကွန္ဒြေသိက္ခာတော်နှင့် တကွ ဥပဓိရုပ်ကိုပါ အကဲခတ်လေ့ ရှိသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ အမှုဆောင် လူကြီးတို့က 'ဥက္ကဋ္ဌကြီး- ဒီလို ဆိုယင် ကျွန်တော်တို့ လိုချင်တဲ့ အင်္ဂါရပ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ပဲ၊ ပင့်ခဲ့ရောပေါ့ ခင်ဗျာ' ဟု ပြောကြခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး မိန့်ကြားပြီးနောက် မကြာမီပင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ အမှုဆောင် လူကြီး တဦး ဖြစ်သော ဦးနုသည် ရွှေဘိုသို့ သွားရောက်၍ ဥက္ကဋ္ဌကြီး ပြောကြားသော ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘုရားကို ဖူးတွေ့ရလေရာ ဥက္ကဋ္ဌကြီး ပြောပြသည်ထက်ပင် ကြည်ညိုဖွယ်ရာ ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံနေသောကြောင့် မဆိုင်းမတွပင် ပင့်ဆောင်ခဲ့ပါသည်။

ထိုပုဂ္ဂိုလ်ကြီးက ဒုတိယအကြိမ် နှစ်လည်သြဝါဒခံယူ ပူဇော်ပွဲ၌ 'ကျွန်တော်က ဆရာတော် ဘုရားကြီးကို ဖူးတွေ့ရတော့ ဥက္ကဋ္ဌကြီး ဆာဦးသွင်က ပြောဘူးတဲ့ ဘုန်းကြီးပင့်နည်းကို ပြန်လည် သတိရမိပါတယ်၊ ဥက္ကဋ္ဌကြီးက 'တပည့်တော်တို့ အရပ်သို့ သာသနာပြု ကြွတော်မူပါဘုရား လို့ လျှောက်ထားယင် ဘယ်ဘုန်းကြီးမှ မငြင်းပါဘူး ဗျာ' ဟု ပြောဘူးပါတယ်၊ ဒါကြောင့် ဆရာတော် ဘုရားကြီးကို ဖူးတွေ့ရတော့ 'တပည့်တော်တို့ ရန်ကုန် သာသနာ့ ရိပ်သာသို့ ကြွရောက် သီတင်းသုံးပြီး ပဋိပတ္တိသာသနာ ပြုတော်မူပါဘုရား' လို့ လျှောက်ထားခဲ့ပါတယ်၊ ဆရာတော် ဘုရားကြီးက အတန်ကြာ စဉ်းစားတော်မူပြီးမှ 'တရားအားထုတ်မည့် ယောဂီ ရှိရဲ့ လား' လို့ မေးတော်မူပါတယ်၊ 'တရားအားထုတ်လိုသူ ယောဂီတွေလဲ ရှိပါတယ် ဘုရား၊ အဆောက်အဦ တွေလဲ တည်ဆောက် ပြီးတန်သလောက် ပြီးနေပါပြီ ဘုရား' လို့ လျှောက် ထားရပါတယ်။

ဒီတော့ ဆရာတော်ဘုရားကြီးက 'တရားအားထုတ်မည့် ယောဂီ ရှိယင်ဘော့ ကြွရတာပေါ့' လို့ အမိန့်ရှိပါတယ်၊ ဒါနဲ့ ကျွန်တော်လဲ ရက်မဆိုင်းတော့ပဲ မနက်ဖြန်ပင် ကြွတော်မူပါ ဘုရားလို့ လျှောက်ထားပြီး ၁၃၁၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်နေ့ ရန်ကုန် သာသနာ့ရိပ်သာ အရောက် ကျွန်တော်နဲ့ တပါတည်း ပင့်ဆောင်လာခဲ့ပါတယ်' ဟု ပြောကြား ခဲ့သည်ကို ပြန်လည် ဖော်ပြအပ်ပါသည်။

## ဝိပဿနာ အလုပ်ပေး၊ တရား၊ စတင် ဟောခြင်း၊

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ရန်ကုန် သာသနာ့ရိပ်သာသို့ ကြွ ရောက် လာတော်မူသော အခါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် အပေါင်းတို့က နှစ်သောင်းအားရ သောင်းသောင်းဖျဖျ ခရီးဦး ကြိုဆို ဖူးမျှော်ကြပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၁ · ခု  နတ်တော် လပြည့်နေ့၌ သာသနာ့ရိပ်သာအတွင်း ရှိ သံဖြူ မဏ္ဍပ်ကြီး အတွင်း၀ယ် နေ့တရား ချီးမြှင့်တော်မူရာ ရဟန်း ရှင် လူ ပရိသတ်တို့ အမြောက်အများပင် လာရောက် တရားနာကြပါသည်။

ထိုနေ့ညနေ ၅ · နာရီခွဲ အချိန်၌ တရားအားထုတ်ရန် ကြိုတင် စာရင်းပေးထားကြသော ယောဂီတို့အားလည်း အလုပ်ပေး ၀ိပဿနာ တရားကို စတင် ဟောကြားတော် မူခဲ့ပါသည်။

ထိုနေ့မှစ၍ ဥပုသ်သီတင်းနေ့တိုင်း နေ့တရား ချီးမြှင့်တော်မူခဲ့ပါသည်၊ ယောဂီ အသစ် ရောက်လာသည့် နေ့တိုင်း အလုပ်ပေး ၀ိပဿနာတရားကို ဟောကြားတော်မူခဲ့ပါသည်။

ဆဋ္ဌသံဂါယနာ မတင်မီ ၁၃၁၃· ခုနှစ်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရား ကြီး၏ ဩ၀ါဒခံ ကမ္မဋ္ဌာန်း ဌာနတို့မှာ မြန်မာနိုင်ငံ အရပ်ရပ်တို့၌ ( ၁၅ ) ဌာနခန့် ရှိလာပါပြီ၊ ရန်ကုန် သာသနာ့ရိပ်သာ၌လည်း ယောဂီဦးရေမှာ နှစ်ရာကျော် သုံးရာနီးပါး ရှိနေ၍ ယာယီ ဓနိတန်းလျားကြီးများ ထိုးပေးထားရပါသည်။

နိုင်ငံရပ်ခြား တိုင်းတပါးတို့မှလည်း လူမျိုးပေါင်းစုံတို့ လာရောက် တရား အားထုတ်ကြ ပါပြီ၊ ဆဋ္ဌသံဂါယနာ တင်နေစဉ် အတွင်း၌မူ ဂျာမဏီ ပြင်သစ် ဗြိတိန် ဆွီဒင် ဂျပန် စသော နိုင်ငံတို့ကပင် လူမျိုးပေါင်းစုံတို့ လာရောက် တရားအားထုတ်ကြသည်ကို တွေ့နေရသောကြောင့် ဥက္ကဋ္ဌကြီး ဆာဦးသွင်က ယောဂီထောက်ပံ့ရေး အစည်းအဝေး တခု၌ 'ကျုပ်တို့ ဗမာပြည်ကို သာမက ကမ္ဘာကိုပါ သာသနာပြုနိုင်အောင်လို့ ရိပ်သာထောင်စက ကမ္မဋ္ဌာနာစရိယ ဆရာတော် ကို စစ်စစ်ဆေးဆေး ခက်ခက်ခဲခဲ ရွေးချယ်ခဲ့တာကို တချို့က မကြေနပ်ကြဘူးဗျာ၊ အခုတော့ ကျုပ်တို့ ရွေးချယ်ခဲ့တာ မှန်တာပေါ့ဗျာ၊ အခု ဗမာပြည်တွင်းကသာ မက နိုင်ငံတကာကတောင် လာရောက် တရား အားထုတ်ကုန်ကြပြီ မဟုတ်လား' ဟု ၀မ်းပန်းတသာ အားရပါးရ ပြောကြား ခဲ့သည်ကို အမှတ်တရ တင်ပြအပ်ပါသည်။

ဤသို့ ထူးခြားတင့်တယ် ဂုဏ်ပေါင်းကြွယ်၍ အဖက်ဖက်က ပြည့်စုံလှသော ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်ထူးကို ခက်ခက်ခဲခဲ ရွေးချယ်ခဲ့သောကြောင့် ဆဋ္ဌသံဂါနာယတင်သော အခါ ဆဋ္ဌသံဂါ ယနာ ဓမ္မပုစ္ဆက ပုဂ္ဂိုလ် ရွေးချယ်ရာ၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးကိုပင် ဆဋ္ဌသံဂါယနာ ၀န်ဆောင်သံဃာ့အဖွဲ့က ရွေးချယ်တော်မူခဲ့ ရပါလေသည်။

· ဥက္ကဋ္ဌကြီး ဆာဦးသွင် မကွယ်လွန်မီက 'ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ကျုပ်တို့ ဗုဒ္ဓ သာ သနာ နုဂ္ဂဟအဖွဲ့က စတင်ကျင်းပတဲ့ တိပိဋကဓရ ရွေးချယ်ပွဲကြီး မှာပဲ စတင်ကြွေးကြော် ခဲ့ တယ်၊ ဗုဒ္ဓသာသနာ အဖွဲ့ကိုလဲ ကျုပ်တို့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ပိုင် သာသနာ့ရိပ်သာမှာပဲ တည် ထောင် ပေးခဲ့ပါတယ်၊ ဆဋ္ဌသံဂါယနာ တင်ဘို့ရာ ပထမဦးစွာ သံဃာ အစည်းအဝေးကြီး ကိုလဲ ကျုပ်တို့ သာသနာ့ရိပ်သာ သံဖြူမဏ္ဍပ်ကြီးမှာပဲ စတင် ကျင်းပခဲ့ ရတယ်၊ နောက်ဆုံး ဆဋ္ဌ သံ ဂါယနာတင် တော့လဲ ကျုပ်တို့ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က ထူးထူးခြားခြား ခက်ခက်ခဲခဲ ရွေးချယ်ပြီး ပင့်ဆောင်ကိုးကွယ်ခဲ့တဲ့ မဟာစည် ဆရာတော်ဘုရားကြီးကိုပဲ ဆဋ္ဌသံဂါယနာအမေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ဖို့ ရွေးရတယ်၊ အဖြေပုဂ္ဂိုလ် အဖြစ်လဲ ကျုပ်တို့အဖွဲ့က တိပိဋကဓရ

ရွေးချယ်ပွဲကြီး ကျင်းပပြီး ရွေးချယ်ခဲ့တဲ့ တိပိဋကဓရ ပုဂ္ဂိုလ်ထူး အရှင် ဝိစိတ္တသာရာဘိဝံသ သာသနာ့ အာဇာနည် အရှင်မြတ်ကပဲ ဆောင်ရွက်ရတယ်၊ ကျုပ်တို့အဖွဲ့က သာသနာချီးမြှောက် ရကျိုး နပ်ပါပြီ' ဟု ပြောကြားခဲ့သည်ကို ဤ (၂၅) နှစ်မြောက် အထိမ်းအမှတ်၌ တင်ပြအပ်ပါသည်။

## ယောဂီထောက်ပံ့ရေးအဖွဲ့ခွဲ

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကြွရောက်လာစက ဆရာတော်ဘုရားကြီးနှင့် နောက်ပါ ရဟန်းတော်တို့ နှစ်ပါးအား ဆွမ်းဆက်ကပ်ရန် သီးခြားရန်ပုံငွေ ဟူ၍ မရှိပါ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ရန်ပုံငွေဖြင့်ပင် နေ့စဉ် ဆွမ်းဆက်ကပ်ရပါသည်၊ ထိုစဉ်က ပဌမဆုံး ဆွမ်းချက်ကပ်သူ ကပ္ပိယမှာ ဦးမြဖေ ဖြစ်ပါသည်၊ ဦးမြဖေ မရှိသည့်နောက် စာရေးကြီး ဦးလှညွန့်တို့က ဆွမ်းချက်ကပ်ရပါသည်၊ မကြာလိုက်ပါ၊ ထို့နောက် ဒေါ်အေးကြည် အမှူးပြုသော ယောဂီဟောင်း အမျိုးသမီးတစုတို့က ဆွမ်းချက်ကပ်ကြပါသည်။

ရန်ကုန် မြို့သူမြို့သားတို့ကား နိစ္စဘတ် ဆွမ်းဝတ်တည်သည့် အလေ့အထ နည်းပါးလှပါသည်၊ တတ်နိုင်လျှင် မိမိတို့အိမ်သို့ ဆွမ်းစားပင့်ခြင်း၊ ဆွမ်းခံလာ ရဟန်းတော် တို့အား ဆွမ်းလောင်း လှူခြင်း၊ ဆွမ်းဆန်တော်လှူခြင်း၊ အလေ့အလာသာ ရှိကြသည်။

ဆရာတော်ဘုရားကြီးများ ရန်ကုန်သာသနာ့ရိပ်သာ ရောက်စက မြို့တွင်းသို့ အဖွဲ့သူကြီးများနှင့် သဒ္ဓါကြည်ညိုသူတို့က ပင့်၍ ဆွမ်းစား မကြာမကြာ လိုက်ရတတ်ပါသည်၊ အမြဲဝတ်တည် ဆွမ်းအုပ် ဟူ၍ မရှိပါ၊ တခါတရံ လာပို့တတ်သော ဆွမ်းအုပ် တအုပ်တလေကို တွေ့ရတတ်ပါသည်၊ သာသနာ့ရိပ်သာ အနီးရှိ ဦးဘကြားအိမ်ကမူ အမြဲလိုပင် အချို့ပွဲ ပို့လှူလေ့ရှိပါသည်၊ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က ဆက်ကပ်သော ဆွမ်းမှာ မျှတ ရုံသာ ရှိပါသည်။

အညာ ဘုန်းတော်ကြီးများ အကြောင်းကို သိသောသူတို့က ဆရာတော်တို့ ဆွမ်းဘုဉ်းပေးတော်မူ ကြရသည်ကို အားတုံ့အားနာ ဖြစ်နေကြသည်၊ သို့ပါသော်လည်း ဆရာတော်တို့ကမူ မည်သို့မျှ ဖွင့်ဟမိန့်ကြားခြင်း မရှိပါ၊ 'လာဘေန တုဿတိ' ကပ်လာသော ဆွမ်းဖြင့် မျှတတော် မူကြသည်။

၁၃၁၃ - ခု ( ၁၉၅၁ ) ခုနှစ် ဇူလိုင်လသို့ ရောက်သောအခါ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲကို တည်ထောင်ပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် တကွ ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့အား ဆွမ်း စသော ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်း ထောက်ပံ့ရန်နှင့် ရဟန်း ရှင် လူ ယောဂီတို့အား ထောက်ပံ့ရန် ရန်ပုံငွေ ဖွင့်လှစ်ခဲ့ပါသည်။

ထိုရန်ပုံငွေ ဖွင့်လှစ်သည့်နေ့မှ စ၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့အား အတင့်အတယ် အိမ်ဘုံအိမ်က ပင့်၍ ဆွမ်းဆက်ကပ် ဆလိုနေ့စဉ် ဆက်ကပ်နိုင်ခဲ့ပါသည်၊ ဆွမ်းခံကြွတော်မူသော သံဃာတော်တို့အားလည်း ဆွမ်း ဆွမ်း

ဟင်း ပြည့်ပြည့်စုံစုံ လောင်းလှူနိုင်ခဲ့ပါသည်၊ ယောဂီဘိုအားလည်း ဆန် နှင့် ထင်းများ ထောက်ပံ့နိုင်ခဲ့ပါသည်။ ၁၃၂၃-ခုနှစ်သို့ ရောက်သော အခါမှာ ဆန်အခက်အခဲ ရှိလာ၍ ယောဂီတို့အား ဆန် မထောက်ပံ့နိုင်တော့ပါ။

## ဆွမ်းခံ သံဃာတော်တို့အား ဆွမ်းစားကျောင်း၌ တညီတညွတ်တည်း ဆွမ်းဘုဉ်းပေးနိုင်ရန် ဆွမ်းဆက်ကပ်ခြင်း

သာသနာ့ရိပ်သာ အတွင်း၌ တရားအားထုတ် သီတင်းသုံးတော်မူကြသော သံဃာတော်တို့မှာ အများအားဖြင့် ဆွမ်းခံ၍ မိမိတို့ကျောင်း၌ သင့်သလို ဘုဉ်းပေးကြသည်က များပါသည်၊ ဆွမ်းခံမှာ အတန်းလိုက် ကြွကြရသောကြောင့် ရှေ့ပိုင်းက ရဟန်းတော်တို့မှာ ဆွမ်း ဆွမ်းဟင်း အရများကြသော်လည်း နောက်ပိုင်း ရဟန်းတော်တို့မှာ အရနည်းတတ်ကြပါသည်၊ တခါတရံ၌ကား ဆွမ်းဟင်းမှာ လုံးဝပင် မရတတ်ကြပါ၊ သို့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ယောဂီထောက်ပံ့ရေး ရန်ပုံငွေက နေ့စဉ် အသားရောသော ဟင်းတခွက်- ငါးပိရေ- တို့စရာ တို့ကို စီမံ၍ လောင်းလှူခဲ့ရပါသည်။

၁၃၃၂-ခုနှစ်သို့ ရောက်သော အခါ သံဃာတော် ဦးရေကလည်း များလာသည်၊ ဆွမ်းဟင်း အရမှာလည်း နည်းလာသည်၊ သို့ဖြစ်၍ ဆွမ်းခံ သံဃာတော်အားလုံးကို ဆွမ်း ဆွမ်းဟင်းများ မလောင်းလှူတော့ပဲ ဆွမ်းခံမှ ပါလာသော ဆွမ်း ဆွမ်းဟင်း ရသမျှကို ဆွမ်းစားကျောင်း၌ စုပေါင်း၍ လိုအပ်သမျှ ဆွမ်းဟင်းတို့ကို ယောဂီ ထောက်ပံ့ရေးအဖွဲ့ ရန်ပုံငွေက အကုန်အကျခံကာ တလုံးတစည်းတည်း ဆက်ကပ်ရန် အဖွဲ့လူကြီးများ တိုင်ပင်ကြပါသည်။

အရေးကြီးသည်မှာ ဆွမ်းစားကျောင်း၌ တာဝန်ယူ ဆောင်ရွက်ရမည့်ပုဂ္ဂိုလ် ဖြစ်ပါသည်၊ ဒေါ်အေးကြည်သည် ၁၃၁၂-ခုနှစ်က စ၍ ဆွမ်းစားကျောင်း တာဝန်ခံအဖြစ် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးပြုသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့အား နေ့စဉ် ဆွမ်းဆက်ကပ်ရသည့် တာဝန်နှင့် အရုဏ်ချိန်၌ သံဃာတော်အားလုံးကို ယာဂု ဆက်ကပ် ရသော တာဝန်တို့ကို ဆောင်ရွက်ရသော ယောဂီ အမျိုးသမီးကြီး တဦး ဖြစ်ပါသည်။

ယခု သံဃာတော်အားလုံးကို ဆွမ်းဆက်ကပ်ရန် တာဝန်မှာလည်း ဒေါ်အေးကြည်က ဦးဆောင် တာဝန်ယူမှသာ ဖြစ်နိုင်၍ ဒေါ်အေးကြည်ကို ရှေးဦးစွာ တိုင်ပင်ရပါသည်၊ ဒေါ်အေးကြည်က ဝမ်းမြောက်ဝမ်းသာပင် လက်ခံသောအခါမှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက 'ဘုန်းကြီးစိတ်ထဲမှာ သံဃာအားလုံး တနေရာထဲမှာ ညီညီညွတ်ညွတ် ဆွမ်းဘုဉ်းပေးတာကို မြင်ချင်နေတာ ခြောက်နှစ်လောက်ရှိပါပြီ၊ အခုလို ဘုန်းကြီးတို့က မေတ္တာမရပ်ခံရပဲ ယောဂီထောက်ပံ့ရေးအဖွဲ့က စီစဉ်တယ်ဆိုတာ ကြားရတော့ ဘုန်းကြီး ဝမ်းသာပါတယ်၊ ဝေယျာဝစ္စဆောင်ရွက်မည့် ဆွမ်းစားကျောင်း ဒေါ်အေးကြည်တို့ကကော ဆောင်ရွက်နိုင်ကြမည်တဲ့လား' ဟု မင်္ဂလာဦးအောင်မြင့်အား မေးပါသည်။

'ဝမ်းမြောက်စွာဖြင့်ပင် ဆောင်ရွက်နိုင်မည့် အကြောင်းကို ပြောပါသည် ဘုရား၊ သင့်တော်တဲ့ ယောဂီဟောင်းများထဲမှ ဆောင်ရွက်နိုင်မည့် ယောဂီတို့ကိုလဲ အကူအညီခေါ်ရန် ပြော

ထားပါသည် ဘုရား'ဟု ပြန်လည် လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ' ယောဂီထောက်ပံ့ရေး ရန်ပုံငွေကကော အကုန်အကျ ခံနိုင်စွမ်း ရှိရဲ့လား 'ဟု မေးတော် မူပြန်ပါသည်၊ 'မှန်ပါ ဘုရား၊ ယောဂီ ထောက်ပံ့ရေး ရန်ပုံငွေလဲ တောင့်တင်းပါသည်၊ ဥက္ကဋ္ဌကြီး မြန်အောင် ဦးတင် အတွင်းရေးမှူး ဦးသိန်းအောင် စသော အမှုဆောင်လူကြီးတို့ကလည်း အခုလို သံဃာ အားလုံး ဆွမ်းစားကျောင်းမှာ ဆွမ်းဆက်ကပ်ရတော့မည် ဖြစ်လို့ ဝမ်းသာနေကြပါကြောင်း ' လျှောက် ထားရပါသည်။

၁၃၃၃ ခုနှစ် ကဆုန်လပြည့်ကျော် (၉) ရက် သောကြာနေ့၌ ဆွမ်းခံ သံဃာတော် အားလုံးကို ဆွမ်းစားကျောင်း၌ စဘင်၍ ဆွမ်းဆက်ကပ်ခဲ့ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးကိုယ်တိုင် ကြွရောက် ကြည့်ရှုခဲ့ပါသည်။

ဒေါ်အေးကြည်, ဖွားထိန်, ဖွားကေသီ, ဓနရှိ, ဒေါ်အေးကြည် (ရွှေမင်းဝံ), ဒေါ်မြစ်, ဒေါ်အေးပု, ဒေါ်အေးလှိုင်, ဒေါ်ဉာဏ်, မမြသင်, မသန်းမေ, မကြင်ရီ, မရင်မြတို့မှာ ဝေယျာ ဝစ္စ ဆောင်ရွက်ကြသော ယောဂီများ ဖြစ်ကြပါသည်၊ သာသနာ့ရိပ်သာ အတွင်း၌ ဝါတွင်း၌မူ သံဃာတော် (၆၀) ခန့် ရှိတတ်၍ ဝါပ၌မူ ထို (၆၀) မှ အထက် (၂၀၀) ကျော်အထိပင် ရှိတတ်ပါသည်။

ဤသို့ များပြားလှသော သံဃာတော် အားလုံးကို ဆွမ်းစားကျောင်း၌ တညီတညွတ် ထည်း ဆွမ်းဘုဉ်းပေးနိုင်အောင် ဆောင်ရွက်သည့် အတွက် ယောဂီ ထောက်ပံ့ရေး ရန်ပုံငွေက တလ တလလျှင် ကျပ်ငွေ – ၂၅၀၀ ခန့် ကုန်ကျခဲ့ပါသည်။

ပန်းကန်ခွက်ရောက် - စားပွဲ - စားပွဲခင်း - လက်သုတ်ပုဝါမှ စ၍ အလုံးစုံ သန့်ရှင်းစွာ ရှိ အောင် ယနေ့ အသုံးပြုသော စားပွဲခင်း လက်သုတ်ပုဝါတို့ကို ယနေ့ပင်လျှင် ဖွတ်လျှော်စေပါ သည်၊ သံဃာတော်များ ကြွရောက်မလာသေးမီ အလုံးစုံ ပြည့်စုံအောင် အသင့်ဖြစ်ပြီးမှ အချက် ပေး ဆွမ်းစား ကြေးမောင်းကို ခေါက်စေ၍ သံဃာတော်များ ကြွရောက် လာသော အခါ ဝေယျာဝစ္စ ဆောင်ရွက်နေကြသော ယောဂီ အားလုံးတို့သည် လက်အုပ်ချီလျက် ကြည်ညိုနေကြ ရပါသည်၊ အထူးသဖြင့် စကားမပြောကြရန် တားမြစ်ထားပါသည်။

ဤသို့ အဖက်ဖက်က ပြည့်စုံလုံလောက်စွာ စီမံထားသဖြင့် အပြင်အပက ဆွမ်းကပ်ရန် သို့မဟုတ် ဆွမ်းစားချိန်၌ ကြည်ညိုရန် လာရောက်ကြသော ဧည့်သည်တို့မှာ လွန်စွာ သဒ္ဓါ ကြည်ညို ရှိကြ၍ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ကြရပါသည်။

## ယောဂီထောက်ပံ့ရေးအဖွဲ့၌ စတင် ဆောင်ရွက်ခဲ့ကြသူများ

| | |
|---|---|
| ၁ · ဆရာဦးသွင် | ဥက္ကဋ္ဌ |
| ၂ · ဦးနု | ဒုတိယ ဥက္ကဋ္ဌ |
| ၃ · ဦးမြ (ဟသ်ာတ) | ဒုတိယ ဥက္ကဋ္ဌ |
| ၄ · ဦးစံသိမ်း | ငွေထိန်း |
| ၅ · ဦးလှညွန့် | တွဲဘက် ငွေထိန်း |

| | | |
|---|---|---|
| ၆ | - ဦးကိုကိုကြီး | စာရင်းစစ် |
| ၇ | - မင်္ဂလာ ဦးအောင်မြင့် | အကျိုးဆောင် |
| ၈ | - ဦးခင်မောင်ကြီး | တွဲဘက် အကျိုးဆောင် |
| ၉ | - ဦးဘိုးသင် | စောင့်ရှောက်ရေးမှူး |
| ၁၀ | - ဦးလှကျော် | တွဲဘက် စောင့်ရှောက်ရေးမှူး |

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ စည်းမျဉ်းသစ်ကို ၂၅-၉-၆၆ နေ့က ပြန်လည်ရေးဆွဲ၍ အတည်ပြု ဆောင်ရွက်သော အခါ ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲ ဟူ၍ မထားတော့ဘဲ ယောဂီထောက်ပံ့စောင့်ရှောက်ရေး ရန်ပုံငွေစာရင်း ခေါင်းစဉ်သာထားရှိ၍ မင်္ဂလာဦးအောင်မြင့်အား အကျိုးတော်ဆောင် အဖြစ် ဆက်လက် ဆောင်ရွက်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တာဝန်ပေးအပ်ခဲ့ပါသည်။

## အောက်ဆွမ်းစားကျောင်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီပု နှင့် အငြိမ်းစား တရားမ တရားသူကြီး ဦးသိန်းဟန်တို့ တာဝန်ယူ ချက်ပြုတ် ကျွေးမွေးလျက် ရှိသော အောက် ဆွမ်းစားကျောင်း ဖြစ်ပေါ်လာခြင်း အကြောင်းရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၃၁၃-ခုနှစ်၌ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ယောဂီထောက်ပံ့ရေး သီးခြားရန်ပုံငွေ တရပ်ကို ဖွင့်လှစ်ခဲ့ပါသည်၊ ယင်းရန်ပုံငွေကို ဦးနုကပင် ကောက်ခံ၍ ပေးခဲ့ပြီးလျှင် မြန်မာနိုင်ငံအတွင်းရှိ ခရိုင်မြို့နယ်တို့မှ ဝိပဿနာတရား ပွားများအားထုတ်လိုကြသည့် ရဟန်း ရှင် လူဘို့ဘွင် တမြို့နယ်လျှင် ဘုန်းတော်ကြီး တပါး နှင့် လူဒါယကာ နှစ်ယောက် ပေါင်း ၃-ယောက်တို့ကို ရွေးချယ်ရန်, ရန်ကုန် သာသနာ့ရိပ်သာသို့ စေလွှတ်ပေးရန်, ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ခရိုင်ဝန်များသို့ မေတ္တာရပ်ခံခဲ့ပါသည်။

ခရိုင်ဝန်များက မြို့နယ် အသီးသီးရှိ သာသနာရေး အသင်းအဖွဲ့ဘို့နှင့် တိုင်ပင်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ မေတ္တာ ရပ်ခံချက် အတိုင်း ဘုန်းတော်ကြီး တပါး နှင့် လူဒါယကာ ၂-ယောက်တို့ကို ရွေးချယ် စေလွှတ်ခဲ့ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က နယ်မှ ဖိတ်ကြား၍ ရောက်လာကြသော ဘုန်းတော်ကြီးများနှင့် လူဒါယကာ ယောဂီဘို့အား ယောဂီထောက်ပံ့ရေး သီးခြားရန်ပုံငွေဖြင့် အလာစရိတ် အပြန်စရိတ်နှင့် လိုအပ်သော ပစ္စည်းတို့ကို ထောက်ပံ့သည့် အပြင် သာသနာ့ရိပ်သာ၌ တရားအားထုတ်နေစဉ်အတွင်း ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ချက်ပြုတ် ဆက်ကပ် ကျွေးမွေးခဲ့ပါသည်။

ဤယောဂီ များကို သီးခြား ရန်ပုံငွေဖြင့် ထောက်ပံ့ရသောကြောင့် သီးခြား ယောဂီ-သီးခြား ဆွမ်းကျွေးဇရပ် ဟူ၍ အမည်တွင်ခဲ့ပါသည်၊ တည်ထောင်စက ဆယ်ယောက် ဆယ့်ငါးယောက် အထိ အပေါ်ဆွမ်းစားကျောင်း၌ ဒေါ်အေးကြည်တို့ အဖွဲ့ကပင် တာဝန်ယူ၍ သီးခြား

ချက်ပြုတ်ပြီးလျှင် ကျွေးမွေးခဲ့သော်လည်း ယောဂီဦးရေ များလာသော အခါ ( ဖလ်ယဉ်ဓမ္မာရုံကြီး နေရာရှိ ) သံဖြူဇရပ်ကြီး၏ မြောက်ဖက်ခြမ်း၌ ကန့်၍ ဦးဘရင် မိသားတစုတို့က တာဝန်ယူ ချက်ပြုတ်ကျွေးမွေးကြပါသည်။

၁၃၁၄ ခုနှစ်သို့ ရောက်သောအခါ သီးခြားယောဂီ ဆွမ်းစားဇရပ်ကို တည်ဆောက်ခဲ့ပါသည်၊ မြန်မာနိုင်ငံ အရပ်ရပ် မြို့နယ်တိုင်းကပင် ရဟန်းယောဂီ လူယောဂီတို့ လာရောက် တရားအားထုတ်ကြ၍ သီးခြား ယောဂီ ဦးရေမှာ ငါးဆယ်မှ တရာအထိ ရှိပါသည်၊ ယင်းယောဂီများ မိမိတို့ အရပ်ဒေသတို့သို့ ပြန်ရောက်ကြသော အခါ ကမ္မဋ္ဌာန်းဌာနများ အသီးသီး ဖွင့်ကြသဖြင့် မြန်မာနိုင်ငံ အရပ်ရပ် မြို့နယ်တိုင်း၌ လိုလိုပင် မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနခွဲ ရိပ်သာများ ပေါ်ထွက်လာခဲ့ပါသည်။

ဦးဘရင်တို့ ပြောင်းသွားပြီးနောက် စာရေးကြီး ကိုဟန် မိသားတစု တို့က တာဝန်ယူ ချက်ပြုတ်ကျွေးမွေးကြပါသည်၊ ထိုအချိန်၌ သီးခြားရန်ပုံငွေက ကျွေးမွေးရသော ယောဂီ ဦးရေ နည်းပါးသွားသော်လည်း လခပေးစားကြသော ယောဂီများ ရှိလာ၍ သီးခြား ယောဂီ ဆွမ်းကျွေး ဌာနကို ဆက်လက်၍ ထားရှိခဲ့ပါသည်။

စာရေးကြီး ကိုဟန်တို့ ပြောင်းရွှေ့သွားကြသော အခါ တာဝန်ယူ ဆောင်ရွက်မည့်သူ မရှိ၍ တော်တော်ကြီး နှင့် ညီမ ဒေါ်သိန်း တို့ကို မေတ္တာရပ်ခံခဲ့ရပါသည်။

တော်တော်ကြီးတို့ မဆောင်ရွက်နိုင်သော အခါ (ဗ·လ·စ) ဒေါ်ခင်ရီက ဆက်လက် ဆောင်ရွက်ခဲ့ပါသည်၊ ဒေါ်ခင်ရီ (၈)နှစ်ခန့် ဆောင်ရွက်ပြီး အနားယူသွားသည့်နောက် ဗုဒ္ဓသာသနာ့ဂုဟာ အဖွဲ့က အဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးညိုမောင်အား တာဝန်လွှဲအပ်သဖြင့် အငြိမ်းစားတိုင်းမင်းကြီး ဦးညီပုနှင့် အတူ တွဲဘက်၍ ဆောင်ရွက်ကြပါသည်၊ ယခုတဖန် ယနေ့တိုင် ဦးညီပု နှင့် ဦးသိန်းဟန်တို့က တာဝန်ယူ ဆောင်ရွက်လျက် ရှိကြပါသည်။

## သာသနာ့ရိပ်သာ အဆောက်အဦများ

သာသနာ့ရိပ်သာ အတွင်း၌ ၁၃၁၂ ခုနှစ် အထိ အဆောက်အဦ မများလှ သေးပါ၊ စံကျောင်းတော်, ဆွမ်းစားကျောင်း, ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သီတင်းသုံးရန် လေးပင်တိုင် ကျောင်းကလေး လေးကျောင်း, အခန်း(၂၀) စကြိုပါ ရဟန်းတော်များ နှင့် လူယောဂီများနေရန် တိုက်(၂)လုံး, အခန်း ( ၁၁ )ခန်းပါ ရေကြီးတိုက်တန်းလျား နှင့် ဓနိတဲများသာ ရှိပါသေးသည်၊ ပိဋကတ်တိုက်, သိမ်တိုက်, ဖလ်ယဉ်ဓမ္မာရုံကြီးတို့မှာကား ဆောက်လုပ်ဆဲပင် ဖြစ်ပါသည်။

ရဟန်းယောဂီ နှင့် အမျိုးသားယောဂီတို့ကို ကမ္မဋ္ဌာန်း ဆရာတော်တို့က မိမိတို့ သီတင်းသုံးရာ ကျောင်းကလေးတို့၌ တရားစစ်လေသည်၊ အမျိုးသမီး ယောဂီတို့ကိုမူ အောက်ဆွမ်းစားဇရပ် ခေါင်းရင်းသို့ သုံးပင်ပတ်လည် မဓမတိုင်စိုက် ဓနိမိုး သံပြားပေါက်ခင်း လေဟာပြင်တဲ၌ တရားစစ်ရလေသည်၊ ထိုစဉ်က ရိပ်သာအတွင်း၌ သစ်ပင်ပန်းမာလ်တို့မှာလည်း မများလှသေးပါ၊ အမျိုး

သမီးများကို တရားစစ်သည့် လေဟာပြင်တဲကို ကုန်းပေါ်က မြင်ရလေသည်၊ ၁၃၁၃ ခုနှစ်က စ၍ အမျိုးသမီးများအား တရားစစ်ရသောဆရာတော်မှာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုဇာတ ဖြစ်ပါသည်။

## ဦးစွာ ဆောက်သော ဇရပ်

တရားအားထုတ်ကြသူတို့ အထဲတွင် ပုဇွန်တောင်ဒေါ်ငွေစောမှာ တယောက် အပါအဝင် ဖြစ်ပါသည်၊ ဒေါ်ငွေစောသည် ယင်းလေဟာပြင် ဓနိတဲကြီးကို မျက်စိ ဆံပင်မွေး စူးနေလေသည်။

'ဒီတဲကြီးကိုဖျက်ပြီး လေလုံမိုးလုံ ဇရပ် ဆောက်ချင်တယ်၊ ဘယ်သူ့ကို ပြောရမှာတုန်း'ဟု မေးလာပါသည်၊ ကြားရသူတိုင်း ဝမ်းသာသော်လည်း အဖွဲ့က ခွင့်ပြုပါမည်လားဟု သံသယ ဖြစ်နေကြသည်၊ သို့ပါသော်လည်း ထိုအချိန်က ဥက္ကဋ္ဌကြီး ဆာဦးသွင်မှာ အိန္ဒိယသို့ ခရီးလွန်နေပါသည်၊ ဘိုးသင် စသော ယောဂီတို့က ဆရာတော် ဘုရားကြီးအား လျှောက်ပါဟု အကြံပေးကြ၏။

ဒေါ်ငွေစောသည် ဆရာတော် ဘုရားကြီးအား လျှောက်ထားရာ ဆရာတော် ဘုရားကြီးက 'တရားစစ်တဲ့ အဆောက်အဦ ဆိုတာ လေလုံ မိုးလုံ လိုအပ်နေတာဘဲ၊ အခု လက်ရှိ တဲက ပြိုလုနီးလဲ ဖြစ်နေပါပြီ၊ အသစ်ဆောက်ယင် ကောင်းပါတယ်၊ ဘုန်းကြီးက အဖွဲ့ကို ခွင့်ပြုပေးဘို့ ပြောလိုက်ပါမယ်'ဟု အမိန့်ရှိကြောင်း သိရပါသည်။

ဆရာတော်ဘုရားကြီးက အကျိုးဆောင် အမြတ်တော်မင်းကြီး ဦးစံသိမ်းကို ခွင့်ပြုသင့်ကြောင်း မိန့်ကြား၍ ဦးစံသိမ်းက အဖွဲ့၏ စည်းကမ်းကို ပြောကြားကာ ခွင့်ပြုခဲ့ပါသည်။

ဒေါ်ငွေစောက 'ကျုပ်တို့လဲ လာပြီး မနေအားပါဘူး၊ တရားလဲ အားထုတ် ပြီးပါပြီ၊ ဥပုသ်နေ့တို့ အခါကြီး ရက်ကြီးတို့ ရောက်ချင်ရောက်မှာပေါ့၊ ကျုပ်တို့နောက်က အဆွယ်အပွား သားသမီးလဲ မရှိပါဘူး၊ ဘယ်သူမှလဲ လာနေမှာ မဟုတ်ပါဘူး၊ ရှင်တို့ စည်းကမ်းအတိုင်း ခေစက်ချပြီး အဖွဲ့ကို လွှဲအပ်ရုံပါဘဲ'ဟု ပြောကြားကြောင်း သိရပါသည်။

သို့ဖြစ်၍ ပုဇွန်တောင် ဆန်ကုန်သည် ဦးဘသိန်း ဒေါ်ငွေစော အမှူးပြုသော သားချင်းတစုတို့က သာသနာ့ရိပ်သာ အတွင်း၌ အထက်ဖော်ပြပါ အမျိုးသမီးများ တရားစစ်ရန် ကမ္မဋ္ဌာန်းဇရပ်ကို ၁၃၁၄ ခုနှစ်၌ စတင် ဆောက်လုပ်ခဲ့ပါသည်။

ဥက္ကဋ္ဌကြီး ဆာဦးသွင် အိန္ဒိယက ပြန်လာသော အခါ 'ဒီဇရပ်ကို ဘယ်သူဆောက်သလဲ၊ ဘယ်သူက ခွင့်ပေးသလဲ၊ သူတို့ နေဦးမှာလား' စသည် မေးမြန်းသဖြင့် ပြန်လည် ဖြေကြားကြရကြောင်း သိရပါသည်။

ဤ အစီရင်ခံစာ ရေးနေစဉ် ကျောင်းအမကြီး ဒေါ်ငွေစော နှင့် သွားရောက် တွေ့ဆုံရာ 'ဒို့ ဇရပ် ဆောက်တုန်းက ဒီအဖွဲ့ကလဲ စည်းကမ်းကြီးလိုက်တာလို့ ပြောမိတယ်၊ တကယ်တော့ ဒီလို စည်းကမ်းကြီးခဲ့လို့ - ကိုယ်ပိုင် ဇရပ်တွေ ဆောက်ခွင့် မပေးခဲ့လို့သာ အခု မင်းတို့ အုပ်ချုပ်

လို့ နိုင်နင်းနေတာပေါ့၊ စည်းကမ်းသာ မထားခဲ့ယင် ဆာဦးသွင်ပြောသလို မင်းတို့ရိပ်သာမှာ ပုခက်လွှဲနေတာ ကြာပြီ' ဟု ပြောလိုက်ပါသည်။

ဥက္ကဋ္ဌကြီး ဆာဦးသွင်က 'ကျုပ်တို့ အတွေ့အကြုံ များခဲ့ပြီ၊ တချို့သော ဘုရားဝိုင်း ကျောင်းဝိုင်း စသည်တို့မှာ ဇရပ်တွေ ဆောက်ကြတယ်၊ ဘုန်းတော်ကြီးများကလဲ ဇရပ်ဆောက် ချင်ပါတယ် ဆိုတော့ လွယ်လွယ်ပဲ ကရုဏာနဲ့ ခွင့်ပြုခဲ့ကြဘယ်၊ ပဌမ ဇရပ် ဒကာဒကာမတွေက တော့ ဥပုသ်ဇရပ်ဆိုပြီး မသေခင် ဥပုသ်စောင့်ယင်း နေထိုင်ကြဘယ်၊ အသက်ကြီးလို့ မကျန်း မမာဖြစ်တဲ့အခါ သားသမီး မြေးမြစ်တွေကို ခေါ်ပြီး ပြုစုခိုင်းရာက သူတို့တွေ သေကုန်ကြတော့ အဲဒီ သားသမီး မြေးမြစ်တွေက သူတို့အိမ် သူတို့ မပြန်ကြတော့ဘူး၊ ဇရပ်မှာပဲ နေကြတော့ဘယ်၊ အိမ်ထောင်သားမွေးပြုကြ ဇရပ်ကနေပြီး အလုပ် လုပ်ကြနဲ့ ကြာလာတော့ ဘုန်းကြီးကျောင်းတွေ ဟာ လူနေအိမ်တွေ ကြားထဲမှာ အလိုလို ရောက်ကုန်ကြဘယ်၊ ကျုပ်တို့ သာသနာ့ရိပ်သာလဲ လူနေအိမ်ဖြစ်မဲ့ ဇရပ်မျိုး အဆောက်မခံနိုင်ဘူး' ဟု ပြောကြားသည်ကို တင်ပြအပ်ပါသည်။

ဒေါ်ငွေစော ကမ္မဋ္ဌာန်းတရားစစ်ဇရပ် ဆောက်ပြီးနောက် ဦးချက် ဒေါ်စောတို့၏ တိုက် ဇရပ်၊ ဒေါ်စု ဒေါ်လှ ဒေါ်သန်းတို့ ဇရပ်၊ ဦးထင်ပေါ် ဒေါ်သန်းခင်တို့ ဇရပ်၊ ဦးမောင် စိန် ဒေါ်ကြင်ထိုတို့ ဇရပ်၊ ဦးကြင်ပိုး ဒေါ်ရွှေမှုန်တို့၏ တိုက်ကျောင်းတော် များမှာ သာသနာ့ ရိပ်သာအတွင်း၌ တည်ဆောက်ခွင့်များ ရကြ၍ တည်ဆောက်ကြ ပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော်မြတ်၏ ရှေ့တော်မှောက်၌ ရေစက် သွန်းချ လှူဒါန်းကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အား အပ်နှင်းကြပါသည်၊ ထိုဇရပ်ရှင်တို့သည် စည်းမျဉ်းအတိုင်း လိုက်နာကြပါသည်။

## တရားဇရပ်များ ဆောက်လုပ်သူတို့ လိုက်နာရန် စည်းမျဉ်း ရေးဆွဲထားခြင်း

၁၃၂၆ - ခု ( ၁၉၆၅ ) နှစ်သို့ ရောက်သော အခါ သာသနာ့ရိပ်သာအတွင်း၌ရှိ နိုင်ငံခြား သားများ တရားအားထုတ်ရာ အုတ်တိုက် အရှေ့ဘက် အနိမ့်ပိုင်း မြေညီ၌ ကမ္မဋ္ဌာန်းဇရပ် ဆောက် လုပ်သူတို့အား နေရာချထားပေးရန် အစီအစဉ် ပြုလုပ်ခဲ့ကြပါသည်၊ ထိုအချိန်က ဥက္ကဋ္ဌကြီး ဆာဦးသွင် အသက်ထင်ရှား ရှိနေသေး၍ ဥက္ကဋ္ဌကြီး ကိုယ်တိုင် ပါသော အဆောက်အဦ ဆောက်လုပ်ရေး အဖွဲ့ငယ် အစည်းအဝေးက ကမ္မဋ္ဌာန်း တရားဇရပ် ဆောက်လုပ်သူတို့လိုက်နာရန် စည်းမျဉ်းကို ရေးဆွဲခဲ့ပါသည်၊ ထိုစဉ်က အကျိုးဆောင်တို့မှာ သီရိပျံချီ ဦးသန်းစိန် နှင့် ဝဏ္ဏ ကျော်ထင် ဦးလှစိန်တို့ ဖြစ်ကြပါသည်။

## ကမ္မဋ္ဌာန်းဇရပ် ဆောက်လုပ် လှူဒါန်းကြမည့် အလှူရှင်များ အတွက် စည်းမျဉ်းဥပဒေများ

၁ - ဇရပ်လှူဒါန်းမည့် အလှူရှင်သည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရား ကြီး၏ ဩဝါဒကို ခံယူ၍ တရားအားထုတ်ဖူးသူ ဖြစ်ရမည်။

၂ - ဆောက်လုပ်လှူဒါန်းကြသော ဇရပ်များသည် အဖွဲ့မှ ဆုံးဖြတ်သော ပုံစံအားဖြင့် တပုံစံတည်း ဆောက်လုပ် လှူဒါန်းရမည်။

၃ - ဆောက်လုပ်ပြီးစီးသော ဇရပ်အတွင်းသို့ ရေပိုက်တပ်ခြင်း၊ ဓာတ်မီးကြိုးများ သွယ်ယူခြင်းတို့အတွက် ဇရပ်အလှူရှင်များက ရိပ်သာရှိ အနီးဆုံး ပင်မ ရေပိုက် နှင့် ပင်မ ဓာတ်မီးကြိုးများမှ တပ်ဆင်ယူရမည်။

၄ - ဓာတ်မီးသုံးစွဲရာတွင် မီတာကြီးမှ ကျသင့်သော ဓာတ်အားစရိတ် များကို တလုံးတည်း အဖွဲ့မှ ပေးရမည် ဖြစ်၍ လှူဒါန်းထားသော ဇရပ်များတွင် ဆပ်မီတာ ထားကာ ၎င်းမီတာမှ ဓာတ်အားစရိတ် ကျသင့်ငွေများကို လစဉ် အဖွဲ့ကြီးသို့ လှူဒါန်းသွားရမည်။

၅ - ဇရပ်များသို့ သွားရာလမ်းများ ဖောက်လုပ်ခြင်း၊ ရေပိုက်ဆက်သွယ်ခြင်း၊ ဓာတ်တိုင် ဓာတ်ကြိုးများ သွယ်ခြင်း၊ လုံခြုံမှုအတွက် ခြံဝင်းများ ကာရံခြင်း စသည်တို့ အတွက် ကုန်ကျသော စရိတ်များကို ဇရပ်ရှင် အသီးသီးတို့က အချိုးကျ အတိုင်း ပေးလှူရမည်။

၆ - မိမိ ဆောက်လုပ် လှူဒါန်းထားသော ဇရပ် အဆောက်အဦကို မြတ်စွာဘုရား၏ ပဋိပတ္တိ သာသနာတော် အတွက် အသုံးပြုရန် အဖွဲ့သို့ လှူဒါန်းထားရမည်။

၇ - အဖွဲ့သို့ ဆောက်လုပ်လှူဒါန်းပြီးသော ဇရပ်များတွင် တရား အားထုတ်ရန် ဇရပ် အလှူရှင်တို့အား အဘက်နိုင်ဆုံး ဦးစားပေး၍ တရားအားထုတ်ခွင့်ပေးပါမည်။

၈ - မိမိ ဆောက်လုပ် လှူဒါန်းထားသော ဇရပ်၌ အလှူရှင်၏အမည်များကို ကမ္ပည်း ထိုးထားနိုင်သည်။

၉ - အလှူရှင်များ ဆောက်လုပ်လှူဒါန်းထားသည့် ဇရပ်များမှာ လူနေအိမ် ကဲ့သို့ မဖြစ်စေဘဲ တရား ကျင့်သုံးသော ယောဂီအပေါင်းတို့ အတွက် အကျိုးများသော ဇရပ် ဖြစ်စေရမည်။

၁၀ - ဇရပ်တခုတွင် အလှူရှင် တဦးသော်၎င်း တဦးထက်ပို၍ လေးဦးထက် မများသော အလှူရှင်၏ အမည်များကိုသာ အဖွဲ့က အသိအမှတ် ပြုထားပါမည်။

၁၁ - ၎င်းဇရပ်တို့သည် ကာလကြာညောင်း၍ ဟောင်းနွမ်း ပျက်စီးခဲ့သော် မူလ အသိ အမှတ် ပြုထားသော ဇရပ်အလှူရှင် ( သို့မဟုတ် ) ၎င်း၏ သားစဉ်မြေးဆက်တို့က ဆက်လက် ပြုပြင်ရပါမည်၊ အကယ်၍ လုံးဝ ပြုပြင်သူ မရှိပါက အဖွဲ့မှ တာဝန် ယူ၍ ပြုပြင်သွားပါမည်။

[ ဤစည်းမျဉ်း ဥပဒေများသည် ၁၃၂၆ - ခု၊ ပြာသိုလပြည့်ကျော် ၄ - ရက် ( ၂၁-၁-၆၅ ) နေ့ အစည်းအဝေး ဆုံးဖြတ်ချက်မှ အချို့ ဖြစ်ပါသည်။ ]

## ကျောင်းသစ် ဇရပ်သစ်များ ဆောက်လှူလိုပါလျှင်

အထက်ဖော်ပြပါ စည်းမျဉ်းဥပဒေများ မရေးဆွဲမီကာလလျှင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ပိုင် (၁၉.၃၇၆) ဧကရှိ သာသနာ့ရိပ်သာ ခြံမြေတွင်း၌ ကျောင်း ဇရပ် စသည် အဆောက်အဦ တခုခု တည်ဆောက်လိုလျှင်သော်၎င်း ပြုပြင်လိုလျှင် သော်၎င်း ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်၏ ခွင့်ပြုချက်ကို ရယူရပါသည်။

## ကမ္မဋ္ဌာန်း တရား ဇရပ်အသစ်များ

အထက်ဖော်ပြပါ စည်းမျဉ်းကို ထုတ်ပြန်ပြီးနောက် စည်းမျဉ်းကို လိုက်နာပါမည် ဟု ဝန်ခံ၍ ကမ္မဋ္ဌာန်းတရား ကျောင်းဇရပ်ဆောက်ရန် ထိုစဉ်က အလှူရှင် ( ၃၃ ) ဦးတို့က လျှောက်လွှာ တင်ခဲ့ကြပါသည်။

အဖွဲ့က ခွင့်ပြု၍ ဆောက်လုပ်ပြီးစီးခဲ့ကြသော ကမ္မဋ္ဌာန်းတရား ကျောင်းဇရပ်တို့တွင် တခု အပါအဝင်ဖြစ်သော မြေကွက်အမှတ် ( ၁ ) ကမ္မဋ္ဌာန်းတရား ကျောင်းဇရပ်အလှူရှင် ဒေါ်ဉာဏ စာရီ နှင့် ဒေါ်သန်းသန်း၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ခေါခင်သိန်းတို့၏ ရေစက်ချ စာတမ်းတွင် ဤသို့ ပါရှိပါသည်။

> တပည့်တော်မတို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ နှစ်သောင်း ခုနစ်ထောင်မျှသော ကျပ်ငွေတို့ဖြင့် ဆောက်လုပ်စေအပ်ပြီးသော အလွန် တင့်တယ်၍ ကြည်နူးဘွယ် မွေ့လျော်ဘွယ်ရှိလှသော ဤတရားကျောင်း ဇရပ်ကို သီလနှင့် ပြည့်စုံ၍ ဘာဝနာအလုပ်ကို အားထုတ်ကုန်သော ယောဂီတို့သည် အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ချမ်းသာသည့် အလျောက် အလိုရှိတိုင်း ထိပါး သုံးသပ်၍ သုံးဆောင်ရန် အလို့ငှာ မဟာစည် ဆရာတော်ဘုရား အမှူးရှိသော ရဟန်းသံဃာတော်၏ မျက်မှောက်၌ မြတ်သော အလှူရေစက်ကို သွန်းချ၍ သတိပဋ္ဌာန် တရားတော်ကို ပြည့်ကျင့်သော ယောဂီအပေါင်းအား စွန့်လှူပါကုန်၏၊ ထို့ပြင် မဟာစည် ဆရာတော်၏ ဩဝါဒခံဖြစ်သော သာသနာ့ရိပ်သာ ထိန်းသိမ်း အုပ်ချုပ်ရေး တာဝန် ဆောင် ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့အားလည်း သတ်မှတ်ထားသော စည်းမျဉ်း ဥပဒေနှင့် အညီ စောင့်ရှောက် ထိမ်းသိမ်းရန် အလို့ငှာ အပ်နှင်းပါကုန်၏။
>
> အရှင်ဘုရားတို့— ယောဂီတို့သည် ဤဇရပ်၌ သတ်မှတ်ထားသော စည်းကမ်းဥပဒေ အရ ချမ်းသာသည် အလျောက် အလိုရှိတိုင်း နေထိုင်ကြလျက် ဘာဝနာတရားကို အားထုတ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါ စေကုန် သတည်း။
>
> [ ၂၀-၁၂-၇၀ နေ့ ရေစက်ချ စာတမ်း—မှ ]

သာသနာ့ရိပ်သာ အတွင်း၌ အထက်ဖော်ပြပါ စည်းမျဉ်း ရေးဆွဲပြီးနောက် ဆောက်လုပ် လှူဒါန်းသမျှ တရားကျောင်းဇရပ် ရေစက်ချ စာတမ်းတို့မှာ အထက်ပါ မူအတိုင်း ဖြစ်ပါသည်။

ထိုမှတပါး ပတ္တမြားဆေးတိုက် ဦးအောင်ခင် ဒေါ်ကြွေ မိသားတစုတို့က လှူဒါန်းသော မဟာ ဓမ္မသာလာ ဓမ္မာရုံကြီးမှာ အဆောက်အဦလည်း ကြီးမားပါသည်၊ ပိုက်ရေတွင်း ရေစုပ်စက် စသော အခြံအရံတို့လည်း ပါဝင်ပါသည်၊ ရည်မှန်းချက်ကလည်း ကျယ်ပြန့်ပါသည်၊ သို့ဖြစ်၍ ရေစက်ချ စာတမ်းမှာလည်း ကျယ်ပြန့်လှပါသည်၊ ယင်း ရေစက်ချ စာတမ်းပါ အချို့အဝက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရှုချင်စဖွယ် စိတ်ကြည်နူးဖွယ် နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ်သော ဤမဟာ ဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီးကိုရင်း ရေလှောင်ကန် ရေစုပ်စက်ရုံနှင့် တကွသော ထိုပိုက် ရေတွင်းကိုရင်း ရဟန်းရှင်လူ ယောဂီ အပေါင်းတို့သည်ရင်း ဧည့်သည် အာဂန္တု သူတော် ကောင်းတို့သည်ရင်း ချမ်းသာသည် အလျောက် သုံးဆောင်ရန်အလို့ငှာ မဟာစည် ဆရာ တော်အမှူးရှိသော ယောဂီအပေါင်းအား မြတ်သော အလှူရေစက်ကို သွန်းချ၍ ရှိသေစွာ လှူဒါန်းပါကုန်၏ အရှင်ဘုရား။

အထူးအားဖြင့်မူ ဤမဟာ ဓမ္မသာလာ ဓမ္မာရုံ ဇရပ်ကြီးဝယ် မြတ်စွာဘုရား၏ ဥဒ္ဒိဿ စေတီတော် ကိန်းအောင်းရာ ဘုရားခမ်း၌ အလွန် ကြည်ညိုဖွယ် ကောင်းသော မြတ်စွာ ဘုရား၏ ကိုယ်တော်စား ရုပ်ပွားဆင်းတု စေတီတော်ကို နတ်လူအများတို့ ရှိခိုးခြင်း မြတ်နိုး ခြင်း ပူဇော်ခြင်း အကျိုးငှာ တည်ထားကာ ကိုးကွယ် ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

ဖလ်မှန် စသည်တို့ဖြင့် ဆန်းကြယ်စွာ ရှုချင်စဖွယ် နှလုံးမွေ့လျော်ဖွယ် ကောင်းသော ထိုဘုရားခမ်းကိုလည်း ဂ္ဂုဏ္ဍိယ အစရှိသော ခြောက်ပါးသော ဘုန်းတော် - အရဟံ အစ ရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လှူဒါန်း ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

ထိုမှတပါးလည်း ဤ မဟာဓမ္မသာလာ ဓမ္မာရုံဇရပ်ကြီး ပိုက်ရေတွင်း စသည်တို့ကို လုံခြုံ အောင် စောင့်ရှောက် ထိန်းသိမ်းရန် အလို့ငှာ မဟာစည် ဆရာတော်၏ ဩဝါဒခံ ဖြစ် သော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့အားလည်း ထိုအဆောက်အဦတို့ကို အပ်နှင်းပါကုန်၏။

## လက်မှတ်ဖြင့် အဖွဲ့သို့ အပ်နှင်းရခြင်း

ထိုမှတပါး မိမိတို့ ဆောက်လုပ် လှူဒါန်းသော ကမ္မဋ္ဌာန်း တရားကျောင်း ဇရပ်တို့ကို ဖောင်းကြွ ရွှေစာလုံးဖြင့် ပုံနှိပ်ထားသော လှူဒါန်းပေးအပ်လွှာ၌ အဖွဲ့ နှင့် အလှူရှင်တို့ လက်မှတ် ရေးထိုးကြ၍ အဖွဲ့သို့တစောင် အလှူရှင်သို့တစောင် ပေးအပ်ရပါသည်။

ရေစက်ချ စာတမ်းကိုလည်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်ဘိုင် စီစဉ်တော်မူ၍ အဖွဲ့သို့ တစောင် အလှူရှင်သို့ တစောင် ပေးအပ်ပါသည်။

မဟာစည်ကျောင်းတော် ရေစက်ချ စာတမ်းကိုမူ ကျောင်း အနုမောဒနာ တရား စာအုပ် စာမျက်နှာ ( ၃၁၂ ) ၌ အပြည့်အစုံ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ရှင်းပြထားတော်မူပါသည်။

မိမိတို့ ဆောက်လုပ် လှူဒါန်းကြသော တရားကျောင်း ဇရပ်တို့ကို အလှူရှင်တို့ ကိုယ်တိုင် လက်မှတ်ထိုး၍ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်သို့ အပ်နှင်းကြရသော လက်မှတ်တို့တွင် ဒေါ်ဓမ္မေသီ - ဒေါ်အဖိန်တို့ တရားကျောင်းဇရပ် အပ်သော လက်မှတ် မိတ္တူမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကမ္မဋ္ဌာန်း ဇရပ် လှူဒါန်းပေးအပ်လွှာ

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က ချမှတ်ထားသော ဇရပ်ဆောက်လုပ် လှူဒါန်းခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ အရ -

ရန်ကုန်မြို့ သာသနာ့ရိပ်သာလမ်း အမှတ် ( ၁၆ ) နေ ဒေါ်ဓမ္မေသီ ဒေါ်ပုည နှင့် သံလျင်ကျောင်း ဆရာမကြီး ဒေါ်အဖိန်တို့က သာသနာ့ရိပ်သာ အတွင်း ယောဂီများ တရားအားထုတ်ရန် ဆောက်လုပ်ပြီးစီးသော ( ၃၀၀၀၀ိ ) သုံးသောင်းကျပ်တန် တိုက် ဇရပ်ကို အဆိုပါ အဖွဲ့ချုပ်အား ဩဝါဒါစရိယ ဦးဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်တော်တွင် ရေစက်သွန်းချ လှူဒါန်း ပေးအပ်ပါကြောင်း။

ထို့ပြင် အဖွဲ့ချုပ်က ချမှတ်ထားသော အဆိုပါ စည်းမျဉ်း ဥပဒေများကိုလည်းကောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ ချမှတ်ထားသော စည်းမျဉ်း ဥပဒေများကိုလည်း ကောင်း လေးမြတ်စွာ လိုက်နာကျင့်သုံး ဆောင်ရွက်ရန် သဘောတူပါကြောင်း။

| အဖွဲ့ချုပ် ကိုယ်စားလှယ်များ | ဇရပ်အလှူရှင်များ |
|---|---|
| မြန်အောင် ဦးတင် ( ဥက္ကဋ္ဌ )<br>ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် | ( ၁ ) ဒေါ်ဓမ္မေသီ<br>( ၂ ) ဒေါ်ပုည |
| ဦးသိန်းအောင် ( အတွင်းရေးမှူး )<br>ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် | ( ၃ ) ဒေါ်အဖိန် |

၁၉၆၅ - ခု၊ ဧပြီလ ( ၂၃ ) ရက်။

# ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ကျောင်းတော်

# ရေစက်ချ စာတမ်း

မယံ ဘန္တေ သမသဒ္ဒါ သမဆန္ဒာ သမစိတ္တာ သင်္ဂမ္မ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမသ္မိံ သာသနာ့ရိပ်သာအာရာမေ ဒွိသတမတ္တေဟိ ကဟာပဏ သဟဿေဟိ မဟာဘောဓိဝိဟာရဝရနာမကံ ဝိဟာရံ အတိသောဘိတံ ဒဿနီယံ ပါသာဒိကံ မနော ရမံ ကာရာပေတွာ ဣဒါနိ ဝိဟာရမဟံ နာမ မဟာဒါနံ ကရောမ။ ဣမသ္မိံ ဘန္တေ ဝိဟာရမဟေ ကရီယမာနေ ပဉ္စမံ တယော ဒိဝသေ ဘိက္ခုသံဃဿ ဘတ္တဒါနဉ္စ ဗဟုဇနဿ ဓမ္မဒါနဉ္စ တဒုပစာရဘာဝေန ကရိမှာ၊ အဇ္ဇပန သာဓိကသတသင်္ချဿ ဘိက္ခုသံဃဿ အရုဏုဂ္ဂမနကာလေစ မဇ္ဈန္ဟိကာသန္နကာလေ စာတိ ဒွိသု ကာလေသု ဒွိက္ခတ္တုံ ပဏီတာနိ ပိဏ္ဍပါတခါဒနီယဘောဇနီယ ဝိသေသပါနာနိ သက္ကစ္စံ အဒမှာ၊ အနေကသဟဿေ စ ဥပါသကောပါသိကဇနေ ပဏီတေဟိ ခါဒနီယဘောဇနီယပါနဝိသေသေဟိ ဘောဇယိမှာ။

ဧဝဉ္စ ဘန္တေ ဒတွာ ဘောဇေတွာ စ ဒါနိ ဘိက္ခုသံဃဿ သမ္မုခေ သရဏသီလာနိ ပုန သမာဒိယိတွာ တေဿ ယထာဝုတ္တဝိဟာရဿ မဟာဘောဓိဝိဟာရဝရနာမကဿ ဥပရိမဘူမိသင်္ခါတံ ဥပရိမဘာဂံ ယထုဒ္ဒိဋ္ဌပရိစ္ဆိန္နံ ဗုဒ္ဓဿ စ ဘိက္ခုသံဃဿ စ ဒက္ခိဏောဒကံ ပသိဉ္စိယ သက္ကစ္စံ ဒေမ၊ ဧတ္ထ ဘန္တေ ယထာပရိစ္ဆိန္နေ ဗုဒ္ဓပရိမာဂဗ္ဘေ ဗုဒ္ဓပရိမာ ဒေဝမနုဿာနံ ဝန္ဒနာမာနနပူဇာသက္ကာရေ သမ္ပဋိစ္ဆမာနာ ပတိဋ္ဌာတု၊ တဒညဋ္ဌာနာနိ ပန သီလာဒိဂုဏသမ္ပန္နာ ဘိက္ခူ အဓောတေဟိ, ဓောတေဟိ စ သောဒကေဟိ ပါဒေဟိ အတ္တမိတွာ, သဗ္ဗာကာယင်္ဂေဟိ စ ဖုသိတွာ နဟာနကောဋ္ဌကဂဗ္ဘေ ပနသဥပါဟနာပိ ဟုတွာ ယထာသုခံ ပရိဘုဉ္ဇန္တု၊ လေဏတ္ထာယစသုခတ္ထာယ စ ဈာယိတုဉ္စ ဝိပဿိတုဉ္စ။

ဟေဋ္ဌိမဘူမိသင်္ခါတံ ပနဿ ဟေဋ္ဌိမဘာဂံ သဓမ္မဒေသနာ မဟာဂန္ထံ့ မဟာစည်ထေရပ္ပမုခဿ ဂဟဋ္ဌပဗ္ဗဇိတယောဂါဝစရဂဏဿ သတိပဋ္ဌာနဓမ္မပရိပူရကဿ ဒေမ အဓောတေဟိ, ဓောတေဟိ စ သောဒကေဟိ ပါဒေဟိ အက္ကမိတွာ, သဗ္ဗကာယင်္ဂေဟိ စ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇိတုံ၊ ဧတ္ထ ဘန္တေ သီလာဒိဂုဏသမ္ပန္နာ ဘိက္ခုသာမဏေရာ စ ဂဟဋ္ဌယောဂါဝစရာ စ ဓမ္မာမကာ ဥပါသကဥပါသိကာယော စ ယထာနိယမိတံ ယထာသုခံ ဝသမာနာ ဓမ္မဒေသနာ ဓမ္မသဝနာဒိ သာသနကိစ္စာနိ ကရောန္တု၊ ဘာဝနဉ္စ အနုယုဉ္ဇန္တု၊ ဓမ္မံ သုဏိတွာ ဘာဝနဉ္စ အနုယုဉ္ဇိတွာ မဂ္ဂဖလနိဗ္ဗာနံ ခိပ္ပံ ပါပုဏန္တု။

အထောပေတံ ဝိဟာရံ မဟာစည်ထေရောဝါဒ ပဋိဂ္ဂါဟကဿ သာသနာ့ရိပ်သာအာရာမ ရက္ခက ဂေါပက ဘူတဿ ဗုဒ္ဓသာသနာနုဂ္ဂဟ သမဂ္ဂဿ စ နိယျာတေမ ယထာနိယမိတံ ရက္ခဏ ဂေါပနတ္ထာယ။

ဣမာနိ စ စီဝရာဒီ နာနာဒေယျဓမ္မဝတ္ထူနိ သီလာဒိဂုဏသမ္ပန္နာနံ ပဋိသမ္ဘိဒါယ ထေရာနံ ယထာဥဒ္ဒိဋ္ဌာနံ ဝိသုံ ဝိသုံ ပရိစ္စဇာမ သက္ကစ္စံ ဒေမ ပူဇေမ။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣမဿ ပုညဿ ပတ္တိံ သဗ္ဗေသံ သတ္တာနံ ဒေမ၊ သဗ္ဗေပိ တေ ဣမဿ ပုညဿ ပတ္တိံ လဒ္ဓါ သုခိတာ ဟောန္တု။

---

## မြန်မာသက်သက် ရေစက်ချစာတမ်း

သံဃာတော်အရှင်မြတ်တို့ဘုရား — တူညီသော သဒ္ဓါ, တူညီသောဆန္ဒ, တူညီသောစိတ်အကြံ ရှိကြသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များ မဟာစည်ဩဝါဒခံ ယောဂီများနှင့် အခြားစေတနာရှင်များ ဖြစ်ကြသော တပည့်တော်တို့သည် အညီအညွတ် စုပေါင်းကြပြီးလျှင် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ရည်သန် တောင့်တ၍ ဤသာသနာ့ရိပ်သာ အာရာမ်ကျောင်းတိုက်၌ နှစ်သိန်းမျှသော ကျပ်ငွေတို့ဖြင့် ရှုချင်စဖွယ် အလွန်တင့်တယ်၍ ကြည်နူးဘွယ် နှလုံးမွေ့လျော်ဘွယ်ကောင်းလှစွာသော မဟာစည်ကျောင်းတော် မည်သော ကျောင်းကို ဆောက်လုပ်စေပြီးလျှင် ယခုအခါ၌ ကျောင်းရေစက်ချ ပူဇော်ပွဲခေါ်သော မဟာဒါန အလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပါကုန်၏၊ အရှင်မြတ်တို့ဘုရား — ဤကျောင်း ရေစက်ချပူဇော်ပွဲကို ကျင်းပသောအခါ ရှေးဦးစွာ သံဃာတော်အား ဆွမ်းကပ်လှူခြင်း - လာလာသမျှ အလုံးစုံသော ပုဂ္ဂိုလ်တို့အား တရားဟောလှူခြင်းတို့ကို ယင်းရေစက်ချပွဲ၏ အကြိုပူဇော်ပွဲအဖြစ်ဖြင့် သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါကုန်၏၊ ယနေ့အဖို့၌မူကား တရားကျော် အရေအတွက်ရှိသော ရဟန်းသံဃာတော်အား အရုဏ်ဆွမ်းတကြိမ် နေ့ဆွမ်း တကြိမ်အားဖြင့် ၂ - ကြိမ်တိုင်တိုင် မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်နှင့် သောက်ဖွယ်အထူးတို့ကို ရိုသေစွာဆက်ကပ်လှူဒါန်းကျွေးမွေး ပူဇော်ခဲ့ပါကုန်ပြီ၊ ထောင်ပေါင်း များစွာသော ဥပါသကာ - ဥပါသိကာ လူပရိသတ်တို့ကိုလည်း မွန်မြတ်သော ခဲဘွယ်ဘောဇဉ် သောက်ဖွယ် အထူးတို့ဖြင့် ကျွေးမွေးခဲ့ပါကုန်ပြီ။

အရှင်မြတ်တို့ဘုရား — ဤသို့ ဆက်ကပ်လှူဒါန်းကျွေးမွေးကြပြီးလျှင် ယခုအခါ ရဟန်းသံဃာတော်၏ မျက်မှောက်၌ သင်္ကန်းသုံးပါးနှင့် တကွ ငါးပါးသီလ, ရှစ်ပါးသီလတို့ကို ထပ်မံ ဆောက်တည်ကြပြီးလျှင် ယခုတင်ပြ လျှောက်ထားအပ်ခဲ့ပြီးသော မဟာစည်ကျောင်းတော် ခေါ်သော ဤကျောင်း၏ အထက်ထပ်ဟု ဆိုအပ်သော အထက်ပိုင်းအဖို့ကို ရည်ညွှန်းပိုင်းခြားရင်း ရှိသည့်အတိုင်း မြတ်စွာဘုရားအားရင်း သံဃာတော်အားရင်း မြတ်သော အလှူရေစက်ကို သွန်းချ၍ ကောင်းမွန်ရိုသေစွာ လှူဒါန်းပါကုန်၏၊ အရှင်မြတ်တို့ဘုရား — ဤကျောင်းအထက်ထပ်၌ ရည်ညွှန်း

ပိုင်းခြားထားအပ်သော ဘုရားခန်း၌ မြတ်စွာဘုရား၏ ကိုယ်တော်စားဖြစ်သော ဘုရား၏ ရုပ်ပွားဆင်းတုတော်သည် နတ်လူတို့၏ ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုအသေ ပြုခြင်းတို့ကို ခံတော်မူကာ ကိန်းအောင်း တည်နေပါစေသတည်း၊ ထိုဘုရားခန်းမှ တပါးသော ဌာနတို့ကိုမူ သီလ အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ရဟန်းတော်တို့သည် မဆေးအပ်သောခြေ, ဆေးပြီး၍ ရေစိုနေသော ခြေတို့ဖြင့် နင်း၍ရင်း, အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ထိပါး သုံးသပ်၍ရင်း, ရေချိုးခန်း၌မူ ဘိနပ်စီး၍ရင်း, ကိန်းအောင်းရန် အလို့ငှာရင်း, ကိုယ်စိတ်နှစ်ဖြာချမ်းသာရန် အလို့ငှာရင်း, သမထအာရုံကို ရှုရန် အလို့ငှာရင်း, ဝိပဿနာရှုရန် အလို့ငှာရင်း, ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်တော်မူကြပါစေကုန်သတည်း။

ထို့ပြင် တရာဟောရန် ဓမ္မာရုံ ခန်းမကြီးနှင့် တကွ ယင်းမဟာစည် ကျောင်းတော်၏ အောက်ထပ်ဟု ဆိုအပ်သော အောက်ပိုင်းအဖို့ကိုမူ မဟာစည်ဆရာတော် အမှူးရှိသော သတိပဋ္ဌာန်တရား ပွားများဖြည့်ကျင့်သော ရဟန်းရှင်လူ ယောဂီအပေါင်းအား မဆေးအပ်သောခြေ, ဆေးပြီး၍ ရေစိုနေသော ခြေတို့ဖြင့် နင်း၍ရင်း, အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ထိပါး သုံးသပ်၍ရင်း, ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်ရန် အလို့ငှာ မြတ်သော အလှူရေစက်ကို သွန်းချ၍ လှူဒါန်းပါကုန်၏၊ အရှင်မြတ်တို့ဘုရား– ဤ မဟာစည်ကျောင်းတော် အောက်ထပ်၌ သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော ရဟန်း သာမဏေတို့သည်ရင်း, လူဝတ်ကြောင် ယောဂီတို့သည်ရင်း, တရားကိုမြတ်နိုးသော ဥပါသကာ ဥပါသိကာတို့သည်ရင်း, ပိုင်းခြားသတ်မှတ်ထားသည့် အတိုင်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သီတင်းသုံး နေထိုင် ကုန်လျက် တရားဟောခြင်း တရားနာခြင်း အစရှိသော သာသနာနှင့် စပ်ဆိုင်သော ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ကြပါစေ၊ ဘာဝနာအလုပ်ကိုလည်း အားထုတ်ကြပါစေ၊ တရားနာကာ ဘာဝနာကို အားထုတ်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ။

ထို့ပြင်လည်း ဤမဟာစည် ကျောင်းတော်ကို ထိန်းသိမ်း စောင့်ရှောက်ရန် အလို့ငှာ မဟာစည်သြဝါဒခံ သာသနာ့ရိပ်သာ အာရာမ်၏ အစောင့်အရှောက် ဂေါပကဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အားလည်း အပ်နှင်းပါကုန်၏ အရှင်မြတ်တို့ဘုရား။

ထို့ပြင် ဤသင်္ကန်း, ခြင်ထောင် အစရှိသော အမျိုးမျိုးသော လှူဘွယ်ဝတ္ထုတို့ကိုလည်း သီလ အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ရည်ရွယ်အပ်သော ၆၅ - ပါးသော မထေရ်တို့အား အသီးအသီး ပိုင်းခြား၍ ရိုသေစွာ လှူဒါန်း ပူဇော်ပါကုန်၏ အရှင်မြတ်တို့ဘုရား။

သံဃာတော် နှင့် လူပရိသတ်များစွာတို့အား ကောင်းစွာကျွေးမွေးခြင်း, ကျပ်ငွေနှစ်သိန်းတန် မဟာစည်ကျောင်းတော်ကို ရေစက်သွန်းချ လှူဒါန်းခြင်း, ၆၅ - ပါးသော အရှင်မြတ်တို့အား သင်္ကန်း, ခြင်ထောင် အစရှိသော အမျိုးမျိုးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း အစရှိသော တပည့်တော်တို့၏ ဤကောင်းမှုအပေါင်းသည် အာသဝေါတရား ၄ - ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

မဟာစည်ကျောင်းတော်ကို ရေစက်ချ လှူဒါန်းခြင်း အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို ကွယ်လွန် လေသော ဤမဟာစည်ကျောင်းတော်၏ အရင်းခံ မူတည် ဒါယကာဖြစ်သူ ဆာဦးသွင်နှင့် တကွ ကျွန်ုပ်တို့၏ အသိအသိသော အမိအဘ အဆွေအမျိုး ဤအာရုမ်၌ ရောက်ရှိနေသော ပရိသတ်အပေါင်းတို့မှ စ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှအမျှ ပေးဝေပါကုန်၏၊ အလုံးစုံသော ထိုသတ္တဝါတို့သည် ဤကောင်းမှု၏ အဖို့ကို အညီအမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသော်။ ။

သာဓု သာဓု သာဓု

# သာသနာ့ရိပ်သာ အဆောက်အဦများ

| အဆောက်အဦအမည် | အလှူရှင် အမည် | တန်ဘိုး ကျပ်ငွေ |
|---|---|---|
| ၁ ။ စံကျောင်းတော် | ဆာဦးသွင် - လေဒီသွင် ၁၉၄၇ - ခု<br>( သား ) ဦးစံမောင်<br>( သမီး ) ဒေါ်ခင်ခင်ကြီး | ၂၁၀၀၄/- |
| ၂ ။ သာသနမလ ဝိသောဓနီ<br>သိမ်တော်ကြီး | ၎င်း | ၆၀၀၀၀/ကျော် |
| ၃ ။ ဖယ်ယဉ်ဓမ္မာရုံတော်ကြီး | ၎င်း | ၂၀၀၀၀၀/- |
| ၄ ။ မော်ကွန်းတင်ဓမ္မာရုံ | ၎င်း | |
| ၅ ။ ဆေးပေးခန်း | ၎င်း | |
| ၆ ။ သုခရိပ်သာ ဓမ္မရိပ်သာ | ၎င်း | |
| ၇ ။ ကမ္မဋ္ဌာန်းကျောင်း ၄ ကျောင်း | ၎င်း | ၁၄၀၈၈/- |
| ၈ ။ ဆွမ်းစားကျောင်း | အဖွဲ့ချုပ် | ၄၆၅၀၉/၀၅ |
| ၉ ။ ဇေယျဝတီဟာရိဂျီပိဋကတိုက် | ဇေယျဝတီသကြားစက်သူဌေး | ၁၂၂၄၉၂/၁၃ |
| ၁၀ ။ ( ၁၀ ) ခန်းတွဲ<br>( က ) ကမ္မဋ္ဌာန်းတိုက် | ဦးမြနှင့်သားများကုမ္ပဏီပိုင်ရှင်<br>ဟံသာတ ဦးမြ နှင့် ဒေါ်ဒေါ်ပု<br>မိသားစု | ၁၆၀၀၀/- |
| ၁၁ ။ ( ၁၀ ) ခန်းတွဲ<br>( ခ ) ကမ္မဋ္ဌာန်းတိုက် | ကုန်သည်ကြီး ဦးချစ်မောင် ဒေါ်သန်းမြင့်<br>သားသမီးတစု၊<br>၂၆ - ဆင်းဒဝစ်လမ်း၊ ရန်ကုန်မြို့။ | ၁၇၀၀၀/- |
| ၁၂ ။ အောက်ထပ်အအေးခန်း နှင့်<br>အရုံ စံကျောင်းကလေး | ဦးသိန်းဟန် ( အစိုးရရှေ့နေကြီး )<br>ဒေါ်သန်းနွဲ့၊ ၃၁၊ ၅၃ - လမ်း<br>ဒေါ်စောရှင် နှင့် သမီးများ၊<br>၁၂၀၊ ၄၉ - လမ်း၊ ရန်ကုန်မြို့။ | |
| ၁၃ ။ ( ၁၀ ) ခန်း အုတ်ဂူလိုဏ်ကြီး<br>(ငွေ့ကြီးတန်း)<br>( ၁/၂ ) ခန်း<br>( ၃/၄ ) ခန်း | ဟံသာတမြို့ သံနှင့်သစ်ကုန်သည်<br>ဒေါ်ဖွားအုံ၊ ( သား ) ကိုကျော်သာ<br>( သမီး ) ဒေါ်သစ်၊ ညီမ - မချစ် | ၁၉၉၉၀/- |

| အဆောက်အဦအမည် | အလှူရှင် အမည် | တန်ဘိုး ကျပ်ငွေ |
|---|---|---|
| (၅) ခန်း | ဦးစစ်ကြူ၏ သား၊ ဦးဘမောင် ဒေါ်ကျင်ဝမ်၊ ရွှေတောင်တန်း၊ ရန်ကုန်မြို့။ | |
| (၆/၇/၈/၉/၁၀) (၅ - ခန်းပေါင်း) | ဝါးခယ်မမြို့၊ သဘော်ပိုင် - ဦးသော်ကင်း၊ ဒေါ်မိ နှင့် သမီး၊ မြင့်မြင့် - မခင်ခင်, သား မောင်ခင်အောင်။ | |
| ၁၄ - (၈) ခန်းတွဲ အမျိုးသမီး ယောဂီလျား၊ (၁) ခန်း | ဟင်္သာတ ဦးမြ နှင့် သားများ | ၁၂၈၁၃/- |
| (၂) ခန်း | ဦးဆင် ဒေါ်ဌေး | |
| (၃) ခန်း | ဦးမြရင် ဒေါ်ဒေါ်ထွေး | |
| (၄) ခန်း | ဦးသံဒိုင် - ဒေါ်ဒေါ်ထင် | |
| (၅) ခန်း | ချပ်သင်း ဦးဘတင် - ဒေါ်ဒေါ်သိန်း | |
| (၆) ခန်း | စိန်ဘရားသား ဦးဘိုးသိ - ဒေါ်ငွေခင် | |
| (၇) ခန်း | ဆန်းဦးညွန့် ဒေါ်မြညွန့် | |
| (၈) ခန်း | ဒူးစွန်ဆိုင် - လင်ကျိချန် | |
| ၁၅ - အနောက်ဖက် (၁၀) ခန်းတွဲ အုတ်တန်းလျား | (၁၃၁၃ - ခု) | ၁၇၇၇၁/၀၉ |
| (၁) ခန်း | ဦးစစ်ကျူ (သမီး) ဒေါ်အုံသူ, ဒေါ်ကျင် (သား) မောင်သန်းထွန်း၊ ဒါလဟိုဇီလမ်း။ | |
| (၂/၃) ခန်း | ဦးချက် - ဒေါ်စော၊ ကြို့ပင်ကောက်မြို့။ | |
| (၄) ခန်း | သခင်ဥ နှင့် မအေးသင် သားသမီးတစု ဟာမစ်တိတ်လမ်း၊ ရန်ကုန်မြို့။ | |
| (၅) ခန်း | သစ်ကုန်သည် ဦးစံမောင်, ဒေါ်ဒေါ်စု ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။ | |
| (၆) ခန်း | ဒေါ်ဒေါ်သန်း၊ လေးမျက်နှာမြို့။ | |
| (၇/၈) ခန်း | ဒေါ်ဒေါ်မေ၊ ပုသိမ်မြို့။ | |
| (၉) ခန်း | ဦးညွန့် - ဒေါ်ချိုချို ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။ | |
| (၁၀) ခန်း | အလှူရှင် မရှိ။ | |

| အဆောက်အဦ အမည် | အလှူရှင် အမည် | တန်ဘိုးကျပ်ငွေ |
|---|---|---|

၁၆ - တောင်ဘက် (၈) ခန်းတွဲ
အုတ်တန်းလျား

| | | |
|---|---|---|
| (၁) ခန်း | မောင်ရှုဝ်က် - မကျင်ဟုန် (သမီး) မခင်ညွန့်, (သား) မောင်တင်အုန်း ရွှေတောင်တန်း၊ ရန်ကုန်မြို့။ | |
| (၂) ခန်း | အမ - ဒေါ်ကျင်မွှေး, မောင်-ဦးဟုတ်စိန်, မချစ်မေ (သား) မောင်သံချောင်း မောင်နှမ တစု၊ ရွှေတောင်တန်း၊ ရန်ကုန်မြို့။ | |
| (၄) ခန်း | ဒေါ်ရင်, ဒေါ်ရှင်, ဒေါ်တင် ညီမတစု၊ ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။ | |
| (၅) ခန်း | ဒေါ်ယု၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့။ | |
| (၆) ခန်း | ရှေ့နေကြီး ဦးဘကန် - ဒေါ်မမလေး၊ ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။ | |
| (၇) ခန်း | ဦးတင်ဦး - ဒေါ်သက်တင် (သား) မောင်သန့်ခင်, (သမီး) မခင်ဆွေမြင့်၊ ဒုတိယထပ်၊ သော်မဆင်ရိပ်သာ၊ ရန်ကုန်မြို့။ | |
| (၈) ခန်း | ဒေါ်ပု, ဒေါ်စောမြနှင့် သားသမီးတစု ဆင်ရေကန်လမ်း၊ အလုံ၊ ရန်ကုန်မြို့။ | |

၁၇ - အောက်ဖက် အလယ်
(၇) ခန်းတွဲ အုတ်တန်းလျား

| | | |
|---|---|---|
| (၁) ခန်း | မညော် (သား) မောင်စိုးစိုး၊ စဉ့်အိုးတန်း၊ ရန်ကုန်မြို့။ | |
| (၂) ခန်း | ဒေါ်တင် (သမီး) မြင့်မြင့်ဝေ၊ ၁၅ - လမ်း၊ ရန်ကုန်မြို့။ | |
| (၃) ခန်း | ဦးဆာဝါ - ဒေါ်မယ်ကျေ၊ ၂၄ - လမ်း၊ ရန်ကုန်မြို့။ | |
| (၄) ခန်း | ဦးဘိုးလှ - ဒေါ်ကျင်ဥ၊ သက်န်းကျွန်း။ | |
| (၅) ခန်း | ဦးရန်စိန်း - ဒေါ်ကြည်။ | |

| အဆောက်အဦ အမည် | အလှူရှင် အမည် | တန်ဘိုး ကျပ်ငွေ |
|---|---|---|
| (၆) ခန်း | ဦးဟုတ်စိန် - ဒေါ်စောခင်<br>(သမီး) မရန်ငှာ။ | |
| (၇) ခန်း | ဦးရပ်လာ - ဒေါ်ရှုလျှန်၊<br>လှတ္တာလမ်း၊ ရန်ကုန်မြို့။ | |
| (၈) ခန်း | ဦးဘိုးလှ - ဒေါ်ကျင်ဥ၊ ဆက်န်းကျွန်း။ | |
| ၁၈ - မဟာစည် ကျောင်းတော် | | |
| ၁၉ - ဆွမ်းစားကျောင်း<br>(နောက်ထပ်တိုးချဲ့ကျောင်း) | ဦးစိန်ဖေ - ဒေါ်ဦး၊<br>သားသမီးတစု၊<br>အမှတ် - ၅၂၊ ၇တ္တာလစ်လမ်း၊<br>ရန်ကုန်မြို့။ | ၅၀၀၀၀/- |
| ၂၀ - သီးခြားယောဂီများ<br>ဆွမ်းကျွေးဇရပ်။ | | |
| ၂၁ - အမျိုးသမီးများတရားစခန်း | ဒေါ်ငွေစော နှင့် ဒေါ်သာမေ။ | |
| ၂၂ - အမျိုးသမီး ကမ္မဋ္ဌာန်းဇရပ် | ဒေါ်ဒေါ်စု၊ ဒေါ်ဒေါ်လှ၊<br>ဒေါ်ဒေါ်သန်း။ | |
| ၂၃ - ။ | ကွယ်လွန်သူ ဦးချက် - ဒေါ်စောနှင့်<br>သမီးများ၊ အမှတ်( )- ၉ - လမ်း၊<br>ရန်ကုန်မြို့။ | |
| ၂၄ - ။ | ဦးထင်ပေါ် - ဒေါ်သန်းခင် သားသမီး တစု၊<br>အမှတ် - ၈၊ မော်တင်၊ ရန်ကုန်မြို့။ | |
| ၂၅ - နိုင်ငံခြား အမျိုးသမီးများ<br>ပြည်တွင်းအမျိုးသမီးများ<br>ကမ္မဋ္ဌာန်း ဇရပ် | (စိန်ရတနာ) ဦးမောင်စိန် - ဒေါ်ကျင်ထို<br>သားသမီးတစု၊ ၁၁ - လမ်း၊<br>ရန်ကုန်မြို့။ | |
| ၂၆ - အမျိုးသမီး<br>တိုက်ကမ္မဋ္ဌာန်းဇရပ် | (နယူးဆေးတိုက်ပိုင်ရှင်)<br>ဒေါ်နုနု နှင့် သားသမီးတစု၊<br>အမှတ် - ၁၂၄၊ ဗိုလ်ချုပ်လမ်း၊<br>ရန်ကုန်။ | (၂၂-၁-၆၇) နေ့<br>၃၀၀၀၀/- |
| ၂၇ - အမျိုးသမီးကမ္မဋ္ဌာန်းဇရပ် | ဒေါ်အေးကြည်၊ ဒေါ်တင်ရီ<br>အမှတ် ၇၆ (က) ၇တ္တာလစ်လမ်း<br>ရန်ကုန်မြို့။ | (၃-၃-၆၈) နေ့<br>၃၀၀၀၀/- |

| အဆောက်အဦ အမည် | အလှူရှင် အမည် | တန်ဘိုး ကျပ်ငွေ |
|---|---|---|
| ၂၈ · ၂ ထပ်အမျိုးသမီးကမ္မဋ္ဌာန်း<br>ကျောင်း (ဟံသာအေး) | ဦးကျော်ဇော၊ဒေါ်ကျင်မြ<br>သားသမီးတစု၊အမှတ်-၈၂<br>တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့ | (၂၄·၈·၆၈) နေ့<br>၄၇၀၀၀/- |
| ၂၉ · အမျိုးသမီးကမ္မဋ္ဌာန်းတိုက်ဇရပ် | ဒေါ်ခမွေသီ၊ဒေါ်ဖုညနှင့်<br>သံလျင်ကျောင်းဆရာမကြီး<br>ဒေါ်အဖိန်။ | (၂၃·၄·၆၉) နေ့<br>၃၀၀၀၀/- |
| ၃၀ · ။ | ဒေါ်စောမြ (ဝိဇယ) သား<br>သမီးတစု၊ အမှတ်( ၁၀၂ )ဘောင်<br>ဒရီလမ်း၊ ရန်ကုန်မြို့။ | ( ၄·၅·၆၉ ) နေ့<br>၃၀၀၀၀/- |
| ၃၁ · အမျိုးသားတိုက်ကမ္မဋ္ဌာန်း<br>ကျောင်း (သန္တာအေး) | (ကွယ်လွန်သူ) ဦးချစ်မောင်-ဇနီး<br>ဒေါ်သန်းမြင့်နှင့်သားသမီးတစု<br>အမှတ် ၇၆၊ ဆင်းဒဝစ်လမ်း၊<br>ရန်ကုန်မြို့။ | (၁၂·၁·၇၀) နေ့<br>၃၀၀၀၀/- |
| ၃၂ · အမျိုးသမီးတိုက်ကမ္မဋ္ဌာန်း<br>ဇရပ် | ဆရာကြီး ဒေါ်ဉာဏစာရီ၊ဒေါ်<br>သန်းသန်း၊ ဒေါ်ကြည်ကြည်သန်း၊<br>ဒေါ်စောခင်သိန်း၊ ရန်ကုန်မြို့။ | (၂၀·၁၂·၇၀) နေ့<br>၂၇၁၀၀/- |
| ၃၃ · ၂-ထပ်အမျိုးသမီးတိုက်<br>ကမ္မဋ္ဌာန်းဇရပ်။ | ဘကြီးဦးစူးဝါး၊ အမိဒေါ်နွဲ<br>အမကြီး ဒေါ်လျှန်တီတို့ကိုအမှူး<br>ထား၍ ဒေါ်ချမ်းနှင့်မောင်နှမ<br>တစု၊ အမှတ်၅၃/၅၅-ကီလီလမ်း၊<br>ရန်ကုန်မြို့။ | (၂၉·၄·၇၃) နေ့<br>၁၀၀၀၀၀/- |
| ၃၄ · အမျိုးသမီးတိုက်ကမ္မဋ္ဌာန်း<br>ဇရပ် | ဦးဘရှင်-ဒေါ်စိန်စိန်၊သား<br>သမီးတစု၊အမှတ်( ၂၀)စိုလ်မ်း<br>လမ်း၊ ရန်ကုန်မြို့။ | ( ၅·၃·၆၇ ) နေ့<br>၃၀၀၀၀/- |
| ၃၅ · ။ | ဆရာဝန်ကြီးဦးသက်ဖေ၊ဒေါ်<br>အေးခင် (သမီး) မပြုံးပြုံး<br>အမှတ်-၅၁၊သောင်းဝစွလမ်း<br>ရန်ကုန်မြို့။ | (၁၃·၂·၆၈) နေ့<br>၃၁၀၀၀/- |
| ၃၆ · အမျိုးသားတိုက်ကမ္မဋ္ဌာန်း<br>ကျောင်း။ | ဦးကြင်ပိုး-ဒေါ်ရွှေမှုန်၊သား<br>သမီး မြေးတစု၊ အမှတ် ၉၆၊<br>ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ | (၂၆·၃·၆၇) နေ့<br>၈၆၂၀၀/- |

| အဆောက်အဦ အမည် | အလှူရှင် အမည် | တန်ဘိုး ကျပ်ငွေ |
|---|---|---|
| ၃၇ · ဒေါ်ကြွေ ဓမ္မာရုံကြီး (မဟာမေ့သာလာ) | ပတ္တမြားဦးအောင်ခင်-ဒေါ်ကြွေ အမ၊ဒေါ်ခင်ရွှေညီမ-ဒေါ်အေး-ကြည်၊ မောင်-ဦးတင်စိန်၊သမီး မရီရီခင်၊ သား-မောင်သန်းအောင် အမှတ် ၇၇၆၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။ | (၁၀·၁၂·၇၂) နေ့ ၁၀၀၀၀၀/− |
| ၃၈ · (ကမ္မဋ္ဌာနာစရိယ) တိုက် ကမ္မဋ္ဌာန်းကျောင်း | ဦးဘဝင်း၊ ဒေါ်အေးရီ၊အမှတ် ၅၉၊ အင်းယားမြိုင်လမ်း၊ ရန်ကုန်မြို့။ | (၂၀·၁၂·၇၂) နေ့ ၃၀၀၀၀/− |
| ၃၉ · ၂· ထပ်အမျိုးသမီးတိုက် ကမ္မဋ္ဌာန်းဇရပ် | ဒေါ်မြစ်နှင့်သားသမီးတစု၊ ဒေါ်နှင်းမြ( နှင့် )သားသမီးတစု ရန်ကုန်မြို့။ | (၂·၂·၇၃) နေ့ ၂၀၀၀၀/− |
| ၄၀ · နိုင်ငံခြားတိုက် ကမ္မဋ္ဌာန်း (အမျိုးသား) ကျောင်း | အများကောင်းမှု | ၆၀၀၀၀/− |
| ၄၁ · အမျိုးသား ကမ္မဋ္ဌာန်းတိုက် ၁·မှ၅·တိုက်။ ၅·လုံး | | ၀၀၀၀၀၀/− |
| ၄၂ · ၂·ထပ်အမျိုးသမီးတိုက် ကမ္မဋ္ဌာန်းဇရပ် | မိခင်ကြီး ဒေါ်ဖွားခင်အမှူးထား၍ ဦးစိန်ဖေ၊ ဒေါ်ဦး၊ မိသားတစု၊ အမှတ်(၅၂) ဂွတ္တာလစ်လမ်း၊ရန်ကုန်မြို့။ | ၈၀၀၀၀/− |
| ၄၃ · အရိယာဝါသအမျိုးသား ကမ္မဋ္ဌာန်းတိုက် | အများကောင်းမှ | |
| ၄၄ · အလုပ်တမားတန်းလျား | အသွဲချုပ်မှ | ၁၆၀၇၆/၅၀ |
| ၄၅ · ဟိတေသီဓမ္မာရုံ နှင့် ဆေးပေးခန်း၊ ဆွမ်းစားကျောင်း၊ မီးဖိုဆောင်၊ကုဋီ | ဟိတေသီအသွဲ ကောင်းမှု | ၂၀၀၀၀၀/− |
| ၄၆ · သံဃာပါသနှစ်ထပ် ကမ္မဋ္ဌာန်းတိုက် ကျောင်း | | ၂၈၉၀၀၀/− |
| [illegible] · ငွေရတုသဘင်အထိမ်း အမှတ် မုခ်ဦးပြာသာဒ် | | ၂၅၀၀၀/− |

# ငွေရတုသဘင် ကျင်းပရခြင်း အကြောင်း

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကို ၁၃၀၉-ခု ( ၁၉၄၇ ) ခုနှစ်က စတင် တည်ထောင်ခဲ့သောကြောင့် ၁၃၁၄-ခု( ၁၉၇၂ )ခုနှစ်ကပင်( ၂၅ )နှစ် မြောက်ခဲ့ပါသည်၊ ထိုစဉ်က ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ ( ၂၅ ) နှစ်မြောက် ငွေရတုသဘင်ကို ကျင်းပရန် အမှတ်တရ အထိမ်းအမှတ် အဖြစ်ဖြင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ ( ၂၅ )နှစ်မြောက် သာသနာ့ရိပ်သာ မုခ်ဦးပြာသာဒ်ကြီးကိုပါ တည်ဆောက်ရန် ကြိုတင် စီစဉ်ခဲ့ပါသည်။

ဤသို့ စီစဉ်ခဲ့သည်ကို ထိုစဉ်က ဥက္ကဋ္ဌဖြစ်သော မြန်အောင်ဦးတင်သည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား လျှောက်ထား ဩဝါဒ ခံယူသောအခါ ဆရာတော်ဘုရားကြီးက 'ဘုန်းကြီး ဤသာသနာ့ရိပ်သာ၌ ဝိပဿနာတရား ပြသည်မှာ ( ၂၃ ) နှစ် ရှိသွားပြီ၊ လာမည့်( ၁၃၃၆ )ခုနှစ် နတ်တော်လသို့ ရောက်လျှင် ( ၂၅ ) နှစ် ပြည့်တော့မည်၊ ဤ( ၂၅ )နှစ် အထိမ်းအမှတ်ပွဲကိုလဲ ကျင်းပဦးမှ ကောင်းမည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏( ၂၅ )နှစ်မြောက် အထိမ်းအမှတ်ကို ဘုန်းကြီး ဝိပဿနာတရား ပြသည့် ( ၂၅ ) နှစ်မြောက်ပွဲနှင့် အတူ လာမည့် ( ၁၃၃၆ ) ခုနှစ် နတ်တော်လ၌ ပူးပေါင်း၍ တပါတည်း ကျင်းပလျှင် ကိစ္စနှစ်ရပ် တပါတည်း ပြီးစီးသွားနိုင်ဘွယ်ရာ ရှိသည် ' ဟု အမိန့်ရှိတော်မူခဲ့ပါသည်။



အပေါ်ဆွမ်းစားကျောင်း ဝေယျာဝစ္စ ဆောင်ရွက်ကြသူ စေတနာရှင်များ

## ပဌမအကြိမ် ပူဇော်ပွဲ

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ရန်ကုန် သာသနာ့ ရိပ်သာ၌ ဝိပဿနာတရား ပြသတော်မူသည်မှာ ၁၃၁၂ ခုနှစ် နတ္တော်လပြည့်နေ့၌ တနှစ်ပြည့်မြောက်သဖြင့် ထိုတနှစ် ပြည့်မြောက်သည့်နေ့ကို အထိမ်းအမှတ် ဖြစ်စေရန် တရားအားထုတ်ပြီး အားထုတ်ဆဲ ယောဂီများ စုပေါင်း၍ အစည်းအဝေး ပြုလုပ်သင့်ကြောင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးကပင် စတင် မိန့်ကြားခဲ့ပါသည်။

အစည်းအဝေး ဟူသောအမည်ထက် ဓမ္မပူဇာမင်္ဂလာ အနေအားဖြင့် မိမိတို့ အားထုတ်၍ ရသော တရားဖြင့် ပူဇော်သည့်ပွဲ ဟူသော အဓိပ္ပာယ် သက်ရောက်အောင် နှစ်လည် အထိမ်းအမှတ် ပူဇော်ပွဲ ဟူ၍ အမည်တပ်ကာ ပဌမအကြိမ် ပူဇော်ပွဲကို ကျင်းပခဲ့ပါသည်။

## ဒုတိယအကြိမ် ပူဇော်ပွဲ

၁၃၁၃-ခုနှစ်သို့ ရောက်သောအခါ အားထုတ်ပြီး ယောဂီတို့လည်း များပြားလာခဲ့ ပါသည်၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်မှ ဖိတ်ကြား၍ မြို့နယ်တိုင်းမှ တရားအားထုတ်ရန် ရောက်လာကြသော ရဟန်းရှင်လူ ယောဂီဦးရေလည်း များပြားလာပါသည်၊ သို့ဖြစ်၍ ၁၃၁၃-ခုနှစ်နတ္တော်လ၌ ကျင်းပအပ်သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား လာရောက်ပူဇော်ကြသည့် ဒုတိယအကြိမ် ပူဇော်ပွဲမှာ စည်ကား သိုက်မြိုက်လှပါသည်၊ ထိုစဉ်က (ဖလ်ယာဉ်ဓမ္မာရုံ နေရာ၌) တည်ရှိသော သာသနာ့ရိပ်သာ သံမြူမဏ္ဍပ်ကြီး အပြည့်အလျှံ ရှိပါသည်။ (ဒုတိယ အကြိမ် ပူဇော်ပွဲ ခေတ်ပုံကို ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲ တနှစ်မြောက် အစီရင်ခံစာ စာအုပ်၌ တွေ့နိုင်ပါသည်။)

ဗ-လ-စ မခင်ရီ မရင်နု မရင်မေ မခင်တင့် မဘင်ဦး မကြည် မရင်မြင့် မခင်နု စသော အမျိုးသမီးတို့က ထေရမနာဂီတိ ကဗျာဘွဲ့ကို ရွတ်ဆို၍ ပူဇော်ကန်တော့ကြပါသည်။

## အဌမအကြိမ် ပူဇော်ပွဲ

၁၃၁၈-ခုနှစ် နတ္တော်လပြည့်နေ့၌ ကျင်းပအပ်သော အဌမအကြိမ် ပူဇော်ပွဲမတိုင်မီ ဝါဦး ကပင် ဥက္ကဌကြီး ဆာဦးသွင်က 'ဒီနှစ် ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲ နှစ်လည် အထိမ်းအမှတ်ပွဲကို ပူဇော်ပွဲနှင့် ပေါင်း၍ ကျင်းပပါ၊ ပူဇော်ပွဲ ကျင်းပရေး အတွက် ကုန်ကျစရိတ်ကို ယောဂီထောက်ပံ့ ရေး ရန်ပုံငွေကပဲ ကျခံပါ၊ ပူဇော်ပွဲကိုလဲ ခန့်ငြားတင့်တယ်အောင် ဩဝါဒခံယူ ပူဇော်ပွဲဟု ခေါ် ဝေါ်ရန် ဆရာတော်ဘုရားကြီးအား လျှောက်ပါ' ဟု ပြောကြားပါသည်။

ဥက္ကဌကြီး၏ ဆန္ဒကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအား လျှောက် ထားရာ ဆရာတော်ဘုရားကြီးက ဝမ်းမြောက်စွာ လက်ခံတော်မူသဖြင့် ၁၃၁၈ - ခုနှစ် အဌမ အကြိမ် ပူဇော်ပွဲမှ စ၍ ကုန်ကျစရိတ်ကိုလည်း ယောဂီ ထောက်ပံ့ရေး အဖွဲ့ခွဲ ရန်ပုံငွေက အကုန် အကျခံခဲ့ပါသည်၊ ပူဇော်ပွဲကိုလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ 'ဩဝါဒ ခံယူပူဇော်ပွဲ' ဟု စတင် မည့်ခေါ်၍ ကျင်းပခဲ့ပါသည်။

## ( ၂၅ ) နှစ်မြောက် ငွေရတုသဘင် အကြိုပွဲ

၁၃၃၅ ・ ခုနှစ်က ကျင်းပခဲ့သော ( ၂၄ ) နှစ်မြောက် ဩဝါဒ ခံယူ ပူဇော်ပွဲကို ကျင်းပခဲ့စဉ်က ငွေရတုသဘင် အကြိုပွဲ အနေအားဖြင့် အဖွဲ့ငယ်များကို ဖွဲ့၍ ဆောင်ရွက်ခဲ့သောကြောင့် သိုက်မြိုက်စွာ ပြီးမြောက်ခဲ့ပါသည်၊ ဩဝါဒ ခံယူပူဇော်ပွဲ အကြို ( ၃ ) ရက်မှာ နေ့ပိုင်း ဓမ္မပူဇာပွဲ— ညပိုင်း တရားပွဲများ စီစဉ်ပေးနိုင်ခဲ့သောကြောင့် ယောဂီဟောင်း ယောဂီသစ် လူဒါယကာ ဒါယိကာမတို့မှာလည်း အကျိုးများလှပါသည်၊ နယ်မှ ကြွရောက်တော်မူ လာကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့မှာလည်း ဓမ္မပူဇာပြုရန် အခွင့်ကောင်း ရခဲ့ကြပါသည်။

## '( ၂၅ ) နှစ်မြောက် ငွေရတုသဘင်

ယခုနှစ်ကျင်းပမည့် ( ၂၅ ) နှစ်မြောက် ငွေရတုသဘင်၌ လွန်ခဲ့သော နှစ်က ကျင်းပခဲ့သည့် ဩဝါဒ ခံယူ ပူဇော်ပွဲ၏ အတွေ့အကြုံတို့ကို မှတည်ကာ အဖွဲ့ခွဲများ ဖွဲ့ပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ဆန္ဒတော်ပြည့်ဝအောင် ဤသို့လျှင် ၁၃၃၆ ・ ခုနှစ် နတ်တော်လဆန်း ( ၉ ) ရက် ( ၂၂・ ၁၂・ ၇၄ ) တနင်္ဂနွေနေ့၌ ဤငွေရတုသဘင်ကို ကျင်းပရခြင်း ဖြစ်ပါသည်။



အောက်ဆွမ်းစားကျောင်း ဝေယျာဝစ္စ ဆောင်ရွက်ကြသူ စေတနာရှင်များ

## ငွေရတုသဘင် မုခ်ဦးပြာသာဒ်ကြီး

သာသနာ့ရိပ်သာ မုခ်ဦးပြာသာဒ်ကြီးကိုလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဝိပဿနာတရား ပြသတော်မူသည့် နှစ်ကိုပင် အမှတ်ထား၍ အောက်ပါ အတိုင်း ကမ္ပည်းထိုးရပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
ဤသာသနာ့ရိပ်သာ၌ ဝိပဿနာတရား ပြသတော်မူသည့်
( ၂၅ ) နှစ်မြောက် အထိမ်းအမှတ်

**မုခ်ဦးပြာသာဒ်ကြီး**

**သာသနာ့ရိပ်သာ**

သာသနာ ၂၅၁၈ ・ နှစ်၊ ကောဇာ ၁၃၃၆ ・ နှစ်၊ နတ်တော်လပြည့်နေ့
( ၂၂・၁၂・၇၄ )

## ရုပ်ထုတော် နှင့် ဗိမာန်တော်ကြီး

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရုပ်ထုတော် ထုလုပ်ရန် အကြောင်း ဖြစ်ပေါ်လာရခြင်းမှာ ၁၃၃၅ ・ ခုနှစ် နတ်တော်လက ကျင်းပပြီးစီးခဲ့သော ( ၂၄ ) ကြိမ်မြောက် ဩဝါဒ ခံယူ ပူဇော်ပွဲ၌ မဟာစည် ပဋိပတ္တိဌာနများ ဆိုင်ရာ နာယက အဖွဲ့က နောင်လာနောက်သားတို့ သဒ္ဓါတိုးပွား အကျိုးများကြစေရန် ရည်သန်လျက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရုပ်ထုတော်ကို ထုလုပ် ပူဇော်ရလျှင် သင့်လျော်ပေမည်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်၊ ယင်းနေ့၌ပင် ရုပ်ထုတော် ထုလုပ် ပူဇော်ခွင့်ပြုပါရန် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား လျှောက်ထား ခွင့်ပန်ကြပါသည်။

ဆရာတော် ဘုရားကြီးသည် နာယက အဖွဲ့၏ လျှောက်ထား ခွင့်ပန်ချက်ကို အကြိမ်ကြိမ် ဆင်ခြင်သုံးသပ်တော်မူပြီးနောက် ရဟန်းရှင်လူ တပည့်များကို ထောက်ထား ငဲ့ညှာတော်မူကာ ရုပ်ထုတော် ထုလုပ်ပူဇော်ရန် ခွင့်ပြုတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရုပ်ထုတော် ထုလုပ်ရေးကို ပြီးစီးအောင်မြင်သည် အထိ သင့်လျော်သလို ဆောင်ရွက်ပါရန် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်အား နာယကဆရာတော်များ အဖွဲ့က ၁၃၃၅ ・ နတ်တော်လပြည့်ကျော် ၁၀ ・ ရက် ( ၁၆・၁၂・

၇၃ ) နေ့၌ ကျင်းပအပ်သော နာယက ဆရာတော်များ နှင့် ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် အစည်းအဝေး၌ စာဖြင့် ရေးသား၍ မိန့်ကြားတော်မူခဲ့ပါသည်။

နာယက ဆရာတော်တို့၏ မေတ္တာရပ်ခံချက်ကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ အမှုဆောင် လူကြီးများက ဝမ်းမြောက်စွာဖြင့် အနူးအညွတ် ခံယူကာ နာယက ဆရာတော်များ၏ ဆန္ဒတော် အတိုင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရုပ်ပုံတော် ထုလုပ်ရေးကို အောင်မြင် ပြီးမြောက်သည်အထိ ဆောင်ရွက်ရန် တာဝန်ယူခဲ့ကြပါသည်။

ပုံတော် အနေအထား တူညီမှု ထင့်တယ်သပ်ယပ်မှု စံနစ်တကျရှိမှု စသည်အားဖြင့် အဖက် ဖက်က ပါသဒိကဂုဏ် မြောက်အောင် နာယက ဆရာတော်ဘုရားတို့က ရုပ်တုတော် ပြီးမြောက်သည် အထိ ဩဝါဒ ပေးသနားတော်မူကြပါမည့် အကြောင်း လျှောက်ထားသည်ကို နာယက ဆရာ တော်ဘုရားများကလည်း ဝမ်းမြောက်စွာ လက်ခံတော်မူကြပါသည်။

ယင်း အစည်းအဝေးကပင် ရုပ်တုတော်တုလုပ်ရေး, ဗိမာန်တော် တည်ဆောက်ရေးတို့ကိုပါ အကြမ်းပြင်းအားဖြင့် လျာထား ဆုံးဖြတ်ကြပြီး နောက် ရုပ်ဘုတော် ထုလုပ်ရေးကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က စတင် ဆောင်ရွက်ခဲ့ကြပါသည်။

၁၃၃၅ - ခု ပြာသိုလပြည့်ကျော် ၁၀ ရက် ( ၁၇-၁-၇၄ ) နေ့သို့ ရောက်သောအခါ နာယက ဆရာတော်များနှင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်လူကြီးများ စည်းဝေးကြ ပြန်ပါသည်၊ ယင်း အစည်းအဝေး၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရုပ်ပုံ တော်ထုလုပ်ရေး နာယကဆရာတော် အဖွဲ့ဥက္ကဋ္ဌ ဝက်လက် ဆရာတော်ဘုရားက 'ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရုပ်ပုံတော် ထုလုပ်ရေး အတွက် ဒါယကာ တဦးတည်းက လှူဒါန်းလိုသည့် ဆန္ဒရှိကြောင်း၊ ယင်း ကဲ့သို့သော အလှူရှင်၏ ဆန္ဒ ပြည့်ဝစေခြင်းငှာ ခရမ်း ဆရာတော် အကြံပြုချက်ကို နာယက ဆရာတော်အဖွဲ့က သဘောတူ လက်ခံဆုံးဖြတ်ပြီး ဆရာတော် ဘုရားကြီး၏ သဘောတူ ခွင့်ပြုချက်ကို သီးခြား ရရှိပြီး ဖြစ်သော ထိုင်လျက် ရုပ်ပုံတော်ကိုပါ ထုလုပ်ရေးအတွက် ရိပ်သာ၏ ပစ္စည်းလေးပါး ဒါယကာဖြစ်သော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့အား တာဝန်ပေးအပ်လိုကြောင်း' အသေးစိတ် မြွက်ကြား မေတ္တာရပ်ခံပြီး နာယက ဆရာတော်များ အဖွဲ့၏ ဒုတိယအကြိမ် ဆွေးနွေး ဆုံးဖြတ်ချက် အရ ( ၁ ) မတ်ရပ်တော်ပုံ ရုပ်တုတော်တဆူ, ( ၂ ) ထိုင်လျက်ပုံ ရုပ်တုတော်တဆူ ပေါင်းနှစ်ဆူ ပြုလုပ်ရန် ဖြစ်ပါသည်။

မတ်ရပ်တော်ပုံ ရုပ်တုတော်ကို အများကောင်းမှုအဖြစ် ပြုလုပ်၍ ထိုင်လျက်ပုံ ရုပ်တုတော်ကို တဦးတည်း ဒါယကာ၏ အလှူအဖြစ် ပြုလုပ်ရန် ဖြစ်ပါသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က မတ်ရပ်တော်ပုံ ရုပ်တုတော်ကို ဘီလပ်ပြန် ပ-လ-က ရုပ်တုဆရာကြီး ဦးဟန်တင်အား ထုလုပ်ပေးရန် ကျပ်ငွေ - ၇၀၀၀ိ/- ( ခုနစ်ထောင်ကျပ်တိတိ ) နှင့် အပ်နှံကြပါသည်၊ ၁၃၃၆ - ခု တန်ဆောင်မုန်းလ၌ ပြီးမည်ဟု ဝန်ခံပါသည်။

ထိုင်လျက်ပုံ ရုပ်တုတော်ကို မုံရွာမြို့ စန်းမြရောင်ခြည် ဆရာတော်ဘုရားက ဦးစီး၍ အလုံးစုံ တာဝန်ယူပါသည်။

No. 8

ဤရုပ်တုတော် နှစ်ဆူလုံးကိုပင် ( ၂၅ ) နှစ်မြောက် ငွေရတုသဘင်ပွဲ အမှီ ဖူးတွေ့ကြရပါလိမ့်မည်။

## ဗိမာန်တော်ကြီး

ရုပ်တုတော်များထားရန် ဗိမာန်တော်ကြီး၏ ပုံစံကို ရေးဆွဲပြီး၍ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ကမ္မဋ္ဌာန်းဌာနခွဲများသို့ပင် ဝေငှပြီးပါပြီ၊ ယင်းပုံစံအတိုင်း တည်ဆောက်ရန် ဆုံးဖြတ် ထားပြီး ဖြစ်ပါသည်၊ ကုန်ကျမည့် ငွေမှာ သုံးသိန်းခန့်မျှ ရှိမည်ဟု ခန့်မှန်း ပါသည်။

ယင်းဗိမာန်တော်ကြီးကို ( ၂၅ ) မြောက် ငွေရတုသဘင်ပွဲ အမှီ ပြီးမြောက်မည် မဟုတ်သော်လည်း စောနိုင်သမျှ စောစီးစွာ ပြီးမြောက်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ဆောင်ရွက်ရန် ဆန္ဒပြင်းပြလျက် ရှိပါသည်။

\+ + +

## ' သံဃာဝါသ ' တိုက်ကျောင်းကြီး

' သံဃာဝါသ ' တိုက်ကျောင်းကြီးကိုလည်း ငွေရတုသဘင်ပွဲအမှီ ၁၃၃၆ - ခု ဝါခေါင်လဆန်း ( ၂ ) ရက် ( ၁၉ - ၈ - ၇၄ ) နေ့က အုတ်မြစ်ချ၍ တည်ဆောက်ခဲ့ပါသည်၊ နှစ်ထပ်တိုက်ကျောင်း ဖြစ်၍ အပေါ်ထပ် အောက်ထပ် အခန်းပေါင်း ( ၄၂ ) ခန်း - ကုဋီ ရေချိုးခန်းပေါင်း ( ၁၂ ) ခန်း ပါဝင်ပါသည်၊ ခန့်မှန်း ကုန်ကျငွေမှာ သုံးသိန်းခန့် ရှိပါမည်။

ဤသံဃာဝါသ ကျောင်းတော်ကြီးသည် ဤသာသနာ့ရိပ်သာ အတွင်း၌ သံဃာတော်များ သိတင်းသုံးရန် အကြီးဆုံးသော ကျောင်းတော်ကြီး ဖြစ်ပါသည်။

\+ + +

## မဟာစည်ကျောင်းတော် ဆင်ဝင်ဆောင်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး သိတင်းသုံးတော်မူသည့် မဟာစည်ကျောင်းတော် ဆင်ဝင် အပေါ်ထပ် လသာခန်း၌ ရဟန်းတော် တပါး သိတင်း သုံးနိုင်ရန် အဆောင် တခု ဆောက်လုပ်ခဲ့ရာ ( ၂၅ ) နှစ်မြောက် ငွေရတုသဘင်ပွဲ မတိုင်မီ ပြီးစီးပါမည်၊ ယင်းအဆောင်ကို ကွယ်လွန်သူ ဦးဝင်းကြီးကို အမှူးပြု၍ ကျိုင်းတုံ ဒေါ်နန်းမုတ်နှင့် သားသမီးမြေးတို့က ဆောက်လုပ် လှူဒါန်းပါသည်။

\+ + +

## ' ဟိတေသီ ' ဓမ္မာရုံကြီး

ဟိတေသီ ဓမ္မာရုံကြီးကို ဟိတေသီ အဖွဲ့က တည်ဆောက်ခဲ့ပါသည်၊ သာသနာ့ရိပ်သာ အတွင်း၌ ဒုတိယ အကြီးဆုံး ဓမ္မာရုံကြီး ဖြစ်ပါသည်၊ ခန်းညားတင့်တယ်၍ ထယ်ဝါလှပါသည်၊ ဆွမ်းစားကျောင်း, ဆေးပေးခန်း, မီးဖိုဆောင်တို့ပါ အပြည့်အစုံ ပါဝင်ပါသည်၊ ဤ ( ၂၅ ) နှစ်မြောက် ငွေရတုသဘင်ပွဲ အမှီ ပြီးစီးခဲ့ပါသည်။

# ငွေရတုသဘင်မှ ပုံနှိပ်ဖြန့်ချိအပ်သော ကျမ်းစာများ

ရန်ကုန် သာသနာ့ရိပ်သာ၌ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဝိပဿနာ တရား ပြသတော်မူသည့် ( ၂၅ ) နှစ်မြောက် ဩဝါဒခံယူပူဇော်ပွဲ ငွေရတုသဘင် အမှီ ဖြန့်ချိရန် ပုံနှိပ်အပ်သော ကျမ်းစာတို့သည် အောက်ပါတို့ ဖြစ်ပါသည်။

( ၁ ) မဟာစည် ပဋိပတ္တိ သာသနာဝင် ကျမ်းကြီး။

( ၂ ) မဟာစည် ဆရာတော် ဘုရားကြီး ဖြတ်သန်းတော်မူခဲ့သော သာသနာတော် ခရီးတလျှောက်။

( ၃ ) မဟာစည် ဩဝါဒကထာ ပေါင်းချုပ်။

( ၄ ) နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး။

( ၅ ) ငွေရတုသဘင် စာစောင်။

## ၁ ။ မဟာစည် ပဋိပတ္တိ သာသနာဝင် ကျမ်းကြီး

မဟာစည် ပဋိပတ္တိ သာသနာဝင် ကျမ်းကြီးသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိ နှင့် မြန်မာနိုင်ငံ အတွင်းရှိ မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာန်းဌာန တို့၏ ကမ္မဋ္ဌာနာစရိယ နာယက ဆရာတော်များ, ဓမ္မကထိကများ နှင့် သီဟိုဠ် (လင်္ကာ) နိုင်ငံ, ယိုးဒယား (ထိုင်း) နိုင်ငံ စသော နိုင်ငံရပ်ခြား တိုင်းတပါးရှိ မဟာစည်ဩဝါဒခံ ကမ္မဋ္ဌာန်းဌာန တို့၏ ကမ္မဋ္ဌာနာ စရိယ ဆရာတော်များ, ဓမ္မကထိကများ၏ ထေရုပ္ပတ္တိ တို့ကို စုပေါင်းပုံနှိပ်ထားသော ပဋိပတ္တိ သာသနာ့ သမိုင်း စာအုပ်ကြီး ဖြစ်ပါသည်၊ ယင်းဆရာတော် တို့၏ ဓာတ်ပုံများ, မဟာစည် ပဋိပတ္တိသာသနာ၌ အရေးပါသော အဆောက်အဦ ဓာတ်ပုံများလည်း ပါရှိပါသည်။

## ၂ ။ မဟာစည်ဆရာတော်ဘုရားကြီး ဖြတ်သန်းတော်မူခဲ့သော သာသနာ့ ခရီးတလျှောက်

ဤစာအုပ်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နယ်ကမ္မဋ္ဌာန်းဌာန တို့သို့ ကြွရောက်တော်မူခဲ့ပုံ, ကမ္မဋ္ဌာန်းဌာနသစ်ဖွင့်ပွဲများ၌ တရားဟောတော်မူခဲ့ပုံ, ဆရာတော် ဘုရားကြီးနှင့် နေလအသွင် ထင်ရှားသော ဆရာတော်ဘုရားကြီးတို့ တွေ့ဆုံဆွေးနွေးကြပုံ, ဆရာ တော် ဘုရားကြီး ပြုစုတော်မူခဲ့သော ကျမ်းစာတို့နှင့် စပ်လျဉ်း၍ ထင်ရှားသော ဆရာတော်ကြီး များက မိန့်ကြားပုံများ, ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များ စသည်တို့ကို ဆရာတော် ဘုရားကြီး၏ တပည့် ရဟန်း ရှင် လူ တို့က စုပေါင်း ရေးသားတော် မူကြသည့် ထေရာန အကြောင်းအရာ သမိုင်းတို့ ပါဝင်ပါသည်။

ဤစာအုပ်ကြီးသည်လည်း မဟာစည် သမိုင်းဝင် စာအုပ်ကြီးပင် ဖြစ်သောကြောင့် သာသနာ ကြည်ညိုကြသူ ဗုဒ္ဓသာသနာဝင် သူတော်စင်တို့ အဖို့ ဖတ်ရင်း ကုသိုလ်ပွားနိုင်သော စာအုပ် ဖြစ်ပါသည်။

## ၉ ・ မဟာစည် ဩဝါဒကထာ ပေါင်းချုပ်

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ရန်ကုန် သာသနာ့ ရိပ်သာ၌ ၁၃၁၁ ・ ခုနှစ်မှ စ၍ ဝိပဿနာတရား ပြသတော်မူခဲ့ရာ ၁၃၁၂ ・ ခုနှစ် နတ်တော် လပြည့်နေ့၌ နှစ်တပတ်လည်သော အခါ ( ၁ ) နှစ်မြောက် ပူဇော်ပွဲ အထိမ်းအမှတ်ကို ပြုလုပ်ခဲ့ပါသည်၊ ထို အခါ ဆရာတော် ဘုရားကြီးသည် ပူဇော်ပွဲ၌ ရဟန်း ရှင် လူ ယောဂီ အပေါင်းတို့အား ဩဝါဒ ကထာ မိန့်ကြားတော် မူခဲ့ပါသည်၊ ဤသို့အားဖြင့် နှစ်စဉ် နှစ်တိုင်း တနှစ်လျှင် တကြိမ်ကျ ဩဝါဒခံယူ ပူဇော်ပွဲ ပြုလုပ်တိုင်းပင် ဩဝါဒပေးသနားတော် မူလေ့ ရှိခဲ့ရာ၌ ဓမ္မဒေသနာ ဆောင်ပုဒ်တို့ကို ပို့ချပေးလေ့ ရှိခဲ့ပါသည်။

ယင်းဓမ္မဒေသနာဆောင်ပုဒ် တို့ကို ပဌမနှစ်မှ စ၍ ၁၃၃၅ ・ ခုနှစ် ( ၂၄ ) နှစ်မြောက် ဩဝါဒခံယူ ပူဇော်ပွဲတိုင်အောင် မိန့်ကြားတော်မူခဲ့သော ဩဝါဒ ဓမ္မဒေသနာ ဆောင်ပုဒ် တို့ကို စုပေါင်းပြီးလျှင် ခက်ခဲသော ဆောင်ပုဒ်တို့ကို သိလွယ်အောင် ဖြည့်စွက်ရေးသားတော် မူပြီးလျှင် 'မဟာစည်ဩဝါဒကထာပေါင်းချုပ်' ဟူသော အမည်ဖြင့် ငွေရတုသဘင်ပွဲအမှီ ပုံနှိပ်ခဲ့ပါသည်။

အတိတ်က ဟောကြားတော်မူခဲ့သော ဩဝါဒ ကထာ တို့ကို ပြန်လည် ဖတ်ရှုရသော ရဟန်း ရှင် လူ တို့ အတွက် အသိဉာဏ်ပညာ ပွားနိုင်ပါသည်။

## ၁၀ ・ နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး

'နိဗ္ဗာန ပဋိသံယုတ္တ ကထာ' ဟုလည်း ပါဠိလိုအမည်တပ်ထားပါသေးသည်၊ အများ ရှင် လူတို့ နားလည်ရန် အလို့ငှာ မြန်မာလို 'နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး' အမည်ရှိ စာအုပ် ဖြစ် ပေါ်လာခြင်းမှာ လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး သည် နိဗ္ဗာန်အကြောင်းကို ဟောတော်မူခဲ့၏၊ ထိုစဉ်က အငြိမ်းစား တရားမ တရားသူကြီး ဦးသိန်းဟန်က အသံဖမ်းခဲ့၏၊ ဖျာပုံမြို့ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏိတဘိဝံသက အသံမှ စာဖြစ် အောင် ကူးယူခဲ့ပြီးလျှင် ဤငွေရတုသဘင် အမှီ ပုံနှိပ် ဖြန့်ချိရန် ဆရာတော် ဘုရားကြီးအား ဦးသိန်းဟန်က လျှောက်ထားခဲ့သောကြောင့် ဆရာတော် ဘုရားကြီးက ပြန်လည် တည်းဖြတ် ပေးသနားတော်မူခဲ့၍ ပုံနှိပ်ဖြန့်ချိအပ်သော စာအုပ် ဖြစ်ပါသည်၊ ဤနိဗ္ဗာန်ဆိုင်ရာ တရားတော် ကြီး စာအုပ်၌ စာတွေ့မျှလောက်သာ ပါဝင်သည် မဟုတ်ပါ၊ ရဟန်း ရှင် လူ ယောဂီ အသီးသီး တို့ ဉာဏ်ဖြင့်သိခဲ့ကြရသော နိဗ္ဗာန်ဆိုင်ရာ တရားတော်တို့ပါ ပါဝင်သည်ဟု သိရပါသည်။

နိဗ္ဗာန်လိုလားကြသည့် ရဟန်း ရှင် လူ ယောဂီ အများတို့ စိတ်ပါဝင်စားစွာ ဖတ်ရှုကြရ၊ ဉာဏ်ဝင်စားကြရမည့် ကျမ်းစာ ဖြစ်ပါသည်။

## ၁၁ ・ ငွေရတုသဘင် စာစောင်

ငွေရတုသဘင် စာအုပ်သည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ တည်ထောင်ခဲ့သည်မှ ( ၂၅ ) နှစ် ရှိုးတလျှောက် အကြောင်းအရာ သမိုင်းဘိုကိုရင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား

ကြီး ရန်ကုန် သာသနာ့ရိပ်သာ၌ ဝိပဿနာ တရား ပြသတော်မူခဲ့သည့်မှ ( ၂၅ ) နှစ် ခရီး တလျှောက် အကြောင်းအရာ သမိုင်းတို့ကိုရင်း ရေးထားသော အစီရင်ခံစာ ဖြစ်ပါသည်။

အစီရင်ခံစာကို ငွေရတုသဘင် စာစောင် အနေအားဖြင့် ထုတ်ဝေခြင်းကြောင့် နှစ်စဉ် ရေးနေကျ အစီရင်ခံစာမျိုး မဟုတ်ပဲ သာသနာ့ရိပ်သာနှင့် စပ်သမျှ အကြောင်း အရာ တို့ကို စုံလင်အောင် ဖော်ပြ၍ သာသနာ့ရိပ်သာ၏ အလှူဒါယကာကြီး ဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဆာဦးသွင်၏ ရည်မှန်းချက် မိန့်ကြားချက် တို့ကိုပါ သင့်ရာ သင့်ရာ အကြောင်း ကဏ္ဍတို့၌ အခွင့်ဆိုက်တိုင်း ထည့်သွင်း ရေးသားခဲ့ပါသည်။

ဤစာစောင်သည် မော်ကွန်းဝင် မှတ်တမ်း အနေအားဖြင့် သိမ်းထားရမည့် စာစောင် ဖြစ်ပါသည်။

## ဆရာဦးသွင် အိမ်ထောင်စု

# ငွေပဒေသာပင်ရန်ပုံငွေ

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆရာဦးသွင် လေဒီသွင်တို့က ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ သာသနာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ရင်းစွဲ ရှိသည့် အလျောက် မြတ်စွာဘုရား၏ သုံးရပ်သော သာသနာ အဓွန့်ရှည်စွာ ထွန်းလင်းတည်တံ့စေရန် အကျိုးငှာ လှူဒါန်းအပ်သော ငွေပင်ငွေရင်း ၃၀၀၀၀၀/–( သုံးသိန်း ရှစ်သောင်း ) တို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က လက်ခံပြီးလျှင် ငါးဦးကော်မတီအဖွဲ့ကို အုပ်ချုပ်စေကာ ဗမာပြည်သူ့ဘဏ်၌ အပ်နှံထားခဲ့ပါသည်။

## လက်ရှိ ငါးဦး ကော်မတီဝင်တို့မှာ

၁ · သုဓမ္မဝတီ ဦးတင်ထူး

၂ · ဦးလှဖေ

၃ · စိန်ရတနာ ဦးမောင်စိန်

၄ · ဦးသိန်းအောင်

၅ · ဒေါ်ထားထား

၁ · ငွေပင်ငွေရင်း ကျပ် ၁၁၀၀၀၀/– ( တသိန်း တသောင်း) တန် ပဒေသာပင်ကို ရန်ကုန်မြို့ သာသနာ့ရိပ်သာ အတွက် ရည်စူး၍ စိုက်ပျိုးပါသည်။

၂ · ငွေပင်ငွေရင်း ကျပ် ၁၁၀၀၀၀/– ( တသိန်း တသောင်း ) တန် ပဒေသာပင်ကို မင်းကွန်း ဓမ္မနာဒ သာသနာ အတွက် ရည်စူး၍ စိုက်ပျိုးပါသည်။

၃ · ငွေပင်ငွေရင်း ကျပ် ၁၁၀၀၀၀/– ( တသိန်း တသောင်း ) တန် ပဒေသာပင်ကို မော်လမြိုင်မြို့ ရွှေချက်သိုစေတီတော်နှင့် ဓမ္မာရုံ အတွက် ရည်စူး၍ စိုက်ပျိုးပါသည်။

ငွေပင်ငွေရင်း ကျပ် ၅၀၀၀၀/–(ငါးသောင်း ) မှာ ထိုသုံးဌာနအတွက် လိုရမယ်ရ ပြုပြင်စရာရှိလျှင် ပြုပြင်ရန် ထပ်မံ ဖြည့်စွက်လှူဒါန်းသော ငွေများ ဖြစ်၍ စုစု ငွေပေါင်း ကျပ် ၃၈၀၀၀၀/–( သုံးသိန်း ရှစ်သောင်း )တိတိ ဖြစ်ပါသည်။

အဆိုပါ ငါးဦးကော်မတီသည် အလှူရှင်၏ ရည်မှန်းရင်း ဆန္ဒအတိုင်း ပင်မငွေပင် ဝဋ္ဋရင်းကို မထိခိုက်စေဘဲ ( ဘဏ်အတိုး ) အညွန့်ငွေဖြင့် လှူဒါန်းသွားရန် ဖြစ်ပါသည်။

## အလှူ ရှင်၏ ရည်မှန်းချက် ဆန္ဒ အရ လှူဒါန်းရန်မှာ

၁· ရန်ကုန်မြို့ သာသနာ့ရိပ်သာ သာသနာ၌ -

(၁) ' အဂ္ဂမဟာပဏ္ဍိတ ' မဟာစည်ဆရာတော် အရှင်သောဘဏနှင့် တပည့် ယောဂီ ရဟန်း ရှင် လူများ ဘောဇနသပ္ပါယအတွက် ဆားဦးသွင်၏

| | |
|---|---|
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ လစဉ်ကြေး | ၁၀/– |
| သုခရိပ်သာ + ဓမ္မရိပ်သာ လစဉ် ခေတ်မီးခ | ၃၀/– |
| အထွေထွေ ရန်ပုံငွေ | ၅၀/– |
| ယောဂီထောက်ပံ့ရေး | ၁၆၀/– |
| ဆေးခန်း အတွက် | ၂၀၀/– |
| ( လစဉ်လှူနေကျအတိုင်း ဆက်လက်၍ ) | |
| တလလျှင် ကျပ်ငွေ | ၄၅၀/– |
| တနှစ်လျှင် ကျပ်ငွေ | ၅၄၀၀/– |

ကို အပ်သောနည်းဖြင့် လှူဒါန်းရန် ဖြစ်ပါသည်။

**မှတ်ချက်။** ။ ဆရာတော်အရာ၌ ချီးမြှင့်မည့် ဆရာတော် နှင့် တပည့်များ အတွက်လည်း ဆက်လက် လှူဒါန်းရန်။

၂ · မင်းကွန်း ဓမ္မနာဒကျောင်းတိုက် သာသနာ၌ -

(၁) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်နှင့် ၎င်း၏ တပည့်စာသင်သား ရဟန်းများ၏ ဘောဇနသပ္ပာယ အတွက်၎င်း။

(၂) ဆရာကြီး ဒေါ်ဓမ္မစာရီ-ဆရာလေး ဒေါ်ထွေးတို့၏ ဘောဇနသပ္ပာယအတွက်၎င်း (လစဉ်လှူနေကျအတိုင်း ဆက်လက်၍ )

| | |
|---|---|
| တလလျှင် ကျပ်ငွေ | ၃၀၀/– |
| တနှစ်လျှင် ကျပ်ငွေ | ၃၆၀၀/– |

ကို အပ်သောနည်းဖြင့် လှူဒါန်းရန် ဖြစ်ပါသည်။

**မှတ်ချက်။** ။ ဆရာတော်အရာ၌ ချီးမြှင့်မည့် ဆရာတော်နှင့် တပည့်များ အတွက်လည်း ဆက်လက် လှူဒါန်းရန်။

(၃) မော်လမြိုင်မြို့ ရွှေချက်သိုစေတီတော်တွင် နှစ်စဉ်ပွဲတော် ပြုလုပ်ရန်စရိတ်၊ သုံးခု မြောက် ဖလ်ယဉ်ဓမ္မာရုံစရိတ်နှင့် ခေတ်မီးပူဇော်ရန်အတွက် ဖျန်းမျှခြင်း

| | |
|---|---|
| တလလျှင် ကျပ်ငွေ | ၂၅၀/– |
| တနှစ်လျှင် ကျပ်ငွေ | ၃၀၀၀/– |

ကို လှူဒါန်းရန် ဖြစ်ပါသည်။

**မှတ်ချက်။** ။ ၎င်းအလှူတော် ငွေများကို သက်ဆိုင်ရာ အုပ်ချုပ် စီမံသူ၏ လက်သို့ ပေးပို့လှူဒါန်းရန် ဖြစ်ပါသည်။

(၄) ဗမာပြည်သူ့ဘဏ်တွင် စာရင်းသေ အပ်ငွေ ၃၅၀၀၀၀/- ( သုံးသိန်း ငါး သောင်း ) မှ နှစ်စဉ် အတိုးရမည့်ငွေမှာ ၁၄၀၀၀/-( တသောင်း လေးထောင် ကျပ် )ဖြစ်၍ အလှူရှင် ရည်မှန်းရင်း စေတနာအတိုင်း လစဉ်လှူဒါန်း သွားပါ က ငွေကျပ် ၁၂၀၀၀/-( တသောင်း နှစ်ထောင်ကျပ် ) သာ ကုန်ကျမည်၊ ပို လျှံသော အတိုးအညွှန့် ငွေကျပ် ၂၀၀၀/-( နှစ်ထောင်ကျပ်) နှင့် ငွေစုဘဏ် စာရင်းမှ ငွေရင်းကျပ် ၃၀၀၀၀/- ( သုံးသောင်းကျပ် ) က ရသောအတိုးများ ကျန်ပါသေးသည်။

ထိုငွေများကို အလှူရှင် လှူဒါန်းထားသော အထက် ဖော်ပြပါ သုံးဌာနရှိ သာသနာ့ အဆောက်အဦများနှင့် ကျိုက္ကမီရေလည်ဘုရား ဣန္ဒိယပြည် ဗာရာဏသီမြို့ စသော အခြားဌာန များရှိ သာသနာ့ အဆောက်အဦများ ပျက်စီးယိုယွင်းသည့်အခါ ( သို့မဟုတ် ) အခြားသော ဒါယကာတို့ လှူဒါန်းထားသော ပြုပြင်မည့် ဒါယကာ မရှိသော သာသနာ့အဆောက်အဦများ ပျက်စီး ယိုယွင်းသည့် အခါ လိုအပ်လျှင် သင့်တော်သလို စောင့်ရှောက် ပြုပြင်သွားရန် ဖြစ် ပါသည်။

ထိုသို့ ပြုပြင်ရာတွင် အလှူငွေ ရန်ပုံငွေမှ လှူဒါန်းထားသော သာသနာ့ အဆောက်အဦ များကို ပဌမ ဦးစားပေး၍ သာသနာ့ရိပ်သာ အတွင်းရှိ အခြား အဆောက်အဦများကို ဒုတိယ ဦးစားပေးကာ ပြုပြင်ရန် ဖြစ်ပါသည်။

ဤအလှူတော် ငွေပဒေသာပင်များကို ၁၃၂၂ ခု နယုန်လပြည့်ကျော် ၄ ရက် ( ၁၂.၆. ၆၀ ) တနင်္ဂနွေနေ့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ရှေ့တော်မှောက်၌ ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။

ယင်းရန်ပုံငွေကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် ငါးဦးကော်မတီက အထက် ဖော်ပြပါ စည်းမျဉ်းအတိုင်း လှူဒါန်းလျက် ရှိပါသည်။

## ပဋိပတ္တိသာသနာပြု မဟာစည်ရန်ပုံငွေ

၁၃၂၉ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ( ၃ ) ရက် ( ၂၁.၁၀.၆၇ ) နေ့က ကျေး ဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှေ့တော်မှောက်၌ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် နာယကလူကြီး တဦးဖြစ်သူ ဦးနုမိသားစုက ကျပ်ငွေ ( ၃၄၅၀၀ ) သုံးသောင်း လေးထောင် ငါးရာကို လှူဒါန်းခဲ့သည်မှ အစပြု၍ ပဋိပတ္တိ သာသနာပြု မဟာစည် ရန်ပုံငွေ ပေါ်ပေါက်လာ ခဲ့ပါသည်။

ယင်းရန်ပုံငွေကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ကို ကျေးဇူးတော်ရှင် မဟာစည် ဆရာ တော် ဘုရားကြီး၏ ဩဝါဒတော်ကို ခံယူရန် ( ၁.၁၁.၆၇) နေ့၌ ကျင်းပသော အလှူရှင်က ဖိတ်ကြားသဖြင့် တက်ရောက်လာကြသော ဥပါသကာ ယောဂီများ အစည်းအဝေးက အောက် ဖော်ပြပါ လူကြီး ( ၇ ) ဦးတို့အား တာဝန်လွှဲခဲ့ပါသည်။

၁ - မြန်မာ့အလင်း ဦးတင်
၂ - ပုဂံ ဦးဘချမ်း
၃ - မြန်အောင် ဦးတင်
၄ - မင်္ဂလာ ဦးအောင်မြင့်
၅ - ဦးသိန်းအောင်
၆ - ဦးသိန်းဟန်
၇ - ဦးညီပု

ယင်းပုဂ္ဂိုလ်တို့အနက် မြန်မာ့အလင်း ဦးတင်သည် နေထိုင်မကောင်း၍ရင်၊ ဦးသိန်းဟန်နှင့် ဦးသိန်းအောင်တို့သည် မအားလပ်၍ရင်း ခွင့်တောင်းကြပြီးလျှင် ကျန်ပုဂ္ဂိုလ်လေးဦးတို့၏ ဆောင်ရွက်ချက်ကို သဘောတူပါကြောင်း ဆန္ဒပြုကြပါသည်။

သို့ဖြစ်၍ —

၁ - ပုဂံ ဦးဘချမ်း
၂ - မြန်အောင် ဦးတင်
၃ - မင်္ဂလာ ဦးအောင်မြင့်
၄ - အငြိမ်းစား တိုင်းမင်းကြီး ဦးညီပု

တို့သည် ( ၄-၁၁-၆၇ ) နေ့ ညနေ ၄-နာရီအချိန်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကြ၍ ဩဝါဒခံယူကြပါသည်။

ဆရာတော်ဘုရားကြီး မိန့်ကြားသော ဩဝါဒကို နာကြား၍ လိုရင်း အချုပ်ကို ဆရာတော် ဘုရားကြီး၏ ရှေ့တော်မှောက်မှာပင် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

## ပဋိပတ္တိသာသနာပြု မဟာစည် ရန်ပုံငွေကို ထိန်းသိမ်း ဆောင်ရွက်ရေး

၁ - ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်အဖွဲ့အား ဘဏ္ဍာထိမ်းခန့်ရန်။

၂ - မူလဒါယကာ၏ ဆန္ဒကို သော်ကသားခြင်းအားဖြင့် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူလျက် ထိုငွေကို စာအုပ်စာတမ်း ရိုက်နှိပ်သည့်ကိစ္စတွင် ရင်းနှီးငွေအဖြစ် အသုံးပြုရန်။

၃ - ထိုစာအုပ် စာတမ်းများမှ ဖြစ်ပေါ် လာသော အမြတ်အစွန်း ငွေကို မဟာစည် ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက် အရ သာလျှင် ပဋိပတ္တိသာသနာပြု ကိစ္စ သက်သက် အတွက် သုံးစွဲရန်။

မှတ်ချက်။ ။ မဟာစည် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား မရှိသောအခါ ရန်ကုန် သာသနာ့ ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ မဟာနာယက ဆရာတော်၏ ညွှန်ကြားချက် အရ သာလျှင် သုံးစွဲရမည်။

၄ ・ စာအုပ် ထုတ်လုပ်ရေးအတွက် ရင်းနှီးငွေ အဖြစ် သုံးရန် မလိုသေးသည့် ပိုငွေကို နိုင်လုံ စိတ်ချရ၍ အတိုးအမြတ် အများဆုံး ရရှိမည်ဟု ဘဏ္ဍာထိမ်းအဖွဲ့က ယူဆသည်အတိုင်း အစိုးရအာမခံ ဒိဘင်ချာ စာချုပ်များသော်ရင်း အစိုးရငွေစု လက်မှတ်များ သော်ရင်း ဝယ်ယူထားရမည်—ဟူ၍ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို အားလုံးက သဘောတူကြ၍ ပဋိပတ္တိသာသနာပြု မဟာစည်ရန်ပုံငွေကို ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် အမှုဆောင်အဖွဲ့က ထိန်းသိမ်း ထားပြီးလျှင် မဟာစည် ကျမ်းစာများကို ထုတ်ဝေ ဖြန့်ချိလျက် ရှိပါသည်။

\+ \+ \+

## မြန်မာ အင်္ဂလိပ် ဆေးပေးခန်း

မြန်မာဆေးခန်း

သာသနာ့ရိပ်သာ တည်ထောင်ပြီးနောက် ၁၃၁၂ ခုနှစ်က စ၍ ယောဂီ ထောက်ပံ့ရေး ရန်ပုံငွေဖြင့် မြန်မာဆေးခန်းကို ဖွင့်လှစ်ခဲ့ပါသည်၊ မြန်မာဆေးဆရာကြီး ဆရာကြွယ်က သူ၏ ဇနီး ဆရာမ ဒေါ်သန်းမြနှင့် အတူ ကိုယ်ပိုင် ဆေးဝါးတို့ဖြင့် ဥပုသ်နေ့တိုင်း နှစ်နှစ်ခန့် အမျိုးသမီး ယောဂီတို့အား စေတနာဒါန ဆေးဝါး ပေးလှူခဲ့ပါသည်။

ထိုစဉ်က မြန်မာဆေးခန်းကို ဒိဗ္ဗစက္ခု ဆရာကျော် အမှူးပြုသော မြန်မာဆေးဆရာတို့က အလှည့်ကျ လာရောက်၍ နေ့စဉ် ဆေးဝါး ကုသကြပါသည်၊ စေတနာ့ဝန်ထမ်း လာရောက် ဆေးဝါးပေးကြသော ဆရာတို့မှာ ဆရာလွင်, ဆရာ ဦးထွန်းသန်း, ဆရာ ဦးသန်းထွန်းတို့ ဖြစ်ကြပါသည်၊ နှစ်အကြာဆုံး စေတနာ့ဝန်ထမ်း ဆေးဝါးပေးခဲ့သူမှာ ဆရာ ဦးထွန်းသန်း ဖြစ်ပါသည်၊ ဆေးဝါးတို့ကို ရန်ကုန်မြို့ သိမ်ကြီးဈေး ခင်ရတနာဆိုင်ကရင်း ယောဂီ ထောက်ပံ့ရေးကရင်း တာဝန်ယူ လှူဒါန်းခဲ့ပါသည်။

အင်္ဂလိပ်ဆေးခန်း

အင်္ဂလိပ်ဆေးခန်းကိုလည်း ၁၃၁၂ ခုနှစ်ကပင် ဒေါက်တာ အက် ( စ် )လားက တာဝန်ယူ၍ တသတ်လျှင် နှစ်ကြိမ်ကျ နှစ်နှစ်ခန့် စေတနာဝန်ထမ်း ဆေးဝါး ကုသ ပေးခဲ့ပါသေးသည်။

၁၃၁၄ ・ ခုနှစ်၌ ဗုဒ္ဓသာသနာအဖွဲ့ကြီးက ဆဋ္ဌသံဂါယနာ တင်ရန် ဗုဒ္ဓသာသနာ အဖွဲ့ရုံးကြီးကို သာသနာ့ရိပ်သာ ပိဋကတ်တိုက်ကြီး၌ရင်း ပိဋကတ်ဘာသာပြန်ရုံး နှင့် ဗုဒ္ဓဝင်ရုံးကို နိုင်ငံခြားသားများ ကမ္မဋ္ဌာန်းအုတ်တိုက်၌ရင်း ပိဋကတ်များ တည်းဖြတ်ရန် ဝန်ဆောင်ဆရာတော်များရုံးကို



အင်္ဂလိပ်ဆေးပေးခန်း တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဦးမြင့်ဆွေ နှင့်
ဝေယျာဝစ္စ ဆောင်ရွက်ကြသူ စေတနာရှင်များ

ဖလ်ယဉ်ဓမ္မာရုံကြီး၌ရှင်း - အသီးသီး ရိုးစိုက်ထားပါသည်၊ ယင်း သံဃာတော်များ နှင့် အရာထမ်း အမှုထမ်းတို့အား ဆေးဝါးကုသရန် ဗုဒ္ဓသာသနာ့အဖွဲ့ကြီးက ဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေအား မေတ္တာရပ်ခံခဲ့၍ ဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေ နှင့် ဆရာမ ဒေါ်တင်ထွေး ဆေးစပ်ဆရာ မစ္စတာ ဂျေ အမ်ဒါတားတို့သည် နေ့စဉ် နံနက်တိုင်း သာသနာ့ရိပ်သာသို့ လာရောက်၍ စေတနာဝန်ထမ်း ဆေးကုသလျက် ရှိကြရာ သာသနာ့ရိပ်သာ အတွင်းရှိ ယောဂီ ရဟန်းသံဃာတော်တို့ကိုလည်း ဆေးဝါးကုသ ပေးခဲ့ပါသည်၊ ဆေးဘိုးကို ဗုဒ္ဓသာသနာ အဖွဲ့ကြီး ကပင် လှူဒါန်းပါသည်။

ဗုဒ္ဓသာသနာအဖွဲ့ရုံးကြီး ကမ္ဘာအေးသို့ ပြောင်းသွားသောအခါ ဒေါက်တာ ဦးမြင့်ဆွေ၏ ဇီဝိတဒါန ဆေးပေးခန်းသည်လည်း ကမ္ဘာအေးသို့ ပြောင်းသွားရပါသည်၊ သာသနာ့ရိပ်သာ၌ သီတင်းသုံးကြကုန်သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် တကွ ရဟန်း ရှင်လူ ယောဂီတို့အား ဆက်လက်၍ ဆေးဝါးကုသပေးရန် ဒေါက်တာ ဦးမြင့်ဆွေအား ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က မေတ္တာရပ်ခံခဲ့ရာ ဒေါက်တာ ဦးမြင့်ဆွေက ဝမ်းမြောက်စွာပင် တာဝန်ယူ၍ စေတနာဝန်ထမ်း ကုသပေးမည် ဖြစ်ကြောင်း ပြောကြားသည့် အတွက် သာသနာ့ရိပ်သာ၌လည်း

အင်္ဂလိပ်ဆေးပေးခန်း အဆက်မပြတ်စေဘဲ ဖွင့်လှစ်ခဲ့ပါသည်၊ ဆေးဝါး အတွက် ကုန်ကျငွေကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ ယောဂီထောက်ပံ့ရေး ရန်ပုံငွေဖြင့် လှူဒါန်းခဲ့ပါသည်၊ ဒေါက်တာ ဦးမြင့်ဆွေနှင့် အဖွဲ့သည်လည်း တပတ်လျှင် တကြိမ်ကျ သောကြာနေ့တိုင်း လာရောက်၍ စေတနာ့ ဝန်ထမ်း ဆေးဝါးကုသ ပေးခဲ့ပါသည်။

၁၃၁၈ ခုနှစ်သို့ ရောက်သောအခါ ဥက္ကဋ္ဌကြီး ဆာဦးသွင်က ရိပ်သာ ဆေးခန်း အတွက် ကုန်ကျငွေကို မိမိကပင် လှူဒါန်းမည်ဖြစ်ကြောင်း မိန့်ကြား၍ တလလျှင် ၂၀၀ ကျပ် လှူဒါန်း ခဲ့သဖြင့် ယောဂီထောက်ပံ့ရေး ရန်ပုံငွေမှ မလှူဒါန်းရတော့ပါ၊ ဥက္ကဋ္ဌကြီး ဆာဦးသွင်လည်း ၁၃၂၂ ခု (၁၂. ၆. ၆၀) နေ့၌ ဆာဦးသွင် အိမ်ထောင်စု ငွေပဒေသာပင် ရန်ပုံငွေကို ရေစက် သွန်းချ လှူဒါန်းသောအခါ သာသနာ့ရိပ်သာ ဆေးပေးခန်း အတွက် ကျပ်ငွေ ၂၀၀ ကျပ် ဟု သတ်မှတ်ခဲ့သောကြောင့် ယနေ့တိုင်အောင်ပင် ယင်း ရန်ပုံငွေက ဆက်လက် လှူဒါန်းလျက် ရှိပါ သည်၊ ဒေါက်တာ ဦးမြင့်ဆွေနှင့် အဖွဲ့သည်လည်း ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ရုံး အမှုထမ်းများ၏ ဆက်စပ်အညီဖြင့် ယနေ့တိုင်အောင်ပင် စေတနာ့ဝန်ထမ်း သာသနာ့ရိပ်သာအတွင်းရှိ ယောဂီ ရဟန်း ရှင် လူ တို့အား ဆေးဝါးပေးလျက် ရှိပါသည်။

**မဟာစည်ကျောင်းတော် သန့်ရှင်းရေး**

မဟာစည်ကျောင်းတော်ကို တည်ဆောက်ပြီးသည်မှ စ၍ ယနေ့တိုင် အတွင်းရေးမှူးကြီး ဦးသိန်းအောင် အမှူးပြုသော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် စေတနာရှင်တို့က တနင်္ဂနွေနေ့တိုင်း ကျောင်းတော်သန့်ရှင်းရေးကို ထောင်ရွက်ကြပါသည်။

+ + +

## ၁၉၇၄ - ခုနှစ် ဆောင်ရွက်ချက်များ

**မဟာစည်ကျောင်းတော်**

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူသော မဟာစည် ကျောင်း တော်၏ ပလ္လင်ခန်းမဆောင် အမိုးမှာ အောက်သို့ အိလာပြီးလျှင် မိုးများ ယိုလာသောကြောင့် ဆရာတော်များ၏ ဆန္ဒ အရ အမိုးများကို ပြန်လည် မတင်ပြီးလျှင် လိုအပ်သော မှုလီများ ထပ်မံ တပ်ဆင်၍ မိုးများမယိုအောင် ပြုလုပ်ခဲ့ပါသည်။

ယင်းကျောင်းတော်၏ ဆင်ဝင်အပေါ်၌ ရဟန်းတပါး သီတင်းသုံးနိုင်အောင် အဆောင် ထုတ်ခဲ့ရာ ကျောင်းမကြီး၏ ပုံစံနှင့် တသားတည်း ဖြစ်အောင် ပုံစံထုတ်၍ အမိုး အကာ သံပန်း မှန်ကပ်မှ အစ အလုံးစုံ သပ်ယပ် တင့်တယ် ရှုချင့်စဖွယ် ရှိအောင် ဆရာတော်ဘုရားကြီး၏ ဆန္ဒ တော် အတိုင်း ဆောက်လုပ်ခဲ့ပါသည်၊ ယခုအခါ၌ အဘွင်း အမြင် ဆေးများပင် သုတ်ပြီးခဲ့ သဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား စောင့်ရှောက်နိုင်ရန် ရဟန်းတော် တပါး သီတင်းသုံးဖို့ရာ အသင့် ဖြစ်နေပါပြီ။

**အပေါ် ဆွမ်းစားကျောင်း**

အပေါ်ဆွမ်းစားကျောင်း၏ အောက်ထပ် စတိုခန်းမှာ ကျဉ်းမြောင်းနေ၍ ပစ္စည်းများ မထားလောက်သဖြင့် စတိုခန်းကို အပူအအေး မျှတအောင် လုံခြုံသော ပြူတင်းပေါက်များ ဖောက်၍ အတင့်အတယ် ပြုလုပ်ခဲ့ပါသည်၊ မီးဖိုချောင်ကိုလည်း အသစ်ပြုပြင်- မီးဖိုချောင်နှင့် ကပ်လျက် ရှိသော အုတ်တံတိုင်းကိုလည်း မြှင့်ပေးခဲ့ပါသည်၊ ဆွမ်းစားကျောင်း နောက်၌လည်း မြေများဖို့၍ ရေမြောင်းများကိုလည်း ပြုပြင်ခဲ့ပြီးလျှင် ခွေးများ မဝင်နိုင်အောင်လည်း ဆွမ်းစားကျောင်းနှင့် မီးဖို အကြား၌ သစ်သားဝင်း ခတ်ခဲ့ပါသည်၊ ဆွမ်းစားကျောင်း အတွင်းရှိ အသုံးမပြုသော မီးဖိုကိုလည်း ဖျက်၍ မြေများ ထပ်မံ ဖို့ကာ ဆွမ်းစားကျောင်း အတွင်းခန်းနှင့် အညီ သမန်တလင်း ခင်းခဲ့ပါသည်၊ ဆွမ်းစားကျောင်း၏ အဝင်ဝ ဖိနပ်ချွတ် နေရာကိုလည်း တိုးချဲ့၍ အမိုးအကာ ပြုလုပ်ခဲ့သဖြင့် ဖိနပ်များ မိုးမစိုတော့ဘဲ ရဟန်း သံဃာတော်တို့ စိတ် ချမ်းသာတော် မူကြပါသည်၊ အောက်ဆွမ်းစားကျောင်းသို့ ဆင်းသည့် အုတ်လှေကားကိုလည်း တိုးချဲ့ ပြုလုပ်ခဲ့ပါသည်။

**အောက် ဆွမ်းစားကျောင်း**

အောက်ဆွမ်းစားကျောင်း မီးဖိုခန်းမှာ မလုံခြုံသဖြင့် ခွေးများ မဝင်နိုင်အောင် အကာ အရံများ ပြုလုပ်ပေးခဲ့သည့်အပြင် မီးဖိုကိုလည်း အသစ် ဆောက်လုပ်ပေးခဲ့ပါသည်။



မဟာစည်ကျောင်းတော် သန့်ရှင်းရေး ဆောင်ရွက်ကြသူ စေတနာရှင်များ

ယောဂီ အမျိုးသမီးတန်းလျားများ နောက်ရှိ ပျက်စီးယိုယွင်းနေသော ဝင်းခြံကို ကာရံခြင်း, ဦးမောင်စိန်ဇရပ် နှင့် အမျိုးသမီး တန်းလျား အကြား ကာရံထားသော အုတ်တံတိုင်း နှင့် သံတံခါးပျက်စီးနေသည်ကို ပြန်လည် ပြုပြင်ခြင်း, နတ်လမ်းများ အမိုးလိုနေသည့် နေရာကို ထပ်မံ မိုးခြင်း, ပျက်စီးနေသည့် အမိုး တို့ကို ထပ်မံပြုပြင်ခြင်း စသော တာဝန် တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

## အိမ်သာများ

ဖလ်ယဉ်ဓမ္မာရုံကြီး နောက်ဘက်ရှိ အိမ်သာ ၄ လုံးနှင့် မလုံလောက်၍ နောက်ထပ် အိမ်သာ ၄ လုံး တည်ဆောက်ခြင်း- အလျား ၂၅–ပေ အနံ ၆ ပေ ရှိ မိလ္လာကျင်းကြီး အသစ်တခုကိုလည်း အကန့်လေးကန့် ပြုလုပ်၍ တည်ဆောက်နေပါသည်၊ ဖလ်ယဉ် ဓမ္မာရုံကြီး၌ သပ်ယပ်သော ရေချမ်းစင်တခုကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက် အရ ဌေရတုသဘင်အမှိ တည်ဆောက်လျက် ရှိပါသည်၊ ဓမ္မာရုံကြီး၏ ရှေ့ဒိုင်း ပိဋကတ်တိုက်ကြီး၏ ရှေ့ဒိုင်း မုခ်ဦးပြာသာဒ်ကြီး၏ ရှေ့ဒိုင်း ကွန်ကရစ်လမ်းမကြီး ခင်းခဲ့ပါသည်၊ ဆေးပေးခန်း နှင့် ဖလ်ယဉ်ဓမ္မာရုံကြီး ရှေ့ရှိ ကွင်းပြင်ကြီးကိုလည်း မဏ္ဍပ် ဆောက်လုပ်သည့်အခါ အဆင်သင့် ဖြစ်ရန် မြေညှိခဲ့ပါသည်၊ သိမ်တော်ကြီး၏ နိမိတ်တိုင် ၄ တိုင်ထိပ်ရှိ ရွှေစေတီ လေးဆူမှာ ထီးများပျက်၍ ရွှေမရှိတော့သဖြင့် ထီးအသစ် တင်ခြင်း ရွှေသက်နှုံး ထပ်မံ ကပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ကားများ ရပ်ရန်နေရာ

မဟာစည် ကျောင်းတော်ရှေ့ရှိ သုခက်ပင်ဆောက်၌ မော်တော်ကားများ စနစ်တကျ ရပ်နားရန် နေရာ ပြုပြင်လျက် ရှိပါသည်။

## သံဃာဝါသကျောင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော် အရ ( ၄၂ ) ခန်းရှိ သံဃာဝါသ နှစ်ထပ် အုတ်ကမ္ဗဒ္ဒခန်း ကျောင်းကြီးကိုလည်း ( ၂၅ ) ကြိမ်မြောက် သြဝါဒခံသူ ပူဇော်ပွဲ အမှိ အမြန်တည်ဆောက်လျက် ရှိပါသည်။

## မုခ်ဦးပြာသာဒ်

သာသနာ့ရိပ်သာ အဝင်ဝ၌ တည်ဆောက်သော မုခ်ဦးပြာသာဒ်ကြီးမှာလည်း အကြမ်းတည် ပြီးစီးပြီ ဖြစ်ပါသည်။

## မဟာစည် ကျမ်းစာများ

ယခုနှစ် အတွင်း၌ ပုံနှိပ်ပြီးခဲ့သော မဟာစည်ကျမ်းစာ တို့မှာ ဟေမဝတသုတ်, ဝိသုဒ္ဓိမဂ်မြန်မာ–ဒုတိယအုပ်, ဝိပဿနာ ရှုနည်းကျမ်း ( ဆဋ္ဌမ ) နိပ်ခြင်း, ဝိပဿနာ အလုပ်ပေးတရား ( နဝမ ) နိပ်ခြင်း, ဓမ္မဒေသနာ ဆောင်ပုဒ် ( ပဉ္စမ ) အကြိမ်, ဝိပဿနာရှုနည်း အကျဉ်းချုပ် ( တတိယ ) အကြိမ်တို့ ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ် မြန်မာပြန်–တတိယအုပ်, ပဋိစ္စသမုပ္ပါဒ် ( ပဌမ ) အုပ်–ဒုတိယ နှိပ်ခြင်း တို့မှာ ပုံနှိပ်ဆဲ ဖြစ်ပါသည်၊ ငွေရတုသဘင်အထိမ်း ပုံနှိပ်သော ကျမ်းစာများ အကြောင်းကို သီးခြား အစီရင်ခံ ပြီးပါပြီ။

**ရိပ်သာအတွင်း ရေကိစ္စ**

သာသနာ့ရိပ်သာကြီး အတွင်း၌ နှစ်ပေါင်း များစွာက ရေများ လုံလောက်အောင် မရကြ၍ ရဟန်းတော် ယောဂီများ ၊ လူ ယောဂီတို့သည် စိတ်ဆင်းရဲ ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ကြ ပါသည်၊ ဗုဒ္ဓသာသနာနုဂ္ဂ အဖွဲ့ကြီးကလည်း တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပါ၊ မြို့မှ ရေများကိုလည်း နေ့ည မပြတ် ကန်ကြီး ကန်ငယ် တို့ဖြင့် ခံ၍ အထက် ရေတိုင်ကီသို့ ရေစုတ်စက်ဖြင့် စုတ်တင်၍ ကျောင်းအသီးသီး, ဓမ္မာရုံ အသီးသီး, ဇရပ်ကြီးငယ် အသီးသီးသို့ ဖြန့်ဝေပေးသော်လည်း ပြည့်စုံ လုံလောက်သည်ဟု မရှိခဲ့ပါ၊ ယခု ယောဂီဟောင်း ဦးကြည်ညွန့် အကူအညီဖြင့် တရားဝင် ရေများကို ရိပ်သာ အတွင်းသို့ ရရှိခဲ့သဖြင့် ဦးကြည်ညွန့်အား များစွာ ကျေးဇူးတင်ကြပါသည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ အမှုဆောင် လူကြီးများကလည်း ၎င်း ရရှိသော ရေများကို နေရာတိုင်း မျှမျှတတ ရစေရန် တိုက်တွန်း နားလည်သော ရေဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ခဲ့ရာ အနိမ့်ပိုင်း အလုပ်သမား တန်းလျားများနှင့် သီးသန့် ယောဂီတိုက် ( ၁၀ ) လုံး ၊ ဟံသာအေး, သန္တာအေး ကျောင်း နှင့် နိုင်ငံခြားတိုက်၊ ဦးကြင်ပိုး တိုက် စသော တိုက်များ, ၁ ၊ တိုက်မှ စ၍ ၅ ၊ တိုက် အထိ ဟိတေသီ ဓမ္မာရုံ, သံဃာဝါသ နှစ်ထပ်ကျောင်းတော်, မဟာ ဓမ္မသာလာ ( ဒေါ်ကြွေ ) ဓမ္မာရုံ, ဦးဘဝင်း ကျောင်း, အရိယာ ဝါသ ကျောင်း က ၊ ခ ၊ တိုက်ကျောင်းများ, မဟာစည် ကျောင်းတော်, စံကျောင်းတော် စသော တိုက်များ အောက်အနိမ့်ပိုင်း ဦးစိန် ဇရပ်မှ စ၍ အသီးသီးသော ဇရပ်များ ပြည့်စုံ လုံလောက်သည့် အပြင် မည်သည့် အဆောက် အဦမျှ ရေစုတ်စက်ဖြင့် တင်ပို့ရခြင်း မရှိတော့ဘဲ အလိုအလျောက် လုံလုံလောက်လောက် ရေရရှိ၍ ကျောင်းတိုင်း ဇရပ်တိုင်းက သာဓု အနုမောဒနာ ခေါ်ဆိုကြရပါသည်။

**မော်ကွန်းတင် ဓာတ်ပုံများ**

ပိဋကတ်တိုက်ကြီး အတွင်း မဟာစည် ကျမ်းစာ တို့ကို စနစ်တကျ ထားရှိသည့် အပြင် ဆဋ္ဌသံဃာယနာတင်စဉ်က အခမ်းအနားကို လူ ရှင် ရဟန်းတို့ ကြည်ညိုနိုင်ရန် အလို့ငှာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း၌ သံဂါယနာတင်နေသော ဓာတ်ပုံ, ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးက ဓမ္မပုစ္ဆက ဆောင်ရွက်နေပုံ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင် ဦးဝိစိတ္တသာရာဘိဝံသက ဓမ္မဝိသဇ္ဇက ဆောင်ရွက်နေပုံများကို ချိတ်ဆွဲ ထား သည့်အပြင် မြန်မာပြည် အရပ်ရပ်ရှိ မဟာစည် ကမ္မဋ္ဌာန်း ဌာနခွဲ ( ၂၀၉ ) ဌာန တို့မှ ပေးပို့ ရရှိသော ကမ္မဋ္ဌာနာစရိယ ဓာတ်ပုံများကိုပါ ကြည်ညိုဘွယ် ဖြစ်အောင် သပ်ယပ် ခန့်ညားစွာ ချိတ်ဆွဲ ထားရှိပါသည်။

## ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က (၂၇) နှစ်အတွင်း ဆောင်ရွက်ခဲ့ကြသော

# အမှုဆောင်ပုဂ္ဂိုလ်များ

| | |
|---|---|
| ဥက္ကဋ္ဌကြီးများ | သတိုးသီရိသုဓမ္မ ဆရာဦးသွင် |
| | စည်သူ ချုပ်သင်း ဦးဘတင် |
| | မြန်အောင် ဦးတင် |
| | ယိုးဒယား ဦးချစ်ဖေ |
| ဒုတိယ ဥက္ကဋ္ဌများ | မြန်မာ့အလင်း ဦးတင် |
| | ဘဏ် ဦးဘမောင် |
| | အငြိမ်းစား တရားဝန်ကြီး ဦးစန်မောင် |
| | မြန်အောင် ဦးတင် |
| | အငြိမ်းစား ဆရာဝန်ကြီး၊ ဦးဘသွင် |
| | အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီပု |
| | အငြိမ်းစား တရားမတရားသူကြီး ဦးသိန်းဟန် |
| အကျိုးဆောင် အတွင်းရေးမှူးများ | အမြတ်တော်မင်းကြီး ဦးစံသိန်း |
| | ဘဏ် ဦးမင်းဆွေ |
| | သီရိပျံချီ ဦးသန်းစိန် |
| | ဝဏ္ဏကျော်ထင် ဦးလှစိန် |
| | ဦးသိန်းအောင် |
| | ဦးညိုမောင် |
| | ဦးသိန်းမောင် |
| ဘဏ္ဍာရေးမှူးများ | ဦးအုံးဆိုင် |
| | အငြိမ်းစား တရားမတရားသူကြီး ဦးသိန်းဟန် |
| | အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီပု |
| | ဦးညိုမောင် |
| အကျိုးဆောင် စာရင်းစစ်များ | ငွေစာရင်းမင်းကြီး ဦးဘခင် |
| | ဝဏ္ဏကျော်ထင် ဦးရှိန် |
| | ဦးဝင်းသင် နှင့် အဖွဲ့ |
| | တိပိဋကဓရအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးအုန်းလှိုင် |



ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင် လူကြီးများ။

| | |
|---|---|
| အကျိုးဆောင် ဆရာဝန်ကြီး | ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးမြင့်ဆွေ |
| အကျိုးဆောင် ( ဆောက်လုပ်ရေး တာဝန်ခံ ) များ | မီးသတ်ညွှန်ကြားရေးဝန် ဦးလှကျော်<br>အင်ဂျင်နီယာ ဦးစိန်ဝမ်<br>အင်ဂျင်နီယာ ဦးဦးခိုင်<br>ဦးစိန်ဖေ။ |
| အကျိုးဆောင်၊ ယောဂီထောက်ပံ့ရေးနှင့် မဟာစည် ကျမ်းစာများ ပုံနှိပ်ရေး | မင်္ဂလာ ဦးအောင်မြင့် |
| အကျိုးဆောင် ၊ အထက် ဆွမ်းစားကျောင်း။ | ဒေါ်အေးကြည် |
| အကျိုးဆောင် ၊ အောက် ဆွမ်းစားကျောင်း။ | တော်တော်ကြီး<br>ဒေါ်ခင်ရီ ( ဗ • လ • စ )<br>ဦးညိုမောင်<br>စည်သူ ဦးညီပု<br>ဦးသိန်းမောင်<br>ဦးသိန်းဟန် |

No, 10

**လက်ရှိ အမှုဆောင် လူကြီးများ**

| | | |
|---|---|---|
| ၁ ・ | ယိုးဒယား ဦးချစ်ဖေ | ဥက္ကဋ္ဌကြီး |
| ၂ ・ | စည်သူ ဦးညီပု | ဒုတိယ ဥက္ကဋ္ဌ (၁) |
| ၃ ・ | ဦးသိန်းဟန် | ဒုတိယ ဥက္ကဋ္ဌ (၂) |
| ၄ ・ | ဦးသိန်းအောင် | အကျိုးဆောင် အတွင်းရေးမှူး (၁) |
| ၅ ・ | ဦးသိန်းမောင် | အကျိုးဆောင် အတွင်းရေးမှူး (၂) |
| ၆ ・ | ဦးအုန်းလွင် | အကျိုးဆောင် စာရင်းစစ် |
| ၇ ・ | ဒေါက်တာ ဦးမြင့်ဆွေ | အကျိုးဆောင် ဆရာဝန်ကြီး |
| ၈ ・ | ဦးစိန်ဖေ | အကျိုးဆောင် ဆောက်လုပ်ရေး တာဝန်ခံ |
| ၉ ・ | မင်္ဂလာ ဦးအောင်မြင့် | အကျိုးဆောင်၊ ယောဂီထောက်ပံ့ရေး-နှင့် ကျမ်းစာပုံနှိပ်ရေး |
| ၁၀ ・ | ဒေါ်အေးကြည် | အကျိုးဆောင်၊ ဆွမ်းစားကျောင်း |
| ၁၁ ・ | ဒေါက်တာ ဦးဘကလေး | အမှုဆောင် |
| ၁၂ ・ | ဦးလှဖေ | အမှုဆောင် |
| ၁၃ ・ | ဦးညိုမောင် | အမှုဆောင် |
| ၁၄ ・ | ဦးလေးမောင် | အမှုဆောင် |
| ၁၅ ・ | ဒေါ်ထားထား | အမှုဆောင် |

## ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဝင်များ

| | | |
|---|---|---|
| ၁ ・ | ရာသက်ပန် အဖွဲ့ဝင်ပေါင်း | ၁၉၇ ယောက် |
| ၂ ・ | သာမန် အဖွဲ့ဝင်ပေါင်း | ၈၅ ။ |
| ၃ ・ | ယောဂီထောက်ပံ့ရေး လစဉ် အလှူရှင်များ | ၈၈၂ ။ |

[ အမှာ ။ ။ ယောဂီထောက်ပံ့ရေး လစဉ် အလှူရှင်တို့ သည်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် အဖွဲ့ဝင်တို့ပင် ဖြစ်ကြပါသည်၊ စက္ကူ အခက်အခဲကြောင့် ဤနှစ် အစီရင်ခံစာ၌ အဖွဲ့ဝင် စာရင်းကို တဦးချင်း ဖော်မပြနိုင်သည်ကို ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။ ]

## ဤအစီရင်ခံစာ

ဤအစီရင်ခံစာသည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ (၂၇) နှစ် ခရီးတလျှောက် အကြောင်းအရာများ နှင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး ရန်ကုန်မြို့

သာသနာ့ရိပ်သာ၌ ဝိပဿနာတရား စတင် ပြသတော်မူသည်မှ ယခုနှစ် ( ၂၅ ) နှစ်မြောက် ငွေရတုသဘင် ကျင်းပသည် အထိ အကြောင်းအရာ တို့ကို အကျဉ်းချုံး၍ 'ငွေရတုသဘင် စာစောင်' ဟူသော အမည်နှင့် လိုက်လျောအောင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို နိုင်ငံတော် အစိုးရက လွှဲပြောင်းယူပြီး ( ၁၄ ) ကြိမ်မြောက် ကျင်းပသည့် နှစ်မှ စ၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ပြုစုတော်မူသော ပဋိပတ္တိ သာသနာတော် တခုဘည်းကိုသာ အားသွန် ခွန်စိုက် အလေးအမြတ်ပြုကာ ချီးမြှောက် ထောက်ပံ့ လာခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ကောင်းစွာခံယူ၍ နှစ်စဉ် ပြုလုပ်နေကျ ဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ နှင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ မွေးနေ့ အထိမ်းအမှတ်ပွဲကို တနှစ်ထက် တနှစ် ကြီးကျယ်မြင့်မားအောင် ပြုလုပ်နိုင်ခဲ့ပါသည်။

ကထိန်လျာ သင်္ကန်း ဆက်ကပ်ပွဲကြီးကိုလည်း နှစ်စဉ်မပျက် ကျင်းပ လာခဲ့ရာ တနှစ်ထက် တနှစ် တိုးတက် စည်ကားစွာ ကျင်းပနိုင်ခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ပြသတော် မူသည့် နှစ်လည် အထိမ်းအမှတ် ဩဝါဒခံယူပူဇော်ပွဲကိုလည်း နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့သည့်အပြင် တနှစ်ထက် တနှစ် တိုးတက် ကြီးကျယ် ခမ်းနားအောင် ကျင်းပနိုင်ခဲ့ပါသည်၊ ယခု ၁၃၃၆ ခုနှစ် ( ၂၅ )နှစ်မြောက် 'ငွေရတုသဘင် အထိမ်းအမှတ်' ဩဝါဒခံယူပူဇော်ပွဲကြီးမှာ အကြီးမားဆုံး ကျင်းပအပ်သော ပွဲကြီး ဖြစ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ( ၂၇ ) နှစ် အတွင်း ဆောင်ရွက်ခဲ့သော ကုသိုလ် အရပ်ရပ်ကို ဝမ်းမြောက် ရွှင်လန်းစွာ အမျှပေးဝေ၍ ဤအစီရင်ခံစာကို တင်ပြအပ်ပါသည်။

အကျိုးဆောင် အတွင်းရေးမှူးများ
အမှုဆောင်အဖွဲ့
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏

## ၁၉၇၃ – ၇၄ ခုနှစ်၊

# နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာ

နေ့စွဲ၊ ၁၀·၁၁·၇၄

ဥက္ကဋ္ဌကြီး အမှူးပြုသည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဝင် သူတော်စင် အပေါင်းတို့ ခင်ဗျား။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ၁၉၇၃·နှစ်· အောက်တိုဘာလ ( ၁ ) ရက်နေ့မှ ၁၉၇၄·ခု· စက်တင်ဘာလ ( ၃၀ ) ရက်နေ့အထိ တနှစ်အတွက် ငွေစာရင်းများကို စစ်ဆေးပြီး၍ ဥက္ကဋ္ဌကြီးနှင့်တကွ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဝင် သူတော်စင် အပေါင်းတို့ သိသာရန် အောက်ပါအတိုင်း တင်ပြ အစီရင်ခံအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ စာရင်းများကို စစ်ဆေးအစီရင်ခံရာ၌ အပိုင်း ( ၂ ) ပိုင်း ခွဲခြား၍ စစ်ဆေး အစီရင် ခံအပ်ပါသည်၊ ၎င်းတို့မှာ –

( ၁ ) ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး စောင့်ရှောက်မှု အောက်ရှိ ငွေစာရင်း ခေါင်းစဉ်များ အတွက် အစီရင်ခံခြင်း။

( ၂ ) ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး အောက်ရှိ သီးခြား ငွေစာရင်း ခေါင်းစဉ်များ အတွက် အစီရင်ခံခြင်း–တို့ဖြစ်ပါသည်။

### ( ၁ ) ဗုဒ္ဓသာသနာနုဂ္ဂဟ အချုပ်ကြီး စောင့်ရှောက်မှု အောက်ရှိ ငွေစာရင်း ခေါင်းစဉ်များ အတွက် အစီရင်ခံခြင်း

၁၉၇၃ - ၇၄ ခုနှစ် အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ စောင့်ရှောက်မှုအောက်ရှိ ငွေစာရင်း ခေါင်းစဉ် စာရင်းများကို အဖွဲ့ချုပ်ကြီး၏ နည်းဥပဒေ အပိုဒ် ( ၄ ) ( စ ) အရ

အဖွဲ့ချုပ်ကြီး၏ အကျိုးဆောင် စာရင်းစစ်သည် စစ်ဆေးပြီး၍ အဖွဲ့ချုပ်ကြီး၏ ( ၁၀ · ၁၁ · ၇၄ ) နေ့ လပတ် အစည်းအဝေး၌ တင်ပြ သဘောတူညီချက်ကို ရယူလျက် ဤနှစ်ပတ်လည် အစည်းအဝေးကြီးသို့ ပူးတွဲပါ ၁၉၇၄ · ခုနှစ် · စက်တင်ဘာလ ( ၃၀ ) ရက်နေ့ရှိ —

( ၁ ) ရသုံး ငွေစာရင်း ( အလံ ' က ' )
( ၂ ) လက်ကျန်ရှင်းတမ်း ( အလံ ' ခ ' )

တို့ကို တင်ပြ အစီရင်ခံအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ ငွေစာရင်းခေါင်းစဉ် အသီးသီးရှိ ရသုံး ငွေစာရင်းများကို အဖွဲ့၏ လခစား စာရင်းကိုင် ဝန်ထမ်းများ၏ ငွေစာရင်းစာအုပ်, အသေးသုံး ငွေစာရင်းစာအုပ်, အထွေထွေ စာရင်းပေါင်းချုပ် စာအုပ် နှင့် ဂျာနယ် စာရင်း စာအုပ်တို့၌ စာရင်းရေးသွင်းချက်များ မှန်မမှန်ကိုင်ရင်း— ငွေရ · ငွေသုံး သက်သေခံ တရားဝင် ပြေစာ အားလုံးရှိ မရှိ, မှန် မမှန်ကိုရင်း— စစ်ဆေးပြီး၍ မှန်ကန်ကြောင်း တွေ့ရှိရပါသည်၊ ရသမျှ ငွေများအားလုံး ဘဏ်သို့ သွင်း၍ ထုတ်ပေးသမျှကို ဘဏ်မှ ချက်များဖြင့် ထုတ်ပေးပါကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အထက်ပါ စာရင်းများတွင် ရေးမှတ်သည့် ငွေကြေးများ အထောက် အထားပြုရန် အတွက် အောက်ပါ စာရင်း စာအုပ်များကို ထားရှိရန်လည်း စီမံ ဖန်တီးထားရန် အဖွဲ့ကြီးအား အကြံဉာဏ်ပေးထားပါသည်။

( ၁ ) လစာ ပေးငွေများ အတွက် စာအုပ်

( ၂ ) ကြိုတင် ပေးငွေများအတွက် စာအုပ်

( ၃ ) ပေးရန်ရှိငွေ/ရရန် ရှိငွေများ အတွက် စာအုပ်

( ၄ ) သုံးစွဲသည့် ချက်လက်မှတ်များ စာရင်း စာအုပ်

( ၅ ) ၃ · လပတ် အတွက် သုံးစွဲရန် သတ်မှတ် ငွေထိန်းချုပ် စာရင်း စာအုပ်

( ၆ ) ခေါင်းစဉ်အလိုက် ဘဏ္ဍာရေး အသုံးစရိတ် ခွင့်ပြုငွေ အသီးသီး နှင့် သုံးစွဲငွေများ စာရင်း စာအုပ်

အထက်ပါ အဖွဲ့ကြီး၏ ရသုံးငွေ ခေါင်းစဉ် အသီးသီးတို့တွင် မဟာစည်ကျောင်းတော် ဆင်ဝင်ငွေစာရင်း ခေါင်းစဉ်တွင် အမှန်ရငွေမှာ ၉၇၂၃ ကျပ် ဖြစ်၍ အမှန်ကုန်ကျ ငွေမှာ ၁၄၇၂၃ ကျပ် ၅၀ ပြား ဖြစ်သည့်အတွက် လိုငွေကို အရိယာဝံသကျောင်း ငွေစရင်း ခေါင်းစဉ်အောက်မှ ခေါင်းစဉ်ပြောင်းရွှေ့ ယူထားသဖြင့် လက်ကျန်ရှင်းတမ်း ရရန် ပိုင်ခွင့်ဘက်တွင် ၅၁၀၀ ကျပ် ၅၀ ပြား ဖြစ်ပါသည်။

ထိုပြင် နှစ်ထပ် ကမ္မဋ္ဌာန်းကျောင်း ( သံဃာ၀ါသ ) ငွေစာရင်း ခေါင်းစဉ်တွင် အမှန်ရငွေမှာ ၁၆၇၂၉၉ ကျပ် ဖြစ်၍ အမှန်ကုန်ကျငွေမှာ ၁၅၅၀၅၉ ကျပ် ၀၅ ပြား ဖြစ်သည့်အတွက် ပိုငွေကို လက်ကျန် ရှင်းတမ်းပေးရန် တာ၀န်ဘက်တွင် ၁၂၂၃၉ ကျပ် ၉၅ ပြား ဖြစ်ပါသည်။

ထို့အပြင် မုခ်ဦးပြာသာဒ် ငွေစာရင်း ခေါင်းစဉ်တွင် အမှန်ရငွေမှာ ၃၀၉၂ ကျပ် ဖြစ်၍ အမှန်ကုန်ကျ ငွေမှာ ၁၂၀၆၁ ကျပ် ၉၀ ပြား ဖြစ်သည့်အတွက် လိုငွေကို အုတ်တံတိုင်း ငွေစာရင်း ခေါင်းစဉ်အောက်မှ ခေါင်းစဉ် ပြောင်းရွှေ့ပေးထားသဖြင့် လက်ကျန်ရှင်းတမ်း ရရန် ပိုင်ခွင့်ဘက်တွင် ဂ၁၆၉ ကျပ် ၉၀ ပြား ဖြစ်ပါသည်။

### ( ၂ ) ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကြီး စောင့်ရှောက်မှု အောက်ရှိ သီးခြား ငွေစာရင်း ခေါင်းစဉ်များအတွက် အစီရင်ခံခြင်း။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး၏ စောင့်ရှောက်မှု အောက်တွင် သီးခြား ငွေစာရင်း ခေါင်းစဉ် ( ၃ ) ခု ရှိပါသည်၊ ၎င်းတို့မှာ—

( ၁ ) ပဋိပတ္တိသာသနာပြု မဟာစည် ရန်ပုံငွေ စာရင်း

( ၂ ) ဦးနုသာသနာရေး အထွေထွေ ရန်ပုံငွေ စာရင်း

( ၃ ) ဆရာဦးသွင် အိမ်ထောင်စု ငွေပဒေသာပင် အလှူတော် ရန်ပုံငွေစာရင်း တို့ဖြစ်ပါသည်။

၎င်းတို့၏ ရသုံး ငွေစာရင်းများကို အောက်ပါအတိုင်း ဖော်ပြ အစီရင်ခံအပ်ပါသည်။

### ( ၁ ) ပဋိပတ္တိသာသနာပြု မဟာစည် ရန်ပုံငွေ စာရင်း

၎င်းငွေစာရင်း ခေါင်းစဉ် အောက် ၁၉၇၃ ‒ ၇၄ ‒ ခုနှစ် ငွေစာရင်း ရှင်းတမ်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ( က ) ဆောင်းရငွေ | ၅၅၀၀၂· | ၆၅ |
| ( ခ ) အကြွေးဆောင်းထားငွေ | ၃၈၁၈· | ၀၀ |
| ( ဂ ) စုစုပေါင်း ဆောင်းရငွေ | ၅၅၀၀၂· | ၆၅ |
| ( ဃ ) ဘဏ် လက်ကျန် | ၄၆၇၆၃· | ၈၈ |
| ( င ) ငွေသား လက်ကျန် | ၁၀၆၆· | ၆၅ |

### ဦးနု သာသနာရေး အထွေထွေ ရန်ပုံငွေ စာရင်း

၎င်းငွေစာရင်း ခေါင်းစဉ်အောက်၌ ၁၉၇၃ ‒ ၇၄ ‒ ခုနှစ် အတွင်း လုပ်ဆောင်မှု မရှိပါသဖြင့် ယခင်နှစ် ဂ ရှိခဲ့ ဂဂ၄၆ ကျပ် ၄၀ ပြား အတိုင်းသာ ရှိပါသည်။

## ဆရာဦးသွင် အိမ်ထောင်စု ငွေပဒေသာပင် အလှူတော် ရန်ပုံငွေစာရင်း

ငှင်းငွေစာရင်း ခေါင်းစဉ်အောက်မှ ဗုဒ္ဓသာသန နုဂ္ဂဟအဖွဲ့ချုပ်မှ အောက်ဖော်ပြပါ ရန်ပုံငွေများကို လစဉ်လှူဒါန်းလျက် ရှိသည်ကို တွေ့ရှိရပါသည်။

| | | | |
|---|---|---|---|
| (၁) | ယောဂီထောက်ပံ့ စောင့်ရှောက်ရေး ရန်ပုံငွေသို့လှူ | ၁၆၀ | ၀၀ |
| (၂) | လစဉ်ကြေး အလှူ | ၁၀ | ၀၀ |
| (၃) | သုခရိပ်သာ ဓမ္မရိပ်သာအ တွက် ဓာတ်အားခ စရိတ် | ၃၀ | ၀၀ |
| (၄) | ရိပ်သာဆေးခန်း ရန်ပုံငွေ | ၂၀၀ | ၀၀ |
| (၅) | သွင်ငွေပဒေသာပင် အထွေထွေ ရန်ပုံငွေ | ၅၀ | ၀၀ |
| | တလအတွင်း လစဉ် အလှူတော်ငွေ | ၄၅၀ | ၀၀ |
| | တနှစ်အတွက် အလှူတော်ငွေ ၄၅၀×၁၂ | ၅၄၀၀ | ၀၀ |
| (၆) | မင်းကွန်း ဓမ္မနာဒကျောင်းသို့ တနှစ် အတွက် | ၃၆၀၀ | ၀၀ |
| (၇) | မော်လမြိုင် ရွှေချက်သို့စေတီတော် နှင့် ဖလ်ယဉ်ဓမ္မာရုံ | ၃၀၀၀ | ၀၀ |
| (၈) | အထွေထွေစရိတ် | ၃၄၀ | ၀၀ |
| | တနှစ်အတွင်း အလှူတော် ငွေစုစုပေါင်း | ၁၂၃၄၀ | ၀၀ |

ငှင်းအတွက် ရသုံး ငွေစာရင်းကို အလံ 'ဂ' ဖြင့်၎င်း၊ လက်ကျန်ရှင်းတမ်းကို အလံ 'ဃ' ဖြင့်၎င်း၊ ပူးတွဲ တင်ပြအပ်ပါသည်။

စာရင်းများနှင့် ပတ်သက်၍ မေးမြန်းလိုပါက အချိန်မရွေး ဖြေရှင်းရန် အသင့်ရှိ ပါကြောင်း အစီရင်ခံအပ်ပါသည်။

( အုန်းလွင် )
အကျိုးဆောင်စာရင်းစစ်
ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် · သာသနာ့ရိပ်သာ

## ၁၉၇၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ရန်ပုံငွေ လက်ကျန်ရှင်းတမ်း

| ပေးရန် တာဝန် | ကျပ် | ပြား | ကျပ် | ပြား |
|---|---|---|---|---|
| ဝါဆိုသင်္ကန်း နှင့် မွေးနေ့ | ၂၃၃၇၀ | ၅၀ | | |
| ရိပ်သာ ဘုံကထိန် | ၂၂၆၀၀ | ၉၀ | | |
| ယောဂီထောက်ပံ့ရေး | ၄၂၅၃၉ | ၄၃ | | |
| ရိပ်သာ ဆေးခန်း | ၃၁၀ | ၄၇ | | |
| သွင်ငွေပဒေသာ အထွေထွေ | ၅၆၅၀ | ၀၅ | | |
| စင်္ကြံလမ်း | ၁၀၅၀ | ၀၂ | | |
| လမ္ဗကြီး | ၀၄၇၂ | ၁၀ | | |
| သီးခြား ယောဂီဇရပ် | ၂၂၀ | ၀၀ | | |
| အုတ်တံတိုင်း | ၁၁၃၁၂ | ၀၀ | | |
| ဓလ်ယဉ်ဓမ္မာရုံ | ၄၇၆၆ | ၃၅ | | |
| ဆရာတော်ဘုရား ရုပ်တု | ၂၀၃၁၃ | ၁၅ | | |
| အခွဲကြီး အထွေထွေ | ၁၁၉၉ | ၃၀ | | |
| နှစ်ထပ် (သံဃာဝါသ) ကျောင်း | ၁၂၂၃၉ | ၉၅ | | |
| ယောဂီအမျိုးသမီးကြီးကျောင်း | ၃၂၀၄၉ | ၀၀ | | |
| ပူဇော်ပွဲ | ၇၃၃၉ | ၇၀ | ၁၉၄၂၅၇ | ၀၁ |
| မဟာစည်ဆရာတော် အတ္ထုပ္ပတ္တိ | | | ၅၀ | ၀၀ |
| | | | ၁၉၄၃၀၇ | ၀၁ |

| ရရန် ပိုင်ခွင့် | ကျပ် | ပြား | ကျပ် | ပြား |
|---|---|---|---|---|
| အီးအက်စ်ဘီ ဒီဘင်ချာဝယ်ငွေ | | | ၂၀၀၀ | ၀၀ |
| ငွေစာရင်းသေ အပ်ငွေ | ၁၅၀၀၀ | ၀၀ | | |
| ငွေစုဘဏ် အပ်ငွေ | ၁၁၆၀၀ | ၄၅ | ၂၆၆၀၀ | ၄၅ |
| မြေကွက် | | | ၇၅၀၀ | ၀၀ |
| အဖွဲ့သုံးပစ္စည်း | ၅၇၀၆ | ၁၀ | | |
| မီးဖိုသုံးပစ္စည်း | ၆၉ | ၆၅ | ၅၇၇၅ | ၇၅ |
| ပရိဘောဂစာရင်း | | | ၂၆၀၀ | ၀၀ |
| ကြိုတင်ပေး အသုံးစရိတ် | | | | |
| ၁။ တယ်လီဖုံး (ပေါ်) | | | ၁၀၀ | ၀၀ |
| ၂။ မီးမီတာ | | | | |
| (က) ရိပ်သာတွင်းသုံး | ၂၀၀၀ | ၀၀ | | |
| (ခ) ဆွမ်းစားကျောင်း | ၁၅၀ | ၀၀ | | |
| (ဂ) မဟာစည်ကျောင်း | ၄၀၀ | ၀၀ | ၂၅၅၀ | ၀၀ |

11

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | အဖွဲ့ကြီးမှကြိုတင်စိုက်သုံးငွေ | | | | |
| | | | | | ၁။ သီးခြားယောဂီ စောင့်ရှောက်ရေး။ | ၄၃၈၂ | ၃၂ | | |
| | | | | | ၂။ ရေဖူလုံရေး | ၄၁၉ | ၂၅ | | |
| | | | | | ၃။ မဟာစည်ကျောင်းဆင်ဝင် | ၅၁၀၀ | ၅၀ | | |
